မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၇၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်လျှင်

ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်ကြရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာကျော် သုံးရာကတည်းက အမြစ်တွယ်ခဲ့လို့ ရင့်ကျက်ပြီးဖြစ်နေတဲ့ ဒီမိုကရေစီမျိုးကို ချက်ချင်းရနိုင်မှာ မဟုတ်တဲ့အတွက် အစစအရာရာ ဆင်ခြင်တုံတရားရှိကြဖို့လိုတယ်။ ယနေ့မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ ပျိုးထောင်ဆဲအဆင့်သာရှိသေးပြီး စိတ်ရှည်ရှည်နဲ့ ဆက်လက်ပြုစုစောင့်ရှောက်ဖို့ လိုဦးမှာဖြစ်တယ်။ ခရေတွင်းတူး ခရေကြည်သောက်လို့ မရနိုင်တာကို နားလည်ပြီး တဖြည်းဖြည်း ရင့်ကျက်လာအောင် အေးချမ်းတည်ငြိမ်စွာ ဝိုင်းဝန်းတည်ဆောက်သွားကြရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၄)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ -

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၁

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃) ဦး ရှိသည့်အနက် (၄၃၁) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် *စာမျက်နှာ ၄ ကော်လံ ၁* ✳

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပစဉ်။
(သတင်းစဉ်)

22-3 (01).pmd 1 3/22/2011, 3:49 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မတ် ၂၂ ရက်)

လမ်း၊ တံတားများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

လမ်းပန်းဆက်သွယ်ရေးသည် ဒေသတစ်ခု၊ နယ်မြေတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လိုအပ်ချက်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် ကားလမ်းမကြီးများ၊ ရထားလမ်းများ၊ တံတားများကို ကွန်ရက်သဖွယ်လက်ယှက်ထိုး ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။ လမ်း၊ တံတားများ၏ ကျေးဇူးကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ နိုင်ငံတစ်ဝန်း လွယ်လင့်တကူ သွားလာနိုင်ကြကာ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများသည်လည်း ပိုမိုချောမွေ့လာခဲ့ပြီဖြစ်သည်။

ယခုအခါ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို ဆက်သွယ်ထားသည့် မိုင်းကိုင်မြို့နယ် ပန်ကေတု-သီပေါလမ်းပေါ်ရှိ ဆားတောတံတားကို မတ်လ ၁၆ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါတံတားကို ဆားတောချောင်းကိုဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

ဆားတောတံတားသည် အရှည်ပေ ၃၆၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိသည်။ တံတားအောက်ခြေသည် ကိုးပေအချင်းရှိ သံကူကွန်ကရစ်ရေတွင်းခွေနှင့် လေးပေအချင်းရှိ အုတ်မြစ်အမျိုးအစားဖြစ်သည်။ တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်သည် တန် ၆၀ ဖြစ်သည်။ အဆိုပါတံတားမှာ ပေ ၁၈၀နှင့်အထက် ၂၆၂ စင်းမြောက်တံတားဖြစ်သည်။

ဆားတောတံတားသည် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် လွိုင်လင်-ပန်ကေတု-သီပေါလမ်းတွင် ရှိသဖြင့် လမ်းခရီးရှိ ဒေသခံကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုချောမွေ့လာမည်ဖြစ်သည်။ ဒေသခံပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ကူးလူးဆက်သွယ်မှုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် တံတားကြီး၏ကျေးဇူးကြောင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုများ ပိုမိုတိုးပွားလာမည်ဖြစ်သည်။

ယနေ့အချိန်တွင် ပြည်ထောင်စုတစ်ဝန်း အရှေ့အနောက်၊ တောင်မြောက်လမ်းမကြီးများ၊ ရထားလမ်းများ၊ မြစ်ကူးချောင်းကူးတံတားကြီးငယ်များစွာ ဆက်သွယ်ယှက်နွယ်လျက် ပေါ်ထွန်းနေပြီဖြစ်သဖြင့် ဒေသခံပြည်သူများသည် ထိုအခြေခံအဆောက်အအုံကောင်းများကို မိမိဒေသအကျိုးစီးပွားအတွက် အကျိုးရှိစွာအသုံးချပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၂-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ မျိုးချစ်တပ်မတော်
၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၃၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅ ၉။ အင်္ဂလိပ်စာသုတ
၄:၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၁၁။ ရန်သူမီး
၅:၁၀ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း -၂၆)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၆။ ဘောလုံးဟာသနှင့် ဂန္ထဝင်ကိုး (၅၀၀)
၆:၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၄)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဦးတည်ချက်(၁၂)ရပ်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ဟာသရုပ်စုံ
၂၅။ မွေးမြူသုတ
၂၆။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ
၂၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း -၁၆)
၂၉။ **Mini Series**

ဗန်းမော်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၁

ဗန်းမော်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒဂုံမြို့နယ် ရွှေတိဂုံဘုရား တောင်ဘက်မုခ် ကျောက်စိမ်းတွင်း ဓမ္မာရုံသစ်ကြီး၌ မတ် ၂၆ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်အသင်းမဝင်ရသေးသူများ၊ ဗန်းမော်ခရိုင်သူ ခရိုင်သားများအားလုံး တက်ရောက်ကြပြီး သက်ကြီးပူဇော်ပွဲအတွက် အသက် (၇၅)နှစ်နှင့်အထက် အဘိုးအဘွားများကိုယ်တိုင် တက်ရောက်အပူဇော်ခံရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းသူ အသင်းသားများ၏ သားသမီးများ အမည်စာရင်းကို အမှတ်စာရင်းနှင့်အတူ ဥက္ကဋ္ဌ ဦးစိန်မောင်၊ ဖုန်း-၅၄၃၃၀၄၊ ၀၉-၅၁၀၆၉၀၇၊ အတွင်းရေးမှူး ဦးတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၅၅၂၊ အတွင်းရေးမှူး(၁) ဦးမျိုးတင့် ဖုန်း-၀၉-၅၀၀၇၂၇၄၊ အတွင်းရေးမှူး(၂) ဦးခင်မောင်သင်း ဖုန်း-၀၉-၅၁၈၇၅၂၃၊ ၆၆၂၅၂၈၊ စည်းရုံးရေးမှူး ဦးစန်းအောင် ဖုန်း-၀၉-၅၁၄၄၇၇၅၊ ၀၁-၅၄၆၃၃၅၊ ဘဏ္ဍာရေးမှူး ဒေါ်ရီရီဝေ ဖုန်း-၀၉-၅၀၀၄၃၃၉ တို့ထံသို့ ဆက်သွယ်ပေးပို့ကြရန် ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

စစ်ကိုင်းမြို့နယ် ရွှေမင်းဝံစက်မှုဇုန်နှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဆက်သွယ်သည့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသူရိန်ဝင်းနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရှာ စာကြည့်တိုက် သာယာဝတီ၌ဖွင့်

သာယာဝတီမြို့နယ် အင်းရွာဘူတာစုကျေးရွာ၌ ပညာရှာ စာကြည့်တိုက်ဖွင့်ပွဲ၊ အလှူငွေနှင့် စာအုပ်စာစောင် ပရိဘောဂလှူဒါန်းပွဲကို မတ် ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်၊ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဟန်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြဝင်းက အလှူငွေကျပ်တစ်သိန်း၊ ဦးစီးအရာရှိ ဦးဝင်းတင်နှင့် အလှူရှင်များက စာအုပ် စာစောင်နှင့် စားပွဲတစ်လုံး၊ တန်းလျားတစ်လုံး၊ စာအုပ်စင် တစ်ခု၊ မှန်ဗီရိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများက စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၃ သိန်း စုစုပေါင်း ငွေကျပ် ၂၃ သိန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး သွပ်မိုး၊ သမံတလင်းခင်းနှင့် အုတ်ကာ (၂၄×၁၄)ပေ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂၁

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၁၇ရက်က ပြည်မြို့ အောင်ဆန်းပြည်သာယာရပ်ကွက်နေ ဦးမြဝင်း-မြဝင်း(ဒသသန) ပါမောက္ခချုပ်(ငြိမ်း) ပြည်တက္ကသိုလ်-ဒေါ်ပြုံးခင် အလယ်တန်းပြ(ငြိမ်း) အထက(၁) ပြည်မိသားစုက တန်ဖိုးငွေကျပ် ၁၇၀၀၀၀ရှိ စာအုပ်စာစောင်များကို လှူဒါန်းရာ ပြည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းတင့် လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

စလင်းမြို့၌ စာကြည့်တိုက်သစ်ဖွင့်

မင်းဘူးခရိုင် စလင်းမြို့နယ် ရိုးကုန်းကျေးရွာအုပ်စု၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူး ဒုတိယရဲမှူး လှထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ဦးနှင့် ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးပန်းတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ဦးက စာကြည့်တိုက်များဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရေရှည်ခိုင်မာရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ ဦးဝင်း(ဓာတ်ပုံ-၂)က စာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ အခန်းကဏ္ဍကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီဝင် အမက ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က စာတတ်သူတိုင်းစာဖတ်ရေး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

ထို့ကြောင့်.... ဤသို့ တပ်မတော်ကို ပြည်သူတို့က ကျေးဇူးတင်နေကြပါသည်

မောင်ဝံသာနု

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့တွင် တိုင်းဆူ ပြည်ဖျက် ဆူပူမှု၊ ပြည်ပအင်အားကြီးနိုင်ငံတစ်ခုမှ ရေတပ်ကြီးက မြန်မာ့ပင်လယ် ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်ကာ မြန်မာ့အချုပ်အခြာအာဏာနှင့် ပြည်ထောင်စုနိုင်ငံတော်ကြီး၏ လုံခြုံရေးကို ခြိမ်းခြောက်လာမှု၊ နိုင်ငံရေး တောကြောင်များက ကိုယ်ကျိုးအတွက် အချုပ်အခြာအာဏာကို လုယက်ယူရန် ကြံစည်မှု၊ ဖောက်သည်တောကြောင်များက ပြည်သူပိုင်၊ နိုင်ငံပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင် ဂိုဒေါင်များဖောက်၊ သိုလှောင်ခန်းများဖွင့်ပြီး ပစ္စည်းဥစ္စာမှန်သမျှ လုယက်သယ်ယူမှု၊ မြန်မာအချင်းချင်း ခေါင်းဖြတ်သတ်မှု၊ သံချိုင်းများမှ အုတ်ဂူများမကျန် ဖြိုဖျက်ပြီး ဂူသံချိုင်းမှ အုတ်များခွာယူရောင်းစားမှု စသည့် အနိဋ္ဌာရုံများ၊ နိုင်ငံတော်တစ်ဝန်း ထိန်းမနိုင်သိမ်းမရ မင်းမဲ့တိုင်းပြည်ပမာ ဖြစ်လာမှုတို့ကြောင့် ပြည်သူတို့ ကျီးလန့်စာစားဖြစ်ရသဖြင့် တပ်မတော်က နိုင်ငံတော်ကို မလွှဲမရှောင်သာ ဝင်ထိန်းပေးခဲ့ရသည်။ ပြည်တွင်း ပြည်ပမှရရှိသည့် သပိတ်ရန်ပုံငွေများဖြင့် သပိတ်ခေါင်းဆောင်များ ပျော်တပြုံးပြုံးမော်မဆုံး၊ စားလိုက်၊ သောက်လိုက်၊ ဆူပူမှုတိုးချဲ့လိုက်၊ အစိုးရဝန်ထမ်းများ သပိတ်မမှောက် မှောက်အောင် ဝိုင်းညှပ်ဖိအားပေးလိုက်ဖြင့် အစိုးရယန္တရားများလည်း ရပ်တန့်သွားခဲ့သည်။ ပြည်သူတို့ အိမ်ထဲမှ အိမ်ပြင် မထွက်ဝံ့၊ ဆူပူရာ၌ အကြောင်းအမျိုးမျိုးဖြင့် ပါဝင်သူများသာ အိမ်ပြင်ထွက်၊ လမ်းပေါ်တက်နိုင်ကြသည်။ ကျန်ပြည်သူများကား အိမ်ထဲမှာပင် စိတ်ဆင်းရဲစွာ ကုပ်နေခဲ့ကြရသည်။ နောက်ဆုံးတွင် မြို့ပေါင်းများစွာ၌ သပိတ်ခေါင်းဆောင်ဆိုသူများ၏ တရားမဲ့ပြုကျင့်မှုကို မခံနိုင်သည့် ပြည်သူများနှင့် ထိပ်တိုက်တွေ့နေကြသည့် အဆင့် ရောက်ခဲ့လေသောကြောင့် တပ်မတော်က ဝင်ထိန်းပေးခဲ့ရသည်ကို မြန်မာစစ်စစ်တို့က သဘောပေါက်ကြသည်။

နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိစွာဖြင့် အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ ရပ်ပြီး ကာကွယ်ပေးခဲ့သည့် တပ်မတော်၏ အစဉ်အလာ၊ ပြည်ထောင်စု ပြိုကွဲလုလု အခြေစိုက်တိုင်း၊ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီး အခြေစိုက်တိုင်း ကာကွယ်စောင့်ရှောက်ပေးခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံး သိကြသည်။

ဒုတိယကမ္ဘာစစ်ပြီးစ မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်စိုးမိုးသော အင်္ဂလိပ်စစ်ပြေးအစိုးရသည် မြန်မာတို့က ဖက်ဆစ်များကို စည်းလုံးညီညွတ်စွာ တော်လှန်တိုက်ထုတ်ခဲ့ပုံ၊ လွတ်လပ်ရေးပြန်ရရန် မမေ့မလျော့၊ တက်ကြွထက်မြက်စွာ ကြိုးပမ်းပုံများကို သိနေသဖြင့် မြန်မာတို့အားနည်းစေရန်၊ အမျိုးသားရေး ကိုယ်ခံအားချည့်နဲ့စေရန် အမြဲတစေ ဆင်ကြံ ကြံခဲ့သည်။ ကမ္ဘာစစ်ပွဲကြီး အစပိုင်းမှာပင် အင်္ဂလိပ်နယ်ချဲ့တပ်များကို တိုက်ထုတ်၊ ကမ္ဘာစစ်ကြီးနှောင်းပိုင်း ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်ခဲ့သည့် မြန်မာ့မျိုးချစ်တပ်မတော်ကို အင်အား လျှော့ချစေခဲ့သည်။ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့တွင် အင်္ဂလိပ်တို့က မြန်မာ ခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး မြန်မာ့တပ်မတော်ကို အရာရှိ (၂၀၀)၊ တပ်သား (၅၀၀၀)သာ ထားရမည်ဟု လက်ျာ-ဖရီးမင်းစာချုပ်ဖြင့် ချည့်နဲ့ ဆုတ်ယုတ်စေခဲ့သည်။

ရှင်နည်းရာအဂ္ဂလူထွက်ဆိုသကဲ့သို့ မြန်မာ့တပ်မတော်အင်အား အလွန် လျော့နည်းသွားချိန် တပ်မတော်တပ်ရင်းမှူး(ကွန်မြူနစ်အစွဲကြီးသူ)တို့က မိမိတို့ တပ်များကိုပါ ခေါ်ထုတ်တောခိုသွားကြသည်။ တောခိုဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) နှင့် ပေါင်းမိကြသည်။ ထိုအချိန် အလံနီကွန်မြူနစ်၊ အလံဖြူ(ဗကပ) ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်ကွန်မြူနစ်(ရဲဘော်ဖြူ)၊ အနောက်က ပံ့ပိုးသွေးထိုးပေးသဖြင့် ခွဲထွက်ရေးအတွက် ပုန်ကန်နေသည့် ကေအင်န်ဒီအို (ကရင်သောင်းကျန်းသူ)၊ အမ်အင်န်ဒီအို (မွန်သောင်းကျန်းသူ)၊ ဘူးသီးတောင်၊ မောင်တောဘက်သို့ ခိုးဝင်အခြေချပြီး ပြည်နယ်ရရှိရေး၊ ခွဲထွက်ရေးမူဂျာဟစ် (ကုလားသောင်းကျန်းသူ)၊ တရုတ်ပြည်မှ မော်စီတုန်းတို့၏ကွန်မြူနစ်တပ်နီများကိုရှုံးပြီး ထွက်ပြေးလာသော ချန်ကေရှိတ်၏ တရုတ်အမျိုးသား အစိုးရတပ်ပြေး ကေအမ်တီ (တရုတ်ဖြူကျူးကျော်သူ) များက အင်နှင့်အားနှင့် လွတ်လပ်ရေးရခါစ မြန်မာ အစိုးရကို ပုန်ကန်ခဲ့ကြ၊ ကျူးကျော်ခဲ့ကြသည်။

တပ်မတော်က အင်အားနည်း၊ သောင်းကျန်းသူများက အင်အားများသဖြင့် မြို့ရွာနယ်ပယ်များစွာကို သောင်းကျန်းသူများက ခွဲတမ်းချသိမ်းပိုက်ခဲ့သည်။ အင်းစိန်ကိုပင် ကေအင်န်ဒီအို(စောဘဦးကြီးဦးဆောင်သော ကရင်သောင်းကျန်းသူများက) သိမ်းပိုက်ကာ ရန်ကုန်ကို သိမ်းရန်တိုက်နေပေပြီ။ ဗကပကွန်မြူနစ်များကလည်း ရန်ကုန်ကို ဦးစွာသိမ်းရန် ချီတက်လာနေကြသည်။ ဖဆပလ အစိုးရ ပြေးပေါက်ရှာနေပေပြီ။ ထိုအချိန် တပ်မတော်ဦးစီးချုပ်က အင်အားနည်းသော်လည်း စစ်ရည်စစ်သွေးကောင်းကိုအားပြုပြီး ရန်ကုန်အစိုးရ (ဖဆပလ)ကို အာဏာသက် ပြန်ဆက်ပေးသည်အထိ တိုက်ခိုက်ခဲ့သည်။ မြို့များအားလုံးကို တပ်မတော်က ပြန်သိမ်းပေးခဲ့သည်။ ယင်းသို့ သောင်းကျန်းမှု နှိမ်နင်းရာ၌ ပြည်သူလူထုက တပ်မတော်နှင့်အတူ လက်တွဲပါဝင်ခဲ့ကြပေသည်။ ၁၉၄၉ ခုနှစ် ရန်ကုန်အစိုးရဘဝမှ ဖဆပလကို ပြည်ထောင်စုအစိုးရပြန်ဖြစ်အောင် တပ်မတော်က ရန်ပုံခွင်းတိုက်ခိုက်ခဲ့ရသည်။ ပြည်ထောင်စုကြီး ပြိုကွဲလုလု၊ လွတ်လပ်ရေးဆုံးရှုံးလုလု အခြေအနေ၊ ဖဆပလ ဝန်ကြီးချုပ်ဦးနု၏ စကား အသုံးအနှုန်းအရ တိုင်းပြည်ချောက်ထဲကျရန် လက်တစ်လုံးအလို အခြေအနေကို တပ်မတော်က ဝင်ထိန်းပေးခဲ့ရပေသည်။ ထိုသို့သာ တပ်မတော်က ဝင်မပါဘဲ တပ်ထဲမှာပင် အေးအေးဆေးဆေးနေကြည့်လိုက်လျှင် မြန်မာ့လွတ်လပ်ရေးသည် ဖန်ခွက်တစ်လုံး သမံတလင်းပေါ် ပေါက်ခွဲသည်ထက်ပင် အကွဲမြန်ပေမည်။ သူ့ကျွန်ဘဝသို့ လွယ်လွယ်ပြန်ရောက်သွားနိုင်သည်။ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာ့လွတ်လပ်ရေး တစ်နှစ်အတွင်းရစေမည်ဟု ကတိပြုကာ အရယူပေးခဲ့သည်။ ဖဆပလဝန်ကြီးချုပ် ဦးနုလက်ထက်တွင်မူ တစ်နှစ်အတွင်း လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးနိုင်ခြေရှိခဲ့သည်ဟု ဆိုရပေမည်။ လွတ်လပ်ရေးကြိုးပမ်းရာ၌ တိုင်းရင်းသားပြည်သူများပါဝင်ခဲ့ကြသလို လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ပြည်သူတို့က တပ်မတော်နှင့် လက်တွဲပါဝင်ခဲ့ကြပေသည်။

လွတ်လပ်ရေးကြိုးပမ်းစဉ်က အမျိုးသားနိုင်ငံရေးအသိ ကိုယ်စီဖြင့် လွတ်လပ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ဖြင့် ညီညီညာညာကြိုးပမ်းခဲ့သည်။ လွတ်လပ်ရေးရလုနီးအချိန်မှစ၍ ကွန်မြူနစ် အဖြူ၊ အနီ၊ အပြာ၊ ပန်းရောင်၊ စပ်ကြားမျိုးစုံ၊ လက်ဝဲဆိုရှယ်လစ်မျိုးစုံ၊ လက်ယာဆိုရှယ်လစ်မျိုးစုံ၊ ဒီမိုကရက် တစ်စုံ၊ လစ်ဘရယ်အထွေထွေ၊ ကွန်ဆာဗေးတစ်အဖုံဖုံတို့ ကွဲပြားကာ အချင်းချင်း တိုက်ခိုက်၊ အာဏာလုရင်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြီးဖြစ်ခဲ့သည်။ ထိုပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဒဏ်ကြောင့် ပြည်သူသိန်းသန်းချီသေခဲ့ရသည်။ တိုင်းပြည်မပျက်မချင်း အာဏာလုကြ၊ အချင်းချင်းသတ်ကြ၊ ပြည်သူကို ဒုက္ခပေးကြ၊ တကယ်တမ်း မရှုနိုင်မကယ်နိုင်ဖြစ်ပြီ၊ တိုင်းပြည်ပျက်လုပြီ ဆိုသည်နှင့် နိုင်ငံရေးသမားများက ဖုတ်ဖက်ခါထပြီး ဘေးထွက်ထိုင်သွားကြသည်။ အခြေအနေပေးလျှင် ပြန်ထလာကြသည်။ တပ်မတော်ကသာ လှေကွဲကြီးဝင်လှော်ပြီး ကမ်းရောက်အောင်ပို့ပေးရသည်။ တပ်မတော်သာ ဝင်မပါခဲ့လျှင် မြန်မာနိုင်ငံကို ပြန်လည်ဆုပ်ကိုင် ခြယ်လှယ်စိုးမိုးလိုသော နယ်ချဲ့များအတွက် အခွင့်ကောင်းရသွားပေမည်။ ၄င်းတို့ ပါးစပ်ပေါက်နား ရောက်လာသော ထမင်းလုတ်ကို တပ်မတော်က ပုတ်ချလိုက်သလိုဖြစ်သွား၍ တပ်မတော်အပေါ် နယ်ချဲ့တို့က မျက်ထောင့်နီကြီးနှင့် ကြည့်လာကြသည်။ နိုင်ငံတော်အာဏာကို ဖြတ်လမ်းမှ အချောင်ဆွဲယူလိုသည့် နိုင်ငံရေးလုပ်စားသူ (Professional Politicians) များအဖို့လည်း တပ်မတော်သည် နိုင်ငံတော် အာဏာတည်းဟူသော မန္တျူသကနတ်ပန်းစောင့် ကုမ္ဘဏ်ယက္ခများ ဖြစ်သွားရပေသည်။ ပြည်သူတို့ကမူ တပ်မတော်ကို သာစုသုံးကြိမ် ခေါ်ကြပေသည်။

တပ်မတော်က အာဏာဆက်ပေး၍သာ အာဏာတည်မြဲခဲ့ရသော ဖဆပလသည် လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် နှစ်ခြမ်း ကွဲပြန်သည်။ စောစောကလည်း ဖဆပလမှ ကွဲအက်၊ ခွဲထွက်သွားသည့် လူထု လူတန်းစားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်စုများရှိခဲ့သည်။ ဖဆပလကြီး တည်မြဲ၊ သန့်ရှင်းကွဲပြီး ရန်စောင်၊ အားပြိုင်၊ အာဏာလုကြရာ၌ ဟိုဘက်သည်ဘက် လူသူလက်နက်စုဆောင်း စစ်ဖြစ်လာကြသဖြင့် ၁၉၅၈ ခုနှစ် အောက်တိုဘာလ (၂၈) ရက်နေ့တွင် တပ်မတော်က ဝင်ထိန်းပေးရပြန်၏။ တပ်မတော်အိမ်စောင့် အစိုးရက နိုင်ငံတည်ငြိမ်အောင် အားထုတ်ဆောင်ရွက်ပြီး ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ရွေးကောက်ပွဲ ကျင်းပပေးသည်။ အနိုင်ရရှိသော ဦးနု၏ သန့်ရှင်းဖဆပလလက်သို့ ၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် နိုင်ငံတော် အာဏာလွှဲအပ်ပေးခဲ့သည်။ ဤသို့သာ တပ်မတော်က ဝင်ထိန်းမပေးလျှင် အထောက်တော် အုန်းမြင့်၏ သတင်းဆောင်းပါးခေါင်းစဉ်ပါ 'ခက်ဖွယ်ရယ် ကြုံပါတယ်၊ လက်နက်ကယ်စုံအညီနဲ့' ဆိုသည့်အတိုင်း ဖဆပလအကွဲချင်း မြေပေါ်မှာ သွေးချောင်းစီးပွဲ၊ စစ်ခင်းပွဲကြီး ကြုံရနိုင်သည်။ ဤသို့ဖြင့် နိုင်ငံပျက်သွားနိုင်သည်။ လွတ်လပ်ရေး ဆုံးရှုံးနိုင်သည်။ နယ်ချဲ့ပါးစပ်ပေါက်ထဲ ပြည်ထောင်စုကြီး ထိုးခွံ့သလို ဖြစ်သွားမည်။ တပ်ကဝင်ရှုပ်ပြန်ပြီဟု နယ်ချဲ့တို့ အံကြိတ်ရသည့်ဖြစ်ရပ်ဟု ဆိုရပေမည်။ ပြည်သူတို့ကတော့ ကျေးဇူးတင်ကြပါသည်။

သန့်ရှင်းဖဆပလအစိုးရသည် ပြည်ထောင်စုအဖွဲ့ချုပ် (ပထစ) အစိုးရဟု နာမည်ပြောင်း အုပ်ချုပ်သည်။ ပထစအတွင်း ဦးအုပ်စု၊ ဗိုလ်အုပ်စု၊ သခင်အုပ်စု ကွဲသည်။ ဘာသာရေးခုတုံးလုပ် မဲဆွယ်မိသော ဦးနု၏ ပထစအစိုးရသည် ဘာသာရေးပြဿနာ၊ အဓိကရုဏ်း၊ ဆန္ဒပြဆူပူမှုများဖြင့် လုံးလည်ချာလည် လိုက်ခဲ့သည်။ ဤမျှ ချည့်နဲ့အားပျော့နေသည့် ဦးနု၏ ပထစအစိုးရသည် ရှစ်ပြည်နယ်မူ၊ ဖက်ဒရယ်မူသမားများ၏ ပြည်ထောင်စုကြီး ရှစ်စိတ်ကွဲရေး၊ ခွဲထွက်မည့်အစိတ်ပေါင်းများစွာက နယ်ချဲ့စစ်အုပ်စု(ဆီးတိုး)ထဲဝင်ကြမည့် အရေးတို့ ပေါ်ပေါက်လာသည်။ ထို့ကြောင့် ပြည်ထောင်စုပြိုကွဲမခံနိုင်သော တပ်မတော်က နိုင်ငံကို ထိန်းသိမ်းယူရပြန်သည်။ ဤပွဲကား ဆီးတိုးစစ်အုပ်စုကြီးဖြင့် အာရှကို စစ်ရေးလွှမ်းမိုးလိုသော အနောက်အုပ်စုအဖို့ အထိနာဆုံးပွဲဖြစ်သည်။ ထို့ကြောင့် မြန်မာ့တပ်မတော်ကို ဒေါသဖြစ်ရပြန်သည်။ ပြည်ထောင်စု ရှစ်စိတ်ကွဲ၊ နယ်ချဲ့စစ်အုပ်စု ဗိုလ်ကျစိုးမိုးခံရမည့်ဘေးမှ လွတ်ရသဖြင့် ပြည်သူတို့က တပ်မတော်ကို ကျေးဇူးတင်ကြရပြန်ပါသည်။

၁၉၆၂ မှ ၁၉၈၈ ခုနှစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှယ်လစ်တည်ဆောက်ရေးကို ကြိုးပမ်းခဲ့ကြသည်။ အပေါင်းလက္ခဏာများရရှိသလို၊ အနုတ်လက္ခဏာများလည်း ရှိခဲ့ပါသည်။ မည်သို့ဆိုစေ ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှယ်လစ်ဝါဒ အာသာပြေတန်သရွေ့ ပြေခဲ့ပါသည်။ သို့သော် ၁၉၈၈ခုနှစ် ရှစ်လေးလုံးဆိုသည်ကား ရှစ်ဂဏန်းလေးလုံး ၈-၈-၈၈ ကို ဂငယ်လေးခုအဖြစ် အနောက်နယ်ချဲ့အသံလွှင့်ဘီဘီစီက မြင်ကြည့်ကာ-ဂငယ်လေးခု-ပြည်ထောင်စု ထု၊ ဥဿုစ်သီးလေးလုံးဆိုင်ထုရာတွင် လေးလုံးစလုံးကွဲသည့်ကိန်းကိုဆောင်ပြီး ရှစ်လေးလုံးအရေးတော်ပုံဟု နာမည်ပေး သွေးထိုးလှုံ့ဆော်ခဲ့သည်။ နောက်ဆုံး နယ်ချဲ့စစ်သင်္ဘောအုပ်စုက မြန်မာ့ပင်လယ်ပြင်အတွင်း ကျူးကျော်ဝင်ရောက်ကာ ကျားချောင်းသလို ချောင်းနေခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲအောင်၊ အချုပ်အခြာအာဏာ လက်လွှတ်မဆုံးရှုံးအောင် တပ်မတော်က ရှစ်လေးလုံး ဆူပွဲပူပွဲကြီးကို အချိန်မီ ရပ်တန့်စေခဲ့သည်။ ဤသည်ကိုလည်း နိုင်ငံရေးတောကြောင်နှင့် နယ်ချဲ့မြို့ကြောင်တို့က တပ်မတော်အပေါ် အမုန်းပွား ခဲ့ကြသည်။ ပြည်သူတို့ကမူ တပ်မတော်ကို ကျေးဇူးတင်ကြရပြန်ပါသည်။

တပ်မတော်အစိုးရက ယခင်အစိုးရများ ကြိုးပမ်းသော်လည်း မရနိုင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးရယူပေးခဲ့သည်။ ပိတ်ဆို့မှုအဖုံဖုံဖြင့် မြန်မာတို့ ဆင်းရဲငတ်ပြတ်စေရန် ပြည်တွင်း ပြည်ပအဖျက်သမားတို့ ဝိုင်းနှောင့်ကြသည့်ကြားမှပင် မြန်မာနိုင်ငံ၌ ဘက်ပေါင်းစုံဖွံ့ဖြိုးရေး တည်ဆောက်မှုများ ဝေဝေစည်စည်ဖြစ်စေခဲ့သည်။ ယနေ့ ပြည်ထောင်စုတစ်ဝန်း အံ့မခန်းတိုးတက် ဖွံ့ဖြိုးလာနေသည့် ဘက်စုံတည်ဆောက်မှုများမှာ ပြည်ထောင်စုဖွားမြန်မာအားလုံး ကိုယ်ပိုင် မံသစက္ခုဖြင့် မြင်နေကြရပြီဖြစ်သည်။ ကိုယ်ပိုင်စက္ခုဝိညာဉ်က ပိုင်းခြားသိမြင် အသိအမှတ်ပြုနိုင်ကြပြီဖြစ်သည်။ ကိုယ်ပိုင်ဦးနှောက် အသိဉာဏ်ဖြင့် ပိုင်းခြားဝေဖန် အတည်ပြုနိုင်ကြပြီဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးမှုကို ဝေးဝေးသွားကြည့်ရန်မလို၊ မိမိတို့နေထိုင်ရာ ရပ်ရွာပတ်ဝန်းကျင်မှာပင် မျက်ဝါး ထင်ထင် မြင်နိုင်ကြပေပြီ၊ ပြည်သူက ထိုဖွံ့ဖြိုးတိုးတက်မှုများအတွက် တပ်မတော်ကို ကျေးဇူးတင်ပါသည်။

တပ်မတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး ပြည်ထောင်စုကြီး မပြိုကွဲရန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန် ကာကွယ်စောင့်ရှောက်ရင်း ပြည်တွင်းငြိမ်းချမ်းရေးကိုရယူပေးပြီး ဘက်ပေါင်းစုံတည်ဆောက် ဖွံ့ဖြိုးစေကာ ဒီမိုကရေစီလမ်းပြမြေပုံပါ အဆင့် (၇)ဆင့် (ဝါ) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ (၇)ရပ် (ဝါ) ဒီမိုကရေစီလုပ်ငန်းစဉ် (၇)ရပ်တို့ကို တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ အဆင့် (၆)သို့ပင် ရောက်ရှိခဲ့ပေပြီ။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ စတင်ကျင်းပသည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်များမှ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အချုပ်အခြာအာဏာကို အခြေခံဥပဒေနှင့်အညီ ကျင့်သုံးဖော်ဆောင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့မှ အစပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များကိုပါ ရွေးချယ်တင်မြှောက် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သော ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စသည့် အချုပ်အခြာအာဏာ မဏ္ဍိုင်ကြီး သုံးရပ်က ဦးဆောင်ပြီး သတ္တမမြောက်လမ်းစဉ် (ဝါ) နိုင်ငံတော်ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် 'အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး'ကို စုပေါင်းညီညာတည်ဆောက်သွားကြတော့မည် ဖြစ်သည်။ ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် ပြည်သူကရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များသည် နိုင်ငံတော်၌ စီးပွားရေးတိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြမည့် အဆိုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဆိုများ၊ မှန်ကန်သော အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး အဆိုများ၊ ပညာရေးမြှင့်တင်ရေးအဆိုများ၊ ကျန်းမာရေးမြှင့်တင်ရေး အဆိုများ၊ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးလာစေရေး အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးအဆိုများ တင်သွင်းကြ၊ ဆွေးနွေးကြ၊ အတည်ပြုကြဖြင့် သက်ဝင်ပီပြင်နေပြီဖြစ်ပေသည်။ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူတို့အကျိုးစီးပွားကို ရှေးရှုနိုင်ကြလေ၊ နိုင်ငံတော်ကြီး အချိန်တိုတိုအတွင်း အရှိန်အဟုန်ဖြင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်လာလေ ဖြစ်ပေတော့မည်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေးတာဝန်၊ လွတ်လပ်ရေး ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဦးလည်မသုန်ဆောင်ရွက်ခဲ့ကြသည့်အပြင် နိုင်ငံတော်တွင်း ငြိမ်းချမ်းသာယာရေး၊ ဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကိုပါ မနားမနေ ဆက်တိုက်ဆောင်ရွက်ပေးခဲ့သည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝလှသော ရေမြေသဘာဝသယံဇာတ အဖိုးတန်ရတနာများကို မျက်စိကျပြီး မြန်မာနိုင်ငံကို ဗိုလ်ကျစိုးမိုးလိုသော ကိုလိုနီလက်သစ်၊လက်ဟောင်း နယ်ချဲ့ဝါဒီများက တပ်မတော်အပေါ် မလိုတမာစိတ်မွေးကာ စွပ်စွဲပုတ်ခတ်နေကြသော်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာပြည်သူတစ်ရပ်လုံးကမူ ငြိမ်းချမ်း၊ လွတ်လပ်၊ ဖွံ့ဖြိုးတိုးတက်မှုအရသာ (ဝါ) လွတ်လပ်ရေးအရသာကို အပြည့်အဝ ခံစားစံစားလာနိုင်ကြသဖြင့် တပ်မတော်ကို ကျေးဇူးတင်ရှိနေကြပါသည်။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အရပ်ရပ်တွင် တပ်မတော်သား ကိုယ်စားလှယ်များ အချိုးကျပါဝင်ပြီး ပြည်ထောင်စုရေးရာ၊ ပြည်သူ့ရေးရာများကို တိုင်းရင်းသားစုံ ပြည်သူ့ကိုယ်စားလှယ်များနှင့်အတူ လက်တွဲဆောင်ရွက်သွားဦးမည်ဖြစ်၍လည်း တပ်မတော်ကို ပြည်သူတို့က ကျေးဇူးတင်နေကြပါသည်။ ။

အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ ပညာတော်သင်ကျောင်းသားများ၏ အခွင့်အရေးများ၊ ပညာသင်ဆု အကူအညီများနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်က **မြန်မာနိုင်ငံသားများကို နိုင်ငံတကာမှ ပညာသင်ဆု အကူအညီများပေး၍ ပညာတော်သင်များကို အစိုးရချင်းချင်း ဆက်သွယ်မှု(G To G)စနစ်ဖြင့် နှစ်စဉ်ခေါ်ယူလျက်ရှိသည်ဟု သိရပါကြောင်း၊ ထိုသို့ခေါ်ယူရာတွင် တက္ကသိုလ်တန်း၊ မဟာတန်း၊ ပါရဂူတန်းတို့အပြင် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအတွက် လူငယ်ဆရာသင်တန်းများ၊ အထူးဘာသာရပ်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စသဖြင့် ပါဝင်သည်ဟု သိရပါကြောင်း၊ နှစ်စဉ်ခေါ်ယူထားသည့် အရေအတွက် ပြည့်မီအောင် မဆောင်ရွက်နိုင်ခြင်းကြောင့် ပညာသင်ဆု အပြည့်အဝဖြင့် နိုင်ငံတကာပညာရပ်များ သင်ယူခွင့်အခွင့်အရေးများ၊ နိုင်ငံတကာပညာရပ်များ ပိုင်ဆိုင်ကြမည့် ပညာရှင်များ ပေါ်ပေါက်လာမည့် အခွင့်အရေးများ နှစ်စဉ်ဆုံးရှုံးမှု ပိုမိုလာသည်ဟု သိရပါကြောင်း၊ ဥပမာ- ပညာသင်ဆု (၃၀)ဦး ခေါ်ယူလျှင် ယခင်နှစ်များတွင် (၂၅)ဦးမှ (၂၈)ဦးထိရရှိရန် ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်များတွင် (၁၀)ဦးခန့်သာ ရရှိသဖြင့် အခွင့်အရေးဆုံးရှုံးမှု များလာပါကြောင်း၊ နိုင်ငံတကာပညာသင်ဆုများကို မြန်မာပညာတော်သင် ကျောင်းသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် ရာနှုန်းပြည့် စေလွှတ်နိုင်ရေးနှင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများမှ ပညာသင်ဆု အကူအညီများ ပိုမိုများပြားစွာ ရယူနိုင်ရေးကိစ္စများ ဆောင်ရွက်ရန် ရှိ မရှိနှင့် ဆောင်ရွက်ရန်ရှိပါက မည်သည့် အချိန်ကာလတွင် ဆောင်ရွက်မည်ကို သိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ရွေးချယ်စေလွှတ်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိုင်ငံတကာမှ ကမ်းလှမ်းလာသော ပညာသင်ဆုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရက ဖွဲ့စည်းတာဝန်ပေးထားသော "နိုင်ငံခြားပညာသင်စေလွှတ်မှု စိစစ်ရေးအဖွဲ့"ကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးအဆင့် (၄)ဦးနှင့် ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိသူ (၁၀)ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်ရှိသူ (၄)ဦး ပါဝင်သည့် အဖွဲ့ဖြင့် စိစစ်ဆောင်ရွက်၍ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးကို ရှေးရှုလျက် ပညာသင်များ ရွေးချယ်စေလွှတ်လျက်ရှိပါကြောင်း။

နိုင်ငံတကာသို့ ပညာသင်များစေလွှတ်ခြင်းအနေဖြင့် ၂၀၀၈ ခုနှစ်တွင် နိုင်ငံပေါင်း (၂၉)နိုင်ငံသို့ ဘွဲ့၊ ဒီပလိုမာ သင်တန်းသား (၁၆၄)ဦး၊ ဘွဲ့မယူသော သင်တန်း၊ ဆွေးနွေးပွဲသို့ (၁၅၄၂)ဦး၊ စုစုပေါင်း (၁၇၀၆)ဦး၊ ၂၀၀၉ ခုနှစ်တွင် **နိုင်ငံပေါင်း (၃၂)နိုင်ငံသို့ ဘွဲ့၊ ဒီပလိုမာ သင်တန်းသား (၂၅၂)ဦး၊ ဘွဲ့မယူသော** သင်တန်း၊ ဆွေးနွေးပွဲသို့ (၁၆၂၉)ဦး၊ စုစုပေါင်း (၁၈၈၁)ဦး၊ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံပေါင်း (၃၆)နိုင်ငံသို့ ဘွဲ့၊ ဒီပလိုမာ သင်တန်းသား (၂၉၇)ဦး၊ ဘွဲ့မယူသော သင်တန်း၊ ဆွေးနွေးပွဲသို့ (၁၄၆၉)ဦး၊ စုစုပေါင်း (၁၇၆၆)ဦး စေလွှတ်ခဲ့ပါကြောင်း။

အဆိုပြု

ထိုသို့ စေလွှတ်ခဲ့မှုများမှာ ၂၀၀၈ ခုနှစ်တွင် အဆိုပြုသူဦးရေ (၁၇၂၉)ဦးအနက် (၁၇၀၆)ဦး ၉၈ ဒသမ ၆၆ရာခိုင်နှုန်း၊ ၂၀၀၉ ခုနှစ်တွင် အဆိုပြုသူဦးရေ (၁၈၉၂)ဦး အနက် (၁၈၈၁)ဦး ၉၉ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် အဆိုပြုသူဦးရေ (၁၇၈၉)ဦးအနက် (၁၇၆၆)ဦး ၉၈ ဒသမ ၇၁ ရာခိုင်နှုန်းကို ရွေးချယ်စေလွှတ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပါရဂူဘွဲ့သင်တန်းများသို့ စေလွှတ်မှုများအနေဖြင့် ၂၀၀၈ ခုနှစ်တွင် အဆိုပြုသူဦးရေ (၂၉)ဦး အနက် (၂၉)ဦး (၁၀၀)ရာခိုင်နှုန်း၊ ၂၀၀၉ ခုနှစ်တွင် အဆိုပြုသူဦးရေ (၂၉)ဦးအနက် (၂၉)ဦး (၁၀၀)ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် အဆိုပြုသူဦးရေ (၂၈)ဦး အနက် (၂၈)ဦး (၁၀၀)ရာခိုင်နှုန်း ရာခိုင်နှုန်းပြည့် စေလွှတ်နိုင်ခဲ့ပါကြောင်း၊ မဟာဘွဲ့သင်တန်းများအနေဖြင့် ၂၀၀၈ ခုနှစ်တွင် အဆိုပြုသူ (၆၅)ဦး စေလွှတ်သူ (၆၄)ဦး ၉၈ ဒသမ ၄၆ရာခိုင်နှုန်း၊ ၂၀၀၉ ခုနှစ်တွင် အဆိုပြုသူ (၁၅၂)ဦး စေလွှတ်သူ (၁၄၅)ဦး ၉၅ ဒသမ ၃၉ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် အဆိုပြုသူ (၂၀၅)ဦး စေလွှတ်သူ (၁၉၅)ဦး ၉၅ ဒသမ ၁၂ ရာခိုင်နှုန်း စေလွှတ်နိုင်ခဲ့ပါကြောင်း၊ စုစုပေါင်းအနေဖြင့် (၃)နှစ်တာကာလအတွင်း ပညာသင် (၅၄၁၀)ဦး အဆိုပြုခဲ့ပြီး (၅၃၅၃)ဦး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၅ရာခိုင်နှုန်း စေလွှတ်နိုင်ခဲ့ပါကြောင်း။

အချိန်နီးကပ်

ကျန် ၁ ဒသမ ၀၅ရာခိုင်နှုန်းမှာ ပညာသင်ဆု ကမ်းလှမ်းစာကို အချိန်နီးကပ်မှ လက်ခံရရှိခြင်း၊ သင်တန်းသားအဖြစ် လက်ခံမည်ဖြစ်ကြောင်း အတည်ပြုပြန်ကြားစာ (Acceptance) နောက်ကျရောက်ရှိခဲ့ခြင်းတို့ ဖြစ်ပါကြောင်း။

နိုင်ငံတကာပညာသင်ဆုများ ပိုမိုရရှိရေး၊ သင်တန်းသား နှစ်စဉ်ပိုမိုစေလွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**



ပြန်လည်ဖြေကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ကြယ်ပွင့်ပြ မေးခွန်းများဖြစ်သော အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ခိုင်မောင်ရည်၏ "**ပညာတော်သင်ကျောင်းသားများ၏ အခွင့်အရေးများ၊ ပညာသင်ဆု အကူအညီများ**"နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၏ "**အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ**"နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် "**မောင်တောခရိုင် ပညာရည်မြင့်မားရေး**"နှင့် စပ်လျဉ်းသည့်မေးခွန်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၏ "**ကရင်ပြည်နယ်မှ ပြည်သူတို့၏ လိုလားတောင့်တချက်**"နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် "**ကရင်ပြည်နယ်အတွင်းမှ စစ်ပြေးဒုက္ခသည်များ**"နှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းတို့က ပြန်လည် ဖြေကြားကြသည်။

အဆုံးအဖြတ်ရယူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၏ "**မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားရရှိထားပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ လျှပ်စစ်မီတာခနှုန်းထားများကို တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံခြင်းပြုပါရန်**" အဆိုနှင့် မရမ်းကုန်း မဲဆန္ဒနယ်မှ ဦးပွင့်ဆန်း၏ "**နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေးဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန်**" အဆိုများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်နှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက "**အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေ(မူကြမ်း)တစ်ရပ်ကို လာမည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန်**"အဆိုကို တင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ကြေညာ

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို မတ်လ (၂၂) ရက် (အင်္ဂါနေ့) နံနက် (၁၀)နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို ညနေ (၃)နာရီ (၂၅)မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၁၂ ရက်မြောက်နေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ လာရောက်ကြည့်ရှုလေ့လာ၍ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ဝယ်ယူကြပြီး ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံ၍ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက် ပေးကြသည်။

ဈေးပြိုင်စနစ်

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို မတ် ၁၉ ရက်မှ စတင်၍ ဈေးပြိုင်စနစ်ဖြင့်ရောင်းချခဲ့ရာ ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း (၆၀) ရောင်းချရကြောင်း သိရှိရသည်။

ဆက်လက်ကျင်းပသွားမည်

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၂၂ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၏ အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် (ခ) ဦးအဒူရော်ဇက်က **ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များမှ အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူအများစုသည် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ တက်ရောက်ရန် အမှတ်မီသော်လည်း တက်ရောက်ခွင့်မရရှိကြသဖြင့် သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူအတွက်ရော၊ နိုင်ငံတော်အတွက်ပါ များစွာနစ်နာဆုံးရှုံးရပါကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်ရှိ အခြားမြို့နယ်များတွင်လည်း အလားတူ နစ်နာဆုံးရှုံးမှုများရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူများ၏ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့် မဆုံးရှုံးရအောင် သက်ဆိုင်ရာက မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ဝင်ခွင့်ပြု

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက **အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများသို့ ဝင်ခွင့်လျှောက်ထားသူသည် ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ပြီး သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများသို့ ဝင်ခွင့်ပြုသည့် အနိမ့်ဆုံးအမှတ်ကို ပြည့်မီ၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားလာသည့် မည်သူ့ကိုမဆို သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများသို့ ဝင်ခွင့်ပြုလျက်ရှိပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်၏ မောင်တောခရိုင် ပညာရည်မြင့်မားရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးရွှေမောင် (ခ) ဦးအဒူရော်ဇက်က **ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များရှိ အစိုးရမူလတန်းကျောင်း အများစုတွင် မြို့နယ်ပြင်ပမှ ဆရာ၊ ဆရာမများကို ခန့်ထားပြီး သွားလာရေး၊ ဘာသာစကားနှင့်စားသောက်နေထိုင်ရေး အခက်အခဲများကြောင့် အဆိုပါ ဆရာ၊ ဆရာမများ အနေဖြင့် ပညာသင်ကြားရေးတွင် အခက်အခဲများနှင့် ကြုံတွေ့နေရပါကြောင်း၊ သို့ဖြစ်ပါ၍ မောင်တောခရိုင်အတွင်းမှ အရည်အချင်းမီသော ဒေသခံ ဆရာ၊ ဆရာမများ ခန့်ထားနိုင်လျှင် မောင်တောခရိုင်၏ ပညာရည်မြင့်မားလာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့ မောင်တောခရိုင် ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ဦးစားပေးခန့်ထား

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမများခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော ဒေသခံများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အချိုးကျ ရွေးချယ်ခေါ်ယူပြီး ဆရာအတတ်ပညာသင်တန်းများ တက်ရောက်စေလျက် သင်တန်းအောင်မြင်ပြီးဆုံးပါက ယင်းတို့၏ ဒေသခံ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဦးစားပေး ခန့်ထားခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘူးသီးတောင်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း (၃)ကျောင်းရှိပြီး ဆရာ၊ဆရာမ (၅၁)ဦးခန့်ထားရာ ဇာတိနယ်ဖွား ဒေသခံဆရာ၊ ဆရာမမှာ (၅၀)ဦးဖြစ်ပါကြောင်း၊ ကျန်တစ်ဦးမှာ နယ်မြေတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း၏ ဇနီးဖြစ်သူ အထက်တန်းပြ ဆရာမဖြစ်ပါကြောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း (၆) ကျောင်းတွင် ဆရာ၊ ဆရာမ (၁၂၄)ဦးခန့်ထားရာ ၎င်း (၁၂၄)ဦး စလုံး ဇာတိနယ်ဖွား ဒေသခံ ဆရာ၊ ဆရာမများဖြစ်ကြပါကြောင်း၊ အခြေခံပညာမူလတန်းကျောင်းပေါင်း (၁၄၅) ကျောင်းရှိပြီး ဆရာ၊ ဆရာမ (၇၉၀)ဦး ခန့်ထားရာ အဆိုပါ ဆရာ၊ ဆရာမ အားလုံးမှာလည်း ဇာတိနယ်ဖွား ဒေသခံ ဆရာ၊ ဆရာမများ ဖြစ်ကြပါကြောင်း၊ သို့ဖြစ်ပါ၍ ဘူးသီးတောင်မြို့နယ်တွင် ဆရာ၊ ဆရာမ ၉၆၅ဦး ခန့်ထားရာ၌ ဇာတိနယ်ဖွား ဒေသခံဆရာ၊ ဆရာမ (၉၆၄)ဦးရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အရည်အချင်းပြည့်မီ

အလားတူ မောင်တောမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း (၅) ကျောင်းရှိပြီး ဆရာ၊ ဆရာမ (၉၂)ဦးခန့်ထားရာ အားလုံး ဇာတိနယ်ဖွား ဒေသခံ ဆရာ၊ ဆရာမများ ဖြစ်ကြပါကြောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၁၁) ကျောင်းတွင် ဆရာ၊ ဆရာမ (၁၆၅)ဦး ခန့်ထားရာ ၎င်းတို့ အားလုံးမှာလည်း ဇာတိနယ်ဖွား ဒေသခံ ဆရာ၊ ဆရာမများ ဖြစ်ကြပါကြောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၁၄၃ ကျောင်းရှိပြီး ဆရာ၊ ဆရာမ (၈၂၂)ဦးခန့်ထားရာ ဇာတိနယ်ဖွား ဒေသခံ ဆရာ၊ ဆရာမ (၈၂၁)ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ နယ်မြေတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း၏ မိသားစုဝင် သားသမီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မောင်တောခရိုင် ပညာရည်မြင့်မားရေးအတွက် သွားလာရေး၊ ဘာသာစကားနှင့် စားသောက်နေထိုင်ရေး အခက်အခဲများ မရှိရအောင် အရည်အချင်းပြည့်မီသော ဒေသခံ ဆရာ၊ ဆရာမများကိုသာ ခန့်ထားခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်၏ ကရင်ပြည်နယ်မှ ပြည်သူတို့၏ လိုလားတောင့်တချက်နှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်က **ကရင်ပြည်နယ်ရှိ လက်ရှိ စစ်မက်ရေးကြောင့် ပြေးလွှားရှောင်တိမ်းနေရသော စစ်ဘေးဒုက္ခသည်များကို စာနာထောက်ထားလျက် ကရင်ပြည်နယ်မှ ပြည်သူလူထုများက အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တ နေကြပါကြောင်း၊ ကရင်ပြည်နယ် ပြည်သူတို့၏ လိုလားတောင့်တချက်ကို အကောင်အထည်ဖော်ပေးနိုင်ခြင်း ရှိ မရှိ၊ အကောင်အထည်ဖော်ပေးနိုင်လျှင် မည်သို့သော ပုံစံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်၊ ပြည်သူတို့က မည်သို့ ပူးပေါင်းဆောင်ရွက်နိုင်မည်ကို သိရှိလိုပါကြောင်း** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ဖြေကြားရာတွင် ကရင်ပြည်နယ် ပြည်သူများက အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို ကရင်ပြည်နယ် ပြည်သူများနည်းတူ လိုလားတောင့်တပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၌ ငြိမ်းချမ်းရေးရအောင်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ဤနေရာ၌ အခါအခွင့်သင့်၍ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများကို အနည်းငယ် ဆက်စပ် ပြောကြားလိုပါကြောင်း။

ကိုယ်စားလှယ်ကြီးများအားလုံး သိကြသည့်အတိုင်း ၁၉၈၈ ခုနှစ်၌ ပြည်တွင်းပြည်ပ ပယောဂများကြောင့် မင်းမဲ့စရိုက်လွှမ်းမိုးပြီး အုပ်ချုပ်ရေး ယန္တရားပျက်ပြားကာ တိုင်းပြည်ပြိုကွဲ ပျက်စီးတော့မည့် အခြေအနေ ရောက်ရှိလာ၍ တပ်မတော်က တိုင်းပြည်တာဝန်ကို ယူခဲ့ရပါကြောင်း၊ ယင်းသို့ တာဝန်ယူခဲ့ရ သည့်အချိန်ကစပြီး နိုင်ငံ၌ တည်ငြိမ် အေးချမ်းမှုရအောင်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ပါကြောင်း။

ငြိမ်းချမ်းရေးအဓိက

ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတည်ငြိမ်အေးချမ်းမှု သို့မဟုတ် ငြိမ်းချမ်းရေးက အဓိကကျပါကြောင်း၊ ငြိမ်းချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မျှ တည်ဆောက်နိုင်မည် မဟုတ်ပါကြောင်း၊ ဤနေရာ၌ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးသမိုင်းကို ပြန်ကြည့်လျှင် မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ရောင်စုံ သောင်းကျန်းသူများကြောင့် ပြည်တွင်း တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းမှု မရှိသလောက် ဖြစ်ခဲ့ပါကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်းတွင်မူ တည်ငြိမ်အေးချမ်းမှု အတိုင်းအတာ တစ်ခုအထိ တိုးတက်လာသော်လည်း နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းမှု အားနည်းလျက်ပင် ရှိခဲ့ပါကြောင်း၊ သို့ပါ၍ ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသည့် အစိုးရများက ငြိမ်းချမ်းရေးရအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြပါကြောင်း၊ သို့သော်လည်း ထိရောက်အောင်မြင်သည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ခြင်း မရှိကြပါကြောင်း၊ ဤသို့ မတည်ဆောက်နိုင်သည့်အတွက်လည်း တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကို ထိရောက်အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

တိုင်းပြည်တာဝန် ယူခဲ့ရသည့် တပ်မတော်နှင့် တပ်မတော်၏ခေါင်းဆောင် နိုင်ငံတော်အကြီးအကဲအနေဖြင့် အထက်ပါဖြစ်စဉ်ကို သင်ခန်းစာယူပြီး ယခင်အစိုးရများ၏ နည်းလမ်းနှင့်မတူသော ထိရောက်အောင်မြင်နိုင်မည့် ငြိမ်းချမ်းရေးနည်းလမ်းသစ်ကို ရှာကြံခဲ့ပါကြောင်း၊ ယင်းသို့ရှာကြံပြီး ငြိမ်းချမ်းရေး နည်းလမ်းသစ်ဖြစ်သည့် "နိုင်ငံရေးအမြတ်မထုတ်သော၊ စေတနာကို အရင်းခံသော၊ ပကတိအရှိတရားနှင့်လည်း ညီညွတ်သော၊ ဒေသပြည်သူများ၏ ကောင်းကျိုးကိုလည်း ဖော်ဆောင်ပေးနိုင်မည့်၊ တစ်ဖက်အဖွဲ့အစည်းများကလည်း လက်ခံနိုင်မည့်" မူဝါဒသစ်ကို ကျင့်သုံးလျက် ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး(၁၇)ဖွဲ့၊ အဖွဲ့ငယ်(၂၃)ဖွဲ့တို့ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ပါကြောင်း၊ နိုင်ငံတော်ကို လက်နက်ကိုင် ဆန့်ကျင်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အားလုံး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ပြီး ၄င်းငြိမ်းချမ်းရေးအဖွဲ့များအနက်မှ ပဲ့ထွက်ကျန်ခဲ့သည့် အဖွဲ့ (၃)ဖွဲ့သာ ဥပဒေပြင်ပမှာ ကျန်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အခါတွင် မည်သည့်ခေတ် မည်သည့်အခါကမျှ မရခဲ့သည့် တစ်နိုင်ငံလုံးနီးပါး တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုကို တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ယင်းငြိမ်းချမ်းမှု၏ အကျိုးကို ရရှိခံစားနေကြပြီဖြစ်ပါကြောင်း။

ဆက်လက်ဖွံ့ဖြိုးတိုးတက်

တစ်ဖက်က ငြိမ်းချမ်းရေးကို တည်ဆောက်သလို၊ တစ်ဖက်ကလည်း တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းတည်ဆောက် ခဲ့ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိလာသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း" ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဤစီမံကိန်းကို နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူကြပ်မတ် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပြီး ယနေ့အချိန်ထိ ကျပ်ငွေပေါင်း ၃၄၁ ဒသမ ၅၂ ဘီလီယံကျော် သုံးစွဲ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒို့အပြင် အထူးဖွံ့ဖြိုးရေးဇုန် (၂၄)ခုစီမံကိန်းဖြင့်လည်း ထပ်ဖြည့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းစဉ် (၇)ရပ် ချမှတ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်လည်း စီးပွားရေး(၅)နှစ်စီမံကိန်းများ အဆင့်ဆင့် ချမှတ် အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့အခါတွင် မည်သည့်ခေတ် မည်သည့်အခါနှင့်မျှ မတူအောင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါကြောင်း၊ ဤတိုးတက်မှု၏အကျိုးကိုလည်း ပြည်သူအများ ရရှိခံစား နေကြရပြီ ဖြစ်ပါကြောင်း၊ အနာဂတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံ အားလုံးနီးပါးကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်မည့် အခြေခံကောင်းများပေါ်တွင် ရောက်ရှိနေပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန်သာ ကျန်တော့ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးသလို ပြည်သူများလိုလားသည့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ အခက်အခဲအမျိုးမျိုးကြားက အမျိုးသားညီလာခံကို အောင်မြင်အောင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ အခြေခံဥပဒေမူကြမ်းရေးဆွဲပြီး ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ယင်းအခြေခံဥပဒေနှင့်အညီ အထွေထွေ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော် အသီးသီး ခေါ်ယူကျင်းပနေပြီဖြစ်ပါကြောင်း၊ ထိုလွှတ်တော်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အဖွဲ့များကို ဖွဲ့စည်းပေးနေပြီ ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အဖွဲ့များက နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သော "အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်" ကို ဆက်လက်တည်ဆောက် သွားကြတော့မည် ဖြစ်ပါကြောင်း။

နိုင်ငံ့တာဝန်

အထက်ပါ အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီဖော်ဆောင်ရေး ဖြစ်စဉ်တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း အခြေခံဥပဒေနှင့်အညီ ဖြစ်အောင် သိမ်မွေ့ညင်သာစွာ ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ ယာယီ ငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးဖြစ်အောင် ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အများစုကလည်း အခြေခံဥပဒေနှင့်အညီ မိမိတို့၏ အဖွဲ့များကို ဖျက်သိမ်းပြီး ဖြစ်ပါကြောင်း၊ အချို့က တရားဝင် နိုင်ငံရေးပါတီများဖွဲ့စည်းကာ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်နေကြပါကြောင်း၊ လက်နက်ကိုင် တပ်ဖွဲ့များကလည်း အခြေခံဥပဒေနှင့်အညီ တပ်မတော်၏ကွပ်ကဲမှုအောက်၌ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် လည်းကောင်း၊ ဒေသပြည်သူ့စစ်များအဖြစ် လည်းကောင်း ပြောင်းလဲဖွဲ့စည်းကာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြပြီ ဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်

သို့သော်လည်း အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အချို့ ကျန်ရှိနေသေးခြင်းကိုလည်း ဝမ်းနည်းဖွယ် တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၄င်းအဖွဲ့များအတွက်လည်း ယာယီ ငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးကို ကူးပြောင်းနိုင်ရန် "မှန်ကန်သည့်စေတနာ၊ မြော်မြင်သည့်အသိ၊ နားလည်စာနာသည့်စိတ်ထား" များနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ နယ်စပ်ဒေသရှိ ကြွင်းကျန်နေသေးသော တိုင်းရင်းသား လက်နက်ကိုင်များအတွက်လည်း ငြိမ်းချမ်းရေးတံခါး ဖွင့်ထားဆဲဖြစ်ပါကြောင်း၊ ထို့အတူ မကြာမီ ပေါ်ပေါက်လာမည့် အစိုးရသစ်အနေဖြင့်လည်း ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး ဆက်လက်ဆောင်ရွက်မှာ ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

သို့သော်လည်း ငြိမ်းချမ်းရေးရရှိရန် နိုင်ငံတော်အစိုးရနှင့် ပြည်သူများက ငြိမ်းချမ်းရေးကို လိုလားသလို တစ်ဖက်အဖွဲ့အစည်းများကလည်း လိုလားရန် လိုပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါတွင် အချို့အဖွဲ့အစည်းများက ၄င်းတို့ကိုယ်တိုင်ငြိမ်းချမ်းရေးကို မလိုလားသည့်အပြင် ငြိမ်းချမ်းရေးရယူရန် ကြိုးစားသော အခြားအဖွဲ့အစည်းများကိုပင် ငြိမ်းချမ်းရေးမယူနိုင်အောင် သွေးထိုး၊ စည်းရုံးဖျက်ဆီးကြသည်ကို တွေ့နေရပါကြောင်း၊ ယင်းသို့ အနုနည်းဖြင့် ဆောင်ရွက်ရုံမက အကြမ်းဖက်တိုက်ခိုက်တားဆီးခြင်းများ ပြုခြင်းကိုပင် တွေ့ရပါကြောင်း၊ ထို့အပြင် အချို့သော ကြွင်းကျန် လက်နက်ကိုင် အဖွဲ့များ၊ ပြည်ပြေးများ၊ အချို့သောနိုင်ငံကြီးများ၊ အချို့သော INGO များကလည်း ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး အခြေခံဥပဒေနှင့်အညီ မဆောင်ရွက်နိုင်သေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ယာယီငြိမ်းချမ်းရေးပျက်အောင်၊ ပြန်လည် အကြမ်းဖက် တိုက်ခိုက်လာအောင် သွေးထိုး စည်းရုံးမှုများပင် ပြုလုပ်နေကြပါကြောင်း။

အခြေပြုစခန်းများရှိ

အမှန်မှာ ကရင်ပြည်နယ်၌ ယနေ့ ကြွင်းကျန်နေသေးသော မတည်ငြိမ်မှုများ ပပျောက်ပြီး အားလုံးတည်ငြိမ်အေးချမ်းသွားရန်ဆိုလျှင် အချို့သောနိုင်ငံကြီးများ၊ အချို့သော INGO များနှင့် အိမ်နီးချင်းတစ်ဖက်နိုင်ငံတို့၏ စေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်မှုက အဓိကအရေးကြီးပါကြောင်း၊ မြန်မာ့နယ်စပ်အနီး တစ်ဖက်နိုင်ငံအတွင်း၌ ဒုက္ခသည်များစခန်းဟု ၄င်းတို့ခေါ်သည့် အခြေပြုစခန်းများရှိနေပါကြောင်း၊ ဤစခန်းများကို အချို့သောနိုင်ငံကြီးများ၊ အချို့သော INGO များနှင့် အိမ်နီးချင်းတစ်ဖက်နိုင်ငံတို့၏ ကူညီပံ့ပိုးထောက်ပံ့မှုဖြင့် ထူထောင်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းစခန်းများ၌ ကိုယ်စားလှယ်ကြီး ဦးစောသိန်းအောင် ပြောသည့် ဒုက္ခသည်အချို့ ရှိကောင်းရှိနေမှာ ဖြစ်ပါကြောင်း၊ ထို့အတူ ယင်းစခန်းများ၌ ကြွင်းကျန်နေသော သောင်းကျန်းသူများ၊ ၄င်းတို့၏ မိသားစုများ၊ ပြည်ပြေးများ အများအပြား ရှိနေခြင်းကိုလည်း သတိပြုကြရမှာ ဖြစ်ပါကြောင်း၊ သောင်းကျန်းသူများသည် ၄င်းစခန်းများ၌ အခြေပြုနေကြပြီး မြန်မာနိုင်ငံအတွင်း ဝင်ရောက်၍ ပြောက်ကျားနည်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်နေကြသည့်အတွက် ကရင်ပြည်နယ်အတွင်း ယခုကဲ့သို့ အပြန်အလှန် တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားနေရခြင်း ဖြစ်ပါကြောင်း၊ အမှန်စင်စစ် ထိုလက်ကျန် သောင်းကျန်းသူများသည် အချို့သော နိုင်ငံကြီးများ၊ INGO များ၏ အကူအညီဖြင့် ယင်းအခြေပြုစခန်းများကိုအခြေပြုကာ ဆက်လက် သက်ဆိုးရှည်နေကြခြင်း ဖြစ်ပါကြောင်း။

တည်ဆောက်နိုင်

ဤနေရာတွင် အလားတူဖြစ်စဉ်မျိုးဖြစ်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်နိုင်ခဲ့သည့် သာဓက တစ်ခုကိုလည်းတင်ပြလိုပါကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံ၏ အရှေ့မြောက်ဒေသ၌ အင်အားကြီးမားသော ဗကပများအခြေပြုလှုပ်ရှားခဲ့ဖူးပါကြောင်း၊ ဗကပများသည် အင်အားကြီးမားသည့်အတွက် တပ်မတော်အနေဖြင့် ကြီးမားသည့်တိုက်ပွဲကြီးများကို ပြင်းပြင်းထန်ထန်၊ ခက်ခက်ခဲခဲ တိုက်ခိုက်ခဲ့ရပါကြောင်း၊ သို့သော်လည်း မိတ်ဆွေကောင်းပီသသော အိမ်နီးချင်း တစ်ဖက်နိုင်ငံက "အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြု" ဆိုသည့် မူအတိုင်း တိတိကျကျ ရပ်တည်ခဲ့သည့်အတွက် ယခုဆိုလျှင် ယင်းအရှေ့မြောက်ဒေသ၌ ဗကပများ ချုပ်ငြိမ်းသွားပြီး တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

အလားတူပင် ဦးစောသိန်းအောင် ပြောသည့် ကရင်ပြည်နယ်အတွင်းက ကြွင်းကျန် မတည်ငြိမ်မှုများသည်လည်း အိမ်နီးချင်းတစ်ဖက်နိုင်ငံကသာ အိမ်နီးချင်းကောင်းပီသစွာ စေတနာမှန်ဖြင့် ရပ်တည်ပေးမည်ဆိုလျှင် မကြာခင်အတွင်း တည်ငြိမ်အေးချမ်းသွားမည်ဖြစ်ပါကြောင်း။

မည်သို့ပင်ဖြစ်စေ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့်ရော၊ ဆက်လက်တာဝန်ယူမည့် အစိုးရသစ်အနေဖြင့်ပါ ကရင်ပြည်နယ်၌ ငြိမ်းချမ်းရေးအပြည့်အဝရရန်အတွက် ငြိမ်းချမ်းရေးတံခါး ဖွင့်ထားပြီး အခြေခံဥပဒေနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း လက်ရှိ တည်ငြိမ်အေးချမ်းမှု ရရှိပြီးဖြစ်သည့် ဒေသများ၌လည်း ရပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုများအနေဖြင့် စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအားလုံး၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့အတူ စိတ်ပိုင်းဆိုင်ရာ တည်ဆောက်ရေးအနေဖြင့်လည်း စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားစေရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရ အနေဖြင့်လည်း ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။



ပြန်လည်ဖြေကြား

ပြန် ကြား ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

အကောင်းဆုံးလမ်းကြောင်း

ဤနေရာ၌ ကိုယ်စားလှယ်တော်ကြီး ဦးစောသိန်းအောင်မေးမြန်းသည့် ပြည်သူများက မည်သို့ ပါဝင်ကူညီဆောင်ရွက်ပေးရမည်ဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး ပြောကြားရလျှင် ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ မိမိဒေသပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ ပိုမို တည်ငြိမ်အေးချမ်းအောင်၊ ၄င်းမှတစ်ဆင့် ငြိမ်းချမ်းရေး ပိုမိုကျယ်ပြန့်အောင်၊ ၄င်းမှတစ်ဆင့် အပြည့်အဝနှင့် ထာဝရငြိမ်းချမ်းရေးရအောင် အခြေခံဥပဒေနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းတည်ဆောက်ကြရမှာပင် ဖြစ်ပါကြောင်း၊ ယင်းသို့ တည်ဆောက်ခြင်းသည်သာလျှင် မိမိတို့အားလုံးအတွက် အသင့်မြတ်ဆုံးနှင့် အကောင်းဆုံးလမ်းကြောင်း ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် မိမိ၏ရှင်းလင်းဖြေကြားချက်များကို ခြုံငုံပြီး အချုပ်အားဖြင့် ပြောကြားရပါက လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ငြိမ်းချမ်းရေး တံခါးဖွင့်ထားပြီး ငြိမ်းချမ်းရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီ ပေါ်ပေါက်လာတော့မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်အနေဖြင့်လည်း ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးမှာ ဖြစ်သကဲ့သို့ ကရင်ပြည်နယ်၌ အပြည့်အဝနှင့် ထာဝရ ငြိမ်းချမ်းမှု ရရှိရေးအတွက်လည်း ငြိမ်းချမ်းရေးတံခါး ဖွင့်ထားပြီး အခြေခံဥပဒေနှင့်အညီ မှန်ကန်သော စေတနာ၊ မြော်မြင်သောအသိ၊ နားလည် စာနာသော စိတ်ထားများဖြင့် အစွမ်းကုန်ကြိုးပမ်းတည်ဆောက်သွားမှာ ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သည့် ဤလုပ်ငန်းစဉ်များ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ပြည်သူများ မျှော်လင့် တောင့်တနေသော ကရင်ပြည်နယ်၌ အပြည့်အဝနှင့် ထာဝရ ငြိမ်းချမ်းရေးရရှိအောင် မလွဲမသွေ တည်ဆောက်နိုင်မည် ဖြစ်ကြောင်းဖြင့် ပြန်လည် ဖြေကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၅	၉။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၃:၃၀	၁။	**AFC Challenge Cup 2012 ပြိုင်ပွဲ၏ အုပ်စု(A) ခြေစစ်ပွဲ ထုတ်လွှင့်မှုအစီအစဉ် ပါလက်စတိုင်းအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း**
၅:၀၀	၂။	တပ်မတော်နေ့ ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲ ဆုရတေးများ
၅:၁၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၂၅	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀	၅။	ရင်မှာစွဲထင်တေးအလှသံစဉ်
၅:၄၅	၆။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀	၇။	ညနေခင်းသတင်း
၆:၁၅	၈။	မိုးလေဝသအခြေအနေ
၆:၂၀	၉။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၁၈)
၇:၃၅	၁၁။	**ပြည်သူ့အတွက်တပ်မတော်** (အရောင်အသွေးစုံညီပညာပန်းများပွင့်လန်းပြီ၊ ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင် နိုင်ငံအနှံ့ လွှမ်းခြုံနိုင်)
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**ရယ်စရာဟာသများ**
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိမ်မက်ကမ္ဘာ** (အပိုင်း-၁၃)
	၁၇။	အစီအစဉ်ပြီး၏။

22-3 (05).pmd 1 3/22/2011, 3:49 AM

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်၏ ကရင်ပြည်နယ်အတွင်းမှ စစ်ပြေးဒုက္ခသည်များနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်က **ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ကရင်ပြည်နယ်အတွင်း ပြေးလွှားရှောင်တိမ်းနေကြသည့် စစ်ပြေး ဒုက္ခသည်များအတွက် မည်သို့သော လူမှုဒုက္ခဆိုင်ရာအကူအညီများကို ဆောင်ရွက်ပေးလျက်ရှိသည်၊ အတိုင်းအတာ မည်မျှဆောင်ရွက်ပေးပြီးဖြစ်သည်တို့ကို သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

မလွဲမရှောင်သာ

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းက **နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုသာ လိုလားပြီး "စစ်" ကိုလိုလားခြင်းမရှိပါကြောင်း၊ သွေးထွက်သံယိုမှုကို လိုလားခြင်းမရှိပါကြောင်း၊ သို့သော် နိုင်ငံတော်လုံခြုံရေးနှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက်သာ ယခုကဲ့သို့ မလွဲမရှောင်သာ လက်နက်စွဲကိုင် တိုက်ခိုက်နေရခြင်းဖြစ်ပါကြောင်း။**

နှစ်ဖက်လက်နက်ကိုင် တိုက်ခိုက်မှုဖြစ်ပြီဆိုလျှင် နှစ်ဖက်အထိအခိုက်အဆုံးအရှုံးများရှိမှာ ထုံးစံပင်ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ ဒေသအတွင်းရှိ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများမှာလည်း အနည်းနှင့်အများ ထိခိုက်မှုရှိမှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း တပ်မတော်အစိုးရအနေဖြင့် ၁၉၈၈ ခုနှစ် တိုင်းပြည်တာဝန်ကို စတင်ယူခဲ့ရသည့် အချိန်ကစပြီး ငြိမ်းချမ်းရေးရအောင် ဦးတည်ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းကို အားလုံးအသိ ဖြစ်ပါကြောင်း။

ဝင်ရောက်ခဲ့

မလွဲသာ၍ တိုက်ခိုက်ကြရသည့်တိုင် တစ်ဖက်က ငြိမ်းချမ်းရေးတည်ဆောက်မှုကြောင့် ကရင်ပြည်နယ်အတွင်းမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အများအပြား ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပါကြောင်း၊ ၎င်းအဖွဲ့များမှာ ဦးသာထူးကျော် ဦးဆောင်သော ဒီကေဘီအေအဖွဲ့၊ ဦးစောသမူဟဲ ဦးဆောင်သော ဟောင်သရောအထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့၊ ဖဒိုအောင်ဆန်း ဦးဆောင်သော ဘုရားကုန်းအထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့၊ ဦးစောဖယ်ရီမိုး ဦးဆောင်သော သံတောင် အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့၊ ဦးကိုကြီး ဦးဆောင်သော သံတောင်(မြောက်ပိုင်း) အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့နှင့် ဦးငွေမောင် ဦးဆောင်သောKNU/KNLA ငြိမ်းချမ်းရေးကောင်စီအပါအဝင် စုစုပေါင်း အဖွဲ့(၆)ဖွဲ့ ဥပဒေဘောင်တွင်း ဝင်ရောက်ခဲ့ကြပါကြောင်း၊ ယင်းသို့ဝင်ရောက်လာရာတွင် တပ်ဖွဲ့ဝင်အင်အား (၅၉၇၃)ဦး ပါဝင်သလို၊ လက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်နစ်နာရသည့် ပြည်သူပေါင်း (၂၀၀၀၀)ကျော်လည်း တစ်ပါတည်း ပါဝင်လာခဲ့ပါကြောင်း။

ထိုသို့ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်နစ်နာရသည့် ပြည်သူများ လတ်တလောဘဝရပ်တည်နိုင်အောင်ရော၊ ရေရှည်ရပ်တည်နိုင်အောင်အတွက်ပါ နိုင်ငံတော်အစိုးရက စနစ်တကျစီမံပြီး အကူအညီများပေးခဲ့ပါကြောင်း။

ပံ့ပိုးတည်ဆောက်ပေး

လတ်တလောဘဝရပ်တည်နိုင်အောင် ဆန်၊ ရိုးရိုးဆား၊ အိုင်အိုဒင်းဆား အပါအဝင် ရိက္ခာများ၊ ငွေကြေးများ၊ အဝတ်အထည်၊ အိမ်သုံး၊ လူသုံးပစ္စည်းများ ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့အတူ ရေရှည်ရပ်တည်နိုင်ရေးအတွက် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးနိုင်အောင် မျိုးစေ့၊ စိုက်ပျိုးနည်း၊ စပါးခြွေလှေ့စက်၊ ရေစုပ်စက်၊ ထွန်စက်၊ လုပ်ငန်းသုံးယာဉ်၊ပို့ဆောင်ရေးယာဉ် စသည်များ ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့အတူ မွေးမြူရေးအတွက် မျိုးကောင်းဝက်ပေါက်၊ ကြက်ပေါက်အပါအဝင် မွေးမြူနည်းများ ပံ့ပိုးခဲ့ပါကြောင်း၊ ထို့အတူ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး စသည့် ကဏ္ဍများအတွက်လည်း ပံ့ပိုးတည်ဆောက်ပေးခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးခဲ့ရာမှာ ကရင်ပြည်နယ်အတွင်း ယနေ့အထိ နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏမှာ ကျပ်သန်းပေါင်း (၆၇၇၃ ဒသမ ၂၅၃)သန်းရှိပါကြောင်း၊ တစ်နည်းအားဖြင့် ကျပ်ငွေပေါင်း (၆ ဒသမ ၇၇၃) ဘီလီယံကျော် ရှိပြီဖြစ်ပါကြောင်း။

ထို့အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော ကရင်လက်နက်ကိုင်အဖွဲ့များ၏ သွားလာပို့ဆောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများမှာ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်စေရန်အတွက် လုပ်ငန်းယာဉ်များအပါအဝင် ယာဉ်ပေါင်း (၃၈၃)စီးကိုလည်း ဥပဒေနှင့်အညီဖြစ်အောင် ကာကွယ်ရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြောင်းလဲဖွဲ့စည်းခဲ့

ယခုအခါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် အခြေခံဥပဒေနှင့်အညီ နယ်ခြားစောင့်တပ်ဖွဲ့များ၊ ဒေသပြည်သူ့စစ်များအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယင်းသို့ပြောင်းလဲဖွဲ့စည်းရာတွင် **အသက်ကြီးရင့်ခြင်း၊ ထိခိုက်ဒဏ်ရာရမှုကြောင့် ကိုယ်လက်မသန်စွမ်းခြင်း၊ ကျန်းမာရေးမကောင်းခြင်းတို့ကြောင့် ဆက်လက်ပါဝင်ခြင်း မပြုနိုင်သည့်သူများအတွက်လည်း နိုင်ငံတော်ကတစ်လုံးတစ်ခဲတည်းထောက်ပံ့ကြေးများပေးခဲ့ပါကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ ယင်းကဲ့သို့ တပ်ဖွဲ့ဝင်များအတွက် နိုင်ငံတော်က တစ်လုံးတစ်ခဲတည်း ထောက်ပံ့ပေးခဲ့သော ငွေပေါင်းမှာ ကျပ်သိန်းပေါင်း(၃၄၀၃)သိန်းထိရှိခဲ့ပါကြောင်း။**

ယခုအခါမှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ လုံးဝချုပ်ငြိမ်းခြင်းမရှိသေးသည့်အတွက် ၁၉၈၈မှ ယနေ့အထိ သောင်းကျန်းသူများ၏ လက်ချက်ကြောင့် ပြည်သူများ ဘေးဒုက္ခရောက်ခဲ့ရသော အကြိမ်ပေါင်း(၁၂၉)ကြိမ်အထိရှိခဲ့ပြီး ယင်းပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဘေးလွတ်ရာကို ပြောင်းရွှေ့ရသည့် အိမ်ခြေပေါင်း (၁၂၆၇၉)၊ အိမ်ထောင်စုပေါင်း (၁၄၉၅၃)၊ လူဦးရေအားဖြင့် စုစုပေါင်း (၆၄၉၂၉)ဦး ရှိခဲ့ပါကြောင်း၊ ထိုသို့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခဲ့ရသည့် ပြည်သူအရေအတွက်ထဲ၌ ကရင်ပြည်နယ်က ပြည်သူများ အများစု ပါဝင်နေပါကြောင်း။

ထို့ကြောင့်လည်း လက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် ကရင်ပြည်နယ် ပြည်သူများအပါအဝင် ကရင်ပြည်နယ်တစ်ခုလုံးအတွက် စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး အပါအဝင် ကဏ္ဍအားလုံး၌ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ကြိုးပမ်းတည်ဆောက်ပေးလျက် ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ကရင်ပြည်နယ်အတွက် ယနေ့အထိ နိုင်ငံတော်က ကျခံသုံးစွဲခဲ့သော ငွေကြေးပမာဏပေါင်းမှာ ကျပ်သန်းပေါင်း (၁၈၈၁၂ဒသမ၈၆) သန်း (သို့မဟုတ်) (၁၈ ဒသမ ၈၁) ဘီလီယံကျော် ရှိခဲ့ပါကြောင်း။

ပြစ်မှုမျိုးစုံကျူးလွန်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ရသော ပြည်သူများအပါအဝင် ဒေသတစ်ခုလုံးအတွက် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆောင်ရွက်ပေးနေသော်လည်း အချို့သော ပြည်သူအနည်းစုမှာမူ အနေအစားချောင်သော အိမ်နီးချင်း တစ်ဖက်နိုင်ငံအတွင်းရှိ ၎င်းတို့အခေါ် ဒုက္ခသည်စခန်းများသို့ သွားရောက်နေထိုင်ခြင်းများလည်း ရှိပါကြောင်း၊ သို့သော်လည်း ယင်းစခန်းများ၌ အခြေပြုနေထိုင်ကြသည့် အများစုသည် ကြွင်းကျန်လက်နက်ကိုင်သောင်းကျန်းသူများ၊ ၎င်းတို့၏မိသားစုများ၊ ပြည်ပြေးများ၊ ပြည်တွင်း၌ ပြစ်မှုမျိုးစုံကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများသာဖြစ်ကြောင်း။

ဤအခြေအနေများ အပါအဝင် လက်နက်ကိုင် ပဋိပက္ခများအားလုံး ချုပ်ငြိမ်းပြီး အပြည့်အဝနှင့် ထာဝရ ငြိမ်းချမ်းရေးရရှိအောင်၊ ကရင်ပြည်နယ်၌ ထာဝရအေးချမ်းရှင်သန်သောဘဝ တည်ဆောက်နိုင်အောင် မိမိ၏ပထမ ရှင်းလင်းဖြေကြားချက်တွင် ပြောကြားခဲ့သည့်အတိုင်း အစိုးရနှင့် ပြည်သူလက်တွဲပြီး အခြေခံဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

များစွာအထောက်အကူပြု

မေးခွန်းမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းအပြီးတွင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ မေးခွန်းများနှင့် အဖြေများတွင် ဆက်စပ်စဉ်းစား သုံးသပ်ရမည့် အချက်များ ပါဝင်နေသည့်အတွက် မှတ်သားထားပြီး နောင်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကရင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များအား သာမန်အားဖြင့် သိရှိကြပြီး ဖြစ်သော်လည်း ယခုကဲ့သို့ ရှင်းလင်းဖြေကြားလိုက်သည့်အခါ မိမိတို့အားလုံး ပိုမိုပြီး ရှင်းရှင်းလင်းလင်း သိနားလည်ခွင့် ရကြမည်ဟု ယူဆပါကြောင်း၊ ပြည်သူအများ လိုလားတောင့်တလျက်ရှိသည့် ငြိမ်းချမ်းရေးကို အပြည့်အဝရယူ တည်ဆောက်နိုင်ရေးအတွက် ယနေ့ဆွေးနွေးချက်များက များစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲဖွင့်ထားပြီး ၎င်းဖွင့်ထားသည့် တံခါးက ဝင်လာနိုင်ရန်၊ ငြိမ်းချမ်းရေးရယူ နိုင်ရန်အတွက်လည်း အခွင့်အလမ်းများ ပေးထားပါကြောင်း၊ နိုင်ငံတော်အတွင်း အပြည့်အဝငြိမ်းချမ်းရေးရရှိစေရန်အတွက် ပြည်သူများ၏အား မှန်ကန်သည့် စေတနာနှင့် ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်သည့်အတွက် ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ပြည်သူအများသို့ အသိပေးချပြသွားကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

၉၈ ဒသမ ၆၅ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစခုန်တိန့်ယိန်း၏ **"ဧရာဝတီမြစ်ဆုံနှင့်မေခ၊ မလိခမြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများ"**နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"ချင်းပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်နိုင်ရန် ချင်းပြည်နယ်ရှိမြို့များအားလုံးသို့ မဟာဓာတ်အားလိုင်း (National Power Grid) သွယ်တန်း ဖြန့်ဝေပေးရေး"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"ပို့ကုန်သွင်းကုန်လုပ်ငန်းရပ်များ၌ ကောက်ခံနေသော အခွန်အခများ"**နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းတို့က ပြန်လည်ဖြေကြားကြသည်။

အဆုံးအဖြတ်ရယူ

ထို့နောက် ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **"ဘုံတလာရေတံခွန်တွင် အကြီးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ပေးပါရန်"** အဆိုကိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း ဆောင်ရွက်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို မတ်လ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ပြီးသေမဲ့သေ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၀)
၇:၂၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈)
၈:၄၅	ပျော်စရာကြီး Live Show (အပိုင်း-၄)
၉:၀၅	ရွှေမန်းမြေမှရွှေတိဂုံ (သံဆောင် Structure နှင့် ရေအားလျှပ်စစ်တာဘိုင်)
၉:၂၅	သံသရာငြိမ်းအေးစေတုမုခဇေယျ သိဒ္ဓိစေတီတော်ဗုဒ္ဓပူဇနီယပွဲတော်
၉:၄၅	Cartoon Show Time (Tangled)
၁၀:၂၅	Activities in the City (တောက်ပလာမည့်... Channel)
၁၀:၃၅	Celebrity Style (သန္တာလှိုင်နှင့်တွေ့ဆုံခြင်း)
၁၁:၀၀	International Show Biz
၁၁:၂၀	**စောသက်ရဲ့ စိတ်နဲ့အနီးဆုံး**
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀	မြို့လုံးကျွတ်ဆင်နွှဲတဲ့ ကျုံပျော်ရဲ့အာစရိယပူဇော်ပွဲ
၁၂:၃၅	ပြည်မြို့မှမြတ်ဆရာပူဇော်ပွဲ
၁:၀၀	**ပြီးသေမဲ့သေ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	သင်ကြားရေးလမ်းညွှန် (LCCI ဦးအောင်နိုင် စာရင်းကိုင်သင်တန်း)
၂:၄၅	Yangon Lifestyle Furniture Fair 2011 ပြပွဲကြီးတင်ပြင်ဆင်ဆောင်ရွက်မှုများ
၂:၅၀	ကံပေါက်ဒေသမှ လှေ့လာစရာများ
၃:၁၀	လှပသစ်ဆန်းအလှပြင်ခန်း (Feel Saloon)
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၀)
၄:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈)
၅:၀၀	ရသစုံလင်စိမ်းလဲ့တင်ရဲ့ပျိုးဉယျာဉ်
၅:၂၅	The Champion of Dance (မြန်မာ့ရိုးရာသကြ်န်ယိမ်းအကပြိုင်ပွဲ) (အပိုင်း-၂)
၆:၀၀	MRTV-4 သတင်း
၆:၂၀	Celebrity Choice (စန္ဒာဝင်း) (အပိုင်း-၂)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၁)
၇:၃၀	ပျော်စရာကြီး Live Show (အပိုင်း-၅)
၈:၀၀	MRTV-4 သတင်း
၈:၃၀	အနုပညာမိုးကောင်းကင်
၈:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉)
၁၀:၁၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာသက်နှင်းအေး)
၁၀:၃၅	**မင်းအချစ်ကလိုပါသေးတယ်** စစ်ပိုင်၊ ဟန်ထူး၊ အမ်ဖိုင်း၊ ချစ်စနိုးဦး (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၁၀:၅၀	World of Knowledge (Manster Moves Risty Rescues)
၁၁:၄၀	ကျန်းမာစေသောရေ (ဒေါက်တာဇင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁၂:၁၀	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
၁၂:၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး)
၁၂:၄၅	နယဉ်ဆန်းထွင်ပန်းအလှဆင် (Diamond ပုံပန်းအိုးထိုးနည်း)
၁:၂၀	Treasure From The Earth (အပိုင်း-၂)
၁:၄၅	အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့အတွက်မေမေ) (အပိုင်း-၁)
၂:၀၀	ဖူးပွင့်ဝေဆာရွှေကျင်မြေမှ ဉယျာဉ်သာ
၂:၁၅	တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၂:၄၀	ရိုးရာအလုပ်မှာနီးတောင်းနီးဖျာ
၂:၅၀	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
၄:၅၀	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီးစေတီများ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂၂ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုးရွာသွန်းမှု

နေပြည်တော် မတ် ၂၁

ကော့သောင်းမြို့	၀ ဒသမ ၃၂ လက်မ
ပူတာအိုမြို့	၀ ဒသမ ၀၈ လက်မ

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်း၏ ဧရာဝတီမြစ်ဆုံနှင့် မေခ၊ မလိခမြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်းက **ကချင်ပြည်နယ်တွင် ဧရာဝတီမြစ်ဆုံ မေခ၊ မလိခမြစ်ဝှမ်း၌ ရေအားလျှပ်စစ်စီမံကိန်း(၇)ခု တည်ဆောက်အကောင်အထည်ဖော်နေသည်ဟု သိရှိရပါကြောင်း၊ မြစ်ဆုံစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ရွာ(၅)ရွာအတွက် ရွာနေရာများပြောင်းရွှေ့ပြီး ပြန်လည်နေရာချထားရာတွင် မူလရှိပြီးဖြစ်သော အခြေအနေထက် ပိုမိုမြင့်မားသည့် နေရာထိုင်ခင်းများ၊ အိမ်ရာများ၊ လမ်းများ၊ လျှပ်စစ်မီး၊ သုံးစွဲရန်ရေ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံများစသည်ဖြင့် ပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေးထားသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဤကဲ့သို့ အဆင်ပြေဆုံးဖြစ်အောင် အဆင့်မြင့်မားစွာဖြင့် အဆင်သင့် နေထိုင်နိုင်သည်အထိ စီစဉ်ပေးမှုအတွက် ဝမ်းမြောက်ကြည်နူးမှုများ ဖြစ်ကြရသကဲ့သို့ စီမံကိန်းတွင်လည်း မိမိတို့ လုပ်နိုင်သမျှသော အလုပ်အကိုင်များ ရရှိကြောင်းလည်း ကြားသိရပါကြောင်း၊ မြစ်ဆုံစီမံကိန်း၏ အထက်ဘက် ရေဝပ်ဧရိယာများတွင် ပါဝင်သွားမည့် ရွာများနှင့် ရွာများရှိပြည်သူများအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း။**

ဧရာဝတီမြစ်ဆုံ မေခ၊ မလိခ ရေအားလျှပ်စစ်စီမံကိန်းများ၏ လျှပ်စစ်ဓာတ်အား ရရှိနိုင်မည့် အခြေအနေ၊ စီမံကိန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများက လက်တလောရရှိနိုင်သည့် အခွင့်အလမ်းများနှင့် အနာဂတ်တွင်ရရှိနိုင်သော အခွင့်အလမ်းများကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အချက်(၂)ချက်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်း မေးမြန်းသော မေးခွန်းတွင် အချက်(၂)ချက် အဓိက ပါဝင်ပါကြောင်း။

ပထမမေးခွန်းနှင့်ပတ်သက်၍ မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ရွာ(၅)ရွာမှာ တန်ဖဲ၊ ကျိန်ခရမ်၊ မြစ်ဆုံ၊ ခပွါး/အောင်ဂျာယန်၊ ဒေါင်ပန်ရွာတို့ဖြစ်ပြီး စုစုပေါင်း အိမ်ထောင်စု(၄၁၀)၊ လူဦးရေ(၂၁၄၆)ဦး ပါဝင်ပါကြောင်း၊ ၎င်းရွာ(၅)ရွာကို ရွှေ့ပြောင်း ပြန်လည်နေရာချထားရာတွင် တန်ဖဲ၊ ကျိန်ခရမ်၊ မြစ်ဆုံရွာ(၃)ရွာကို "အောင်မြင်သာစံပြကျေးရွာသစ်" အဖြစ်လည်းကောင်း၊ ခပွါး/ အောင်ဂျာယန်နှင့် ဒေါင်ပန်ရွာ(၂)ရွာကို "မလိယန်စံပြ ကျေးရွာသစ်" အဖြစ်လည်းကောင်း တည်ဆောက်လျက် နေရာချပေးခဲ့ပါကြောင်း၊ ရွာလမ်းမများသည် ကွန်ကရစ်လမ်းမများဖြစ်ပြီး တစ်အိမ်ထောင်စုစီ၏ ခြံကွက်များကို မူလ၎င်းတို့ နေထိုင်ခဲ့သော မြေအကျယ်အဝန်းအပေါ် မူတည်၍ ပေ (၈၀×၆၀)၊ ပေ (၈၀×၈၀)၊ ပေ (၁၀၀×၁၀၀)၊ ပေ (၁၀၀×၁၂၀) ခြံကွက်များအဖြစ် အသီးသီးမြေပြုပြင် ပေးလျက် ခြံဝင်းခတ်ပေးပါကြောင်း၊ စုစုပေါင်း လူနေ သစ်သားနှစ်ထပ်အိမ် (၄၁၀)၊ အထက်တန်းကျောင်းတစ်ကျောင်း နှင့် တိုးချဲ့နှစ်ထပ်ဆောင် တစ်ဆောင်၊ မူလတန်းကျောင်း သုံးကျောင်း၊ ရဲစခန်းတစ်ခု၊ စာတိုက်တစ်ခု၊ မီးသတ်အဆောက်အအုံ တစ်ခု၊ ကျေးရွာအုပ်ချုပ်ရေးရုံးတစ်ရုံး၊ (၁၆)ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ဗုဒ္ဓဘာသာ/ ခရစ်ယာန် ဘာသာရေးအဆောက်အအုံ လေးလုံး ဆောက်လုပ်ပေးခဲ့ပါကြောင်း။

ပြန်လည်ဖော်ထုတ်

လူနေသစ်သားနှစ်ထပ်အိမ်များသည် ကချင်တိုင်းရင်းသားရိုးရာ အိမ်ပုံစံများဖြစ်ပြီး အခြားအဆောက်အအုံများသည် အခိုင်အမာ RC အဆောက်အအုံများ ဖြစ်ပါကြောင်း၊ အိမ်များအားလုံးအတွက် ရေစနစ်၊ လျှပ်စစ်မီးစနစ်များပါဝင်ပြီး ပြောင်းရွှေ့နေထိုင်ကြသော မိသားစုများအတွက် မူလ၎င်းတို့နေထိုင်ခဲ့သော အဆင့်ထက် များစွာသာလွန်အောင် စီမံပေးခဲ့ပါကြောင်း၊ အသစ်တည်ဆောက်ပေးသော ကျေးရွာသည် စံပြကျေးရွာအဆင့်ဖြစ်ပြီး စီမံကိန်းမှ အသစ်တည်ဆောက်ဖောက်လုပ်ထားသော မြစ်ကြီးနားနှင့်မြစ်ဆုံသွားသည့် ကွန်ကရစ်လမ်းမကြီး၏ ဘေးတွင် ကပ်လျက်တည်ရှိသဖြင့် မြို့ငယ်တစ်မြို့ကဲ့သို့ အဆင့်မြင့်စွာဖြစ်ပေါ်တည်ရှိပြီး ပြောင်းရွှေ့ပြည်သူများ ကျေနပ်နှစ်ခြိုက်ဝမ်းသာကြသည်ကို ကြားသိရပါကြောင်း၊ သတင်းစာများ၊ ရုပ်မြင်သံကြားသတင်းများတွင်လည်း ဖော်ပြခဲ့သဖြင့် တွေ့ရှိကြပြီးဖြစ်ပါကြောင်း၊ ၎င်းအပြင် မူလဒေသခံများ၏ လယ်ယာများနှင့် နှစ်ရှည်သီးနှံပင် အမျိုးမျိုးတို့အတွက်လည်း ဒေသအာဏာပိုင်များ ညှိနှိုင်းစီစဉ်သတ်မှတ်ပေးသည့် ဈေးနှုန်းအတိုင်း ပေးလျော်ပြီးဖြစ်သည့်အပြင် ၎င်းတို့၏ လယ်များကိုလည်း လယ်အသစ် ပြန်လည် ဖော်ထုတ်ပေးခဲ့ပါကြောင်း။

ယခုတင်ပြချက်များသည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဧရိယာနှင့်မလွတ်ကင်းသည့် ကျေးရွာ(၅)ရွာအတွက် ပြန်လည်နေရာချထားပေးမှု အစီအမံများဖြစ်ပါကြောင်း၊ မြစ်ဆုံစီမံကိန်း၏ အထက်ဘက် ရေဝပ်ဧရိယာအတွင်းရှိ ကျေးရွာများ၊ ကျေးရွာပြည်သူများအတွက်လည်း ဒေသအာဏာပိုင်များက ညှိနှိုင်းစီစဉ်ပေးသော မြေနေရာများတွင် အထက်ပါတင်ပြခဲ့သည့်အတိုင်း ကျေးရွာပြည်သူများ၏ လူမှုရေး၊ စီးပွားရေး အခြေအနေများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်မြင့်မားသော လူမှုပတ်ဝန်းကျင်ဖြစ်အောင် စနစ်တကျ စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို အသိပေးဖြေကြားအပ်ပါကြောင်း။

မြစ်ဆုံစီမံကိန်း

ဒုတိယမေးခွန်းနှင့် ပတ်သက်၍ **ဧရာဝတီမြစ်ဆုံနှင့်အထက်ဘက် မေခ၊ မလိခမြစ်ဝှမ်းတွင် ရေအားလျှပ်စစ် စီမံကိန်း ရှစ်ခု တည်ဆောက်မည်ဖြစ်ပြီး ၎င်းတို့မှာ မြစ်ဆုံ၊ ချီဖွေ၊ ချီဖွေငယ်၊ ဝူဆောက်၊ ခေါင်လန်ဖူး၊ ယီနန်၊ ဖီဇော၊ လိုင်ဇာ စီမံကိန်းတို့ဖြစ်ပါကြောင်း၊ စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အား(၁၈၄၉၉) မဂ္ဂါဝပ် ဖြစ်ပါကြောင်း၊ ယခုဖော်ပြသည့် စီမံကိန်းအားလုံးသည် (၁၅)နှစ်အတွင်း အပြီးတည်ဆောက်မည့် စီမံကိန်းများဖြစ်၍ မြစ်ဆုံစီမံကိန်းသည် စက်တပ်ဆင်အားမဂ္ဂါဝပ် (၆၀၀၀)ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ပထမစက်တစ်လုံး စတင်လည်ပတ် ဓာတ်အားထုတ်လုပ်လျက် ၂၀၁၉ ခုနှစ်အကုန်တွင် စက်အားလုံးပြီးစီး၍ ဓာတ်အားထုတ်လုပ်ပေးမည်ဖြစ်ပါကြောင်း။**

စီမံကိန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ လက်တလောရရှိနိုင်သော အခွင့်အလမ်းများမှာ မိမိတို့ ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် မူတည်၍ ကျောက်၊ သဲထုတ်လုပ်ခြင်း၊ အဆောက် အအုံများ ဆောက်လုပ်ခြင်း၊ လမ်းများ ဖောက်လုပ်ခြင်းအပါအဝင် စီမံကိန်း၏ မြို့ပြဆိုင်ရာလိုအပ်ချက်များ အတွက် အလုပ်အကိုင် ရရှိနိုင်ပါကြောင်း၊ အထူး သဖြင့် စီမံကိန်းတိုင်းတွင် အလုပ်သမား ဦးရေ ထောင်ချီ၍ သောင်းချီ ရှိလာမည် ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်၊ အသားငါး၊ အစားအစာ ထုတ်လုပ်ပေးသွင်း ရေးနှင့် သော Food Supply လုပ်ငန်းအဆောင် ရွက်နိုင်သည့်အလုပ်အကိုင် အခွင့်အလမ်း များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ Food Supply လုပ်ငန်းတစ်ခုတည်းပင်လျှင် အလွန်ကြီးမားသော လုပ်ငန်းဖြစ်ပါ ကြောင်း။

ဖွံ့ဖြိုးတိုးတက်

အနာဂတ်တွင် ရရှိနိုင်သော အခွင့်အလမ်းများအနေဖြင့် **လမ်း၊ တံတားများနှင့်ပတ်သက်၍ မြစ်ဆုံမှ မေခမြစ်ကြောင်းအတိုင်း မေခမြစ်၏ အရှေ့ဘက်ကမ်းတွင် ရာသီမရွေးသုံးနိုင်သော လမ်းမကြီး တစ်လမ်း၊ မြစ်ဆုံမှယီနန်အထိ (၂၆၁) မိုင်ခန့်၊ မြစ်ဆုံမှ မလိခမြစ်ကြောင်းအတိုင်း မလိခမြစ်၏ အနောက်ဘက်ကမ်းတွင် ရာသီမရွေး အသုံးပြုနိုင်သော လမ်းမကြီး တစ်လမ်း၊ မြစ်ဆုံမှလိုင်ဇာအထိ မိုင်(၁၇၀) ခန့် ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း၊ လမ်းမကြီးများနှင့်ယှဉ်တွဲ၍ စီမံကိန်း နေရာတိုင်း၌ မြစ်ဆုံ၏တောင်ဘက်တွင်** တံတားကြီး(၁)စင်း၊ မေခမြစ်ပေါ်၌ တံတားကြီး(၅)စင်းနှင့် မလိခမြစ်ပေါ် တွင် တံတားကြီး(၁)စင်း၊ စုစုပေါင်း တံတားကြီး(၇)စင်း တည်ဆောက်မည်ဖြစ်ပြီး တံတားများ၏ခံနိုင်ဝန်မှာ တန်(၈၀) ရှိမည်ဖြစ်ပါကြောင်း၊ ယခု မြစ်ဆုံ တောင်ဘက်တွင် ဧရာဝတီမြစ်ကူးတံတားတစ်ခု တည်ဆောက်နေပြီး ယခု ၂၀၁၁ ခုနှစ် အတွင်း ပြီးစီးမည်ဖြစ်ပါကြောင်း၊ အထက်ပါဖြစ်ပေါ်လာမည့် လမ်း၊ တံတားများကို အသုံးပြု၍ ကချင်ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး ကူးလူးဆက်ဆံ သွားလာကောင်းမွန်မှုများ ရှိလာမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေးသာမက ဒေသတွင်း လူမှုဆက်ဆံရေး၊ ချစ်ကြည်စည်းလုံးရေး ကိစ္စများလည်း များစွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

အမှတ်(၁) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း မေးမြန်းချက်ကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်စီမံကိန်းများ တည်ဆောက်နေချိန်တွင် အထက်တွင် တင်ပြခဲ့သည့်အတိုင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်သကဲ့သို့ စီမံကိန်းများ ပြီးစီး၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ မောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်ချိန်တွင်လည်း ဒေသခံလူငယ်များ၊ ပညာတတ်များ ဓာတ်အားပေးစက်ရုံများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားလွှမ်းခြုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လျှပ်စစ်ကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်ရသော စက်မှုလုပ်ငန်းများ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများသည် အနာဂတ်ကာလတွင် အရှိန်အဟုန်မြင့်မားစွာဖြင့် တိုးတက်လာမည့် အခွင့်အလမ်းများ ပေါ်ပေါက်ရရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ ချင်းပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံများတည်ထောင်နိုင်ရန် ချင်းပြည်နယ်ရှိ မြို့များအားလုံးသို့ မဟာဓာတ်အားလိုင်း (National Power Grid) သွယ်တန်းဖြန့်ဝေပေးရေးနှင့်စပ်လျဉ်းသည့် မေးခွန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းက **ချင်းပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်နိုင်ရန် ချင်းပြည်နယ်ရှိ မြို့များအားလုံးသို့ မဟာဓာတ်အားလိုင်း (National Power Grid)သွယ်တန်းဖြန့်ဝေပေးရေးနှင့် စပ်လျဉ်း၍ သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ဓာတ်အားပေး

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က **နိုင်ငံတော်က ချင်းပြည်နယ်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ခြင်း မရှိသေးသော်လည်း ချင်းပြည်နယ် မြို့တော်ဟားခါး၊ ခရိုင်ရုံးစိုက်ရာမြို့များဖြစ်သော ဖလမ်းနှင့် မင်းတပ်အပါအဝင် တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါး၊ ရီခေါ်ဒါရ်၊ မတူပီ၊ ကန်ပက်လက်၊ ရေဇွာ၊ ပလက်ဝ စသည့် မြို့(၁၂)မြို့တို့ကို နည်းလမ်းနှစ်ခုဖြင့် ဓာတ်အားရရှိသုံးစွဲနိုင်အောင် စီစဉ် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ထိုနည်းလမ်းနှစ်ခုမှာ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့် မြစ်ငယ်၊ ချောင်းငယ် များတွင် အသေးစားရေအားလျှပ်စစ်စက်ရုံ များ တည်ဆောက်၍ အနီးဆုံးမြို့၊ ရွာ များသို့ ဓာတ်အားပေးခြင်းနှင့် ဒီဇယ် ဓာတ်အားပေးစက်များဖြင့် ဓာတ်အား ပေးခြင်းတို့ ဖြစ်ပါကြောင်း။**

ပထမနည်းလမ်းဖြစ်သည့် ရေအား လျှပ်စစ်ထုတ်လုပ်နိုင်သည့် မြစ်ငယ်၊ ချောင်းငယ်များတွင် အသေးစားရေအား လျှပ်စစ်စက်ရုံများတည်ဆောက်၍ အနီးဆုံး မြို့၊ ရွာများသို့ ဓာတ်အားပေးခြင်းနှင့် ချင်းပြည်နယ်အတွင်း စက်ရုံပေါင်း ရှစ်ရုံ၊ စုစုပေါင်းတပ်ဆင်အား (၁၀၁၃)ကီလိုဝပ် ရှိပါကြောင်း၊ ထိုအသေးစားရေအားလျှပ်စစ်စက်ရုံ များမှ ဓာတ်အားဖြန့်ဖြူးပေးရာတွင် လိုင်ဗားစက်ရုံ ကီလိုဝပ် (၆၀၀)မှ ဟားခါး မြို့နှင့်ပတ်ဝန်းကျင်ရွာ လေးရွာ၊ ထန်တလန် မြို့နှင့်ပတ်ဝန်းကျင်ရွာ လေးရွာတို့ကိုလည်းကောင်း၊ ဒေါင်ဗားစက်ရုံ ကီလိုဝပ်(၄၀၀)မှ ဟားခါးမြို့နှင့်ပတ်ဝန်းကျင်ရွာ နှစ်ရွာတို့ကို လည်းကောင်း၊ ငစစ်ဗားစက်ရုံ ကီလိုဝပ် (၁၀၀၀)မှ ဖလမ်းမြို့နှင့်ပတ်ဝန်းကျင်ရွာ ကိုးရွာတို့ကိုလည်းကောင်း၊ ဇာလွီးစက်ရုံ ကီလိုဝပ်(၄၀၀)မှ တီးတိန်မြို့နှင့် ပတ်ဝန်းကျင် ရွာသုံးရွာတို့ကို လည်းကောင်း၊ ထွီးဆောင်းစက်ရုံ (၁၆၄)ကီလိုဝပ်မှ တွန်းဇံမြို့နှင့် ပတ်ဝန်းကျင်ရွာ နှစ်ရွာတို့ကို လည်းကောင်း၊ ချီချောင်းစက်ရုံ ကီလိုဝပ် (၂၆၀)မှ မင်းတပ်မြို့ကိုလည်းကောင်း၊ နမ့်လောင်စက်ရုံ (၁၃၉) ကီလိုဝပ်မှ မတူပီမြို့ကိုလည်းကောင်း၊ ပလက်ဝစက်ရုံ (၅၀)ကီလိုဝပ်မှ ပလက်ဝမြို့ကိုလည်း ကောင်း အသီးသီးဓာတ်အားပေးလျက်ရှိပါ ကြောင်း။

လျှပ်စစ်မီးရရှိ

ထို့ကြောင့် ချင်းပြည်နယ်တွင် အသေးစား ရေအားစက်ရုံ ရှစ်ရုံမှ ဓာတ်အား ပေးထားသည့် မြို့ပေါင်း (၈)မြို့နှင့် ရွာပေါင်း (၂၄)ရွာရှိပါကြောင်း၊ ထိုကဲ့သို့ အသေးစားရေအားလျှပ်စစ် ဓာတ်အား ပေးစက်ရုံများမှ ဓာတ်အားပေးနေသော နေရာများတွင် တစ်နှစ်လျှင် ဇူလိုင်လမှ ဇန်နဝါရီလအထိ (၇)လ၌ တစ်ရက်လျှင် (၂၄)နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ပေးနိုင်ပါကြောင်း၊ ကျန်(၅)လတွင် ရေနည်းသွားသည့်အတွက် ထိုမြို့ (၈)မြို့၌ တပ်ဆင်ထားသော ဒီဇယ်စက် (၁၉)လုံး၊ စက်အင်အား (၁၁၁၉)ကီလိုဝပ်ကိုပါတွဲပြီး ဓာတ်အားဖြန့်ဖြူးပေးခြင်းဖြစ်သည့် အတွက် တစ်နေ့လျှင် (၆)နာရီ လျှပ်စစ်မီး ရရှိကြ ပါကြောင်း။

ဓာတ်အားဖြန့်ဖြူး

ဒုတိယနည်းလမ်းဖြစ်သော ဒီဇယ် ဓာတ်အားပေးစက် တစ်မျိုးတည်းဖြင့်သာ ဓာတ်အားပေးထားသည့် မြို့များမှာ ကန် ပက်လက်၊ ရေဇွာ၊ ရီခေါ်ဒါရ်နှင့်ကျီခါးမြို့ စုစုပေါင်း(၄)မြို့ဖြစ်ပြီး ဒီဇယ်စက်(၉)လုံး၊ စက်အင်အား (၄၂၃)ကီလိုဝပ် ဖြစ်ပါ ကြောင်း၊ ၎င်းမြို့များတွင် နိုင်ငံတော် ကရရှိသည့် ဒီဇယ်ဆီခွဲတမ်းနှင့်စက်များ မောင်းနှင်ခြင်းဖြင့်ဓာတ်အားကို တစ်နေ့ လျှင် ၂ နာရီ ဓာတ်အားပေးနိုင်ပါကြောင်း၊ ဒီဇယ်စက်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ကုန်ကျစရိတ်ကို ကြည့်မည် ဆိုပါက ဒီဇယ်တစ်ဂါလန်လျှင် ကျပ် (၃၀၀၀)နှုန်းဖြစ်လျှင် ပျမ်းမျှလျှပ်စစ် ဓာတ်အား (၁၀)ယူနစ်ထွက်ရှိသည့်အတွက် တစ်ယူနစ်လျှင်ဆီဖိုးကျပ်(၃၀၀) ဖြစ်ပါ ကြောင်း၊ သယ်ပို့စရိတ်အနေဖြင့် တစ်ယူ နစ် (၁၉)ကျပ်နှုန်း ဖြစ်သည့်အတွက် တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ် စုစု ပေါင်း (၃၁၉)ကျပ်ဖြစ်ပါကြောင်း၊ လျှပ်စစ် ဓာတ်အားခရောင်းဈေးသည် တစ်ယူနစ် လျှင် ရိုးရိုးအိမ်သုံးမီတာ(၂၅)ကျပ်၊ စီးပွား ရေးသုံးမီတာ (၅၀)ကျပ်ဖြစ်သည့်အတွက် (၂၉၄)ကျပ် ရှုံးပါကြောင်း၊ ဆီတစ်ဂါလန် တွင် (၁၀)ယူနစ်ထုတ်လုပ်သည့်အတွက် ဆီတစ်ဂါလန်အသုံးပြုတိုင်း (၂၉၄၀) ကျပ်ရှုံးပါကြောင်း၊ ချင်းပြည်နယ်တစ်ခုလုံး အတွက် တစ်လလျှင်ငွေကျပ် ၁၀ဒသမ ၇ သန်းခန့်ရှုံးပြီး တစ်နှစ်အတွက် ငွေကျပ် ၁၂၈ဒသမ၄သန်း အရှုံးခံကာ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

စေတနာထားဆောင်ရွက်

ချင်းပြည်နယ်ကို ယခုကဲ့သို့ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်နယ်ရုံး (၁)ရုံး၊ ခရိုင်ရုံး (၂)ရုံး၊ မြို့နယ်ရုံး (၉)ရုံး၊ မြို့နယ်ခွဲရုံး (၃)ရုံး၊ စုစုပေါင်း လျှပ်စစ် အင်ဂျင်နီယာရုံးပေါင်း (၁၅)ရုံးနှင့် အသေး စား ရေအားလျှပ်စစ်စက်ရုံ (၈)ရုံတို့တွင် ဝန်ထမ်းအင်အား အရာထမ်း (၁၀)ဦး၊ အမှုထမ်း (၁၈၇)ဦး၊ စုစုပေါင်း (၁၉၇)ဦး ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုဝန်ထမ်းများထဲတွင် ချင်းအမျိုးသား အရာထမ်း (၃)ဦး၊ အမှုထမ်း (၁၇၄)ဦး၊ စုစုပေါင်း (၁၇၇) ဦး ပါဝင်သောကြောင့် ဝန်ထမ်းအားလုံး၏ ၈၉ဒသမ၈၅ရာခိုင်နှုန်း သည် ချင်းအမျိုးသားများဖြစ်ပါကြောင်း၊ ခန့်အပ်ထားသော ဝန်ထမ်းအားလုံး၏ တစ်လလစာသည် ၇ဒသမ၂၅သန်းဖြစ်ပြီး တစ်နှစ်လျှင် (၈၇)သန်းခန့် ကုန်ကျ ပါကြောင်း၊ ချင်းပြည်နယ် တစ်ခုလုံးတွင် တပ်ဆင်ထားသော အသေးစားရေအား လျှပ်စစ်စက်ရုံ (၈) ရုံ တပ်ဆင်အင်အား (၁၀၁၃)ကီလိုဝပ်ကို တည်ဆောက်မှု ကုန်ကျစရိတ်တွင် စုစုပေါင်း (၈၉)သန်း ရှိပြီး ဒီဇယ်မီးစက် (၂၈)လုံး (၁၅၄၂ ကီလိုဝပ်) ၏ တန်ဖိုးအနေဖြင့် ၂၈ဒသမ၉၅ သန်း ခန့် ဖြစ်ပါကြောင်း၊ ၎င်းမီးစက်များမှ ဓာတ်အား ထုတ်လုပ်နိုင်ရန် နိုင်ငံတော်က စက်သုံးဆီ တစ်လလျှင် ဂါလန် (၃၆၄၀)၊ တစ်နှစ်လျှင်ဂါလန် (၄၃၆၈၀)ကျခံပေးရပါ **ကြောင်း၊ လောင်စာဆီ တန်ဖိုးအနေဖြင့် တစ်လလျှင် (၁၄ဒသမ၂၅)သန်း၊ တစ်နှစ် လျှင် (၁၇၀ဒသမ၉၇)သန်း ကုန်ကျပါ ကြောင်း၊ ထို့အပြင် ဓာတ်အားလိုင်းများ နှင့်ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက် ခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက် များ၊ ဒီဇယ်ဓာတ်အားပေးစက်များ ကြံ့ခိုင် ထိန်းသိမ်းမှုပြုလုပ်ခြင်း၊ အဆောက်အအုံ များ ဆောက်လုပ်ပြုပြင်ခြင်းတို့အတွက် ယခု(၂၀၁၀-၂၀၁၁) ဘဏ္ဍာရေးနှစ် အတွင်းတွင် သာမန်နှင့် ငွေလုံး ငွေရင်း အသုံးစရိတ် ငွေကျပ် သန်းပေါင်း (၁၅၃၅ ဒသမ၆၆၇)သန်းကို နိုင်ငံတော်က ကျခံ သုံးစွဲပေးခဲ့ပါကြောင်း၊ နိုင်ငံတော်က ချင်း ပြည်နယ်အပေါ်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် စေတနာထားဆောင် ရွက်ပေးထားမှု ရှင်းလင်းတင်ပြချက်ကို နားလည်သဘောပေါက်မည်ဟု ယူဆပါ ကြောင်း။**

ဖြေကြား

နိုင်ငံတော် ဓာတ်အားစနစ်မှ တစ်ဆင့် ချင်းပြည်နယ်ကို ဓာတ်အား လိုင်း ဆက်သွယ်ဖြန့်ဖြူးမည့် အစီအစဉ် များအား ဆက်လက်ရှင်းလင်း ဖြေကြား မည်ဖြစ်ပါကြောင်း၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါ မြို့နယ်တွင်ရှိသည့် မြစ်သာရေအားလျှပ်စစ် စီမံကိန်းမဂ္ဂါဝပ်(၄၀)နှင့် ကလေးခရိုင်၊ ကလေးမြို့နယ်တွင်ရှိသည့် မဏိပူရေအား လျှပ်စစ်စီမံကိန်း မဂ္ဂါဝပ်(၃၈၀)တို့ကို ဂန့်ဂေါ၊ ကျော၊ ချောင်းကူး၊ ပခုက္ကူ၊ ညောင်ပင်ကြီးခွဲရုံများမှတစ်ဆင့် ဓာတ်အား စနစ်နှင့် ချိတ်ဆက်မည်ဖြစ်သကဲ့သို့ ချင်း ပြည်နယ်တွင်ရှိသည့် ဟားခါး၊ ဖလမ်း၊ တီးတိန်မြို့များတွင်လည်း (၆၆)ကေဗွီ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေး ရန် စီစဉ်ထားရှိပါကြောင်း၊ ထို့ပြင် ဂန့်ဂေါ မှတစ်ဆင့် မတူပီ၊ ၎င်းမှတစ်ဆင့် မင်းတပ်မြို့များသို့လည်း (၆၆)ကေဗွီ ဓာတ်အားလိုင်းများဖြင့် ဆက်သွယ်ပြီး ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ထားရှိပါ ကြောင်း၊ အလားတူ ရခိုင်ပြည်နယ်မှ ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သည့် စိုင်ဒင် (၇၆ဒသမ၅)မဂ္ဂါဝပ်၊ လေးမြို့ မဂ္ဂါဝပ်(၅၀၀)၊ သူရေးချောင်း (၁၁၁) မဂ္ဂါဝပ် စီမံကိန်းများမှ ကျောက်တော် မြို့ကို ဓာတ်အားပို့လွှတ်မည်ဖြစ်သည့် အတွက် ကျောက်တော်ခွဲရုံမှ ချင်းပြည်နယ် ပလက်ဝမြို့ကို (၃၃)ကေဗွီဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက် ဖြန့်ဖြူးပေးရန် စီစဉ်ထားရှိပါကြောင်းနှင့် နိုင်ငံတော်အနေဖြင့် ချင်းပြည်နယ်အပေါ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး အတွက် ငွေကြေးများမြောက်မြားစွာ ရင်းနှီး ပေးထားသည်ကို နိုင်ငံတော်က အကျိုး အမြတ်ကို မကြည့်ဘဲ ငွေကြေးများစွာ အနစ်နာခံကာ စီစဉ်ဆောင်ရွက်ပေးထား သည်ကို ကိုယ်စားလှယ်အနေဖြင့် ယခုအခါ သိရှိနားလည် သဘောပေါက်မည်ဟု ယူဆပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရပ်များ၌ ကောက်ခံနေသော အခွန်အခများနှင့်စပ်လျဉ်းသည့် မေးခွန်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၃၅ အရ ဈေးကွက်စီးပွားရေးစနစ် တိုးတက်ထွန်းကားစေရေးနှင့် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဂ)အရ အများပြည်သူတို့၏ အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ပို့ကုန်သွင်းကုန် လုပ်ငန်းရပ်များ၌ ကောက်ခံနေသော အခွန်အခများအတွက် နိုင်ငံတော်အစိုးရက ကုန်သွယ်မှု မူဝါဒကောင်စီကို ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာဈေးကွက်တွင် အခွင့်အလမ်းများ ပိုမိုတိုးတက် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ ပို့ကုန်ဝင်ငွေနှင့် (GDP) တိုးမြှင့်လာစေရန်အတွက် သက်ဆိုင်ရာကုမ္ပဏီနှင့် လုပ်ငန်းရှင်များအပေါ် ဘဏ္ဍာရေးနှစ်အလိုက် အမြတ်ခွန်ကိုသာ သီးသန့်ကောက်ခံပြီး သီးခြားကောက်ခံလျက်ရှိသော ပို့ကုန်လုပ်ငန်းစဉ်များ၌ ကုန်သွယ်ခွန် (၂) ရာခိုင်နှုန်း၊ ဝင်ငွေခွန် (၈)ရာခိုင်နှုန်း စုစုပေါင်း (၁၀)ရာခိုင်နှုန်း အခွန်ကောက်ခံမှုနှင့် သွင်းကုန်လုပ်ငန်းစဉ်များတွင် (၃ ဒသမ ၅) ရာခိုင်နှုန်း ပင်ရင်း၌ နုတ်ယူသည့်အခွန်များ ကောက်ခံနေခြင်းကို ပယ်ဖျက်ပေးနိုင်ခြင်း ရှိ မရှိနှင့် ဒေသအတွင်း နိုင်ငံများတွင် ပို့ကုန်တိုးမြှင့်ရေးအတွက် အဆိုပါ အခွန်အခများကို ကောက်ခံခြင်းမရှိဘဲ ယနေ့ ကမ္ဘာပေါ်တွင် ဒုတိယစီးပွားရေး အင်အားအကြီးဆုံးဖြစ်လာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ဆိုလျှင် အချို့သော ပို့ကုန်အမယ်များအတွက် ဆောင်ငွေကိုပါ နိုင်ငံတော်က ဖြည့်ဆည်းကျခံပေးသည့်အတိုင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပထမဦးစွာ ဝင်ငွေခွန်နှင့်ပတ်သက်၍ လက်ရှိစနစ်အရ တစ်ဦးချင်းပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအပေါ် အမြတ်ခွန်နှင့် ဝင်ငွေခွန် ကောက်ခံနေမှုအား ရှင်းလင်းတင်ပြလိုပါကြောင်း၊ လက်ရှိတွင် ပြည်တွင်းကျပ်ငွေနှင့် ဝင်ငွေရရှိသည့် တစ်ဦးချင်းပုဂ္ဂိုလ်များအပေါ်၌ အမြတ်ခွန်ဥပဒေအရလည်းကောင်း၊ ကုမ္ပဏီနှင့် အဖွဲ့အစည်းများအပေါ်၌ ကုမ္ပဏီများဥပဒေအရလည်းကောင်း ဝင်ငွေခွန်ကို ကျပ်ငွေဖြင့် ကောက်ခံလျက်ရှိပြီး နိုင်ငံခြားငွေနှင့် ဝင်ငွေရရှိပါက တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ ဝင်ငွေခွန်ဥပဒေအရ နိုင်ငံခြားငွေဖြင့် ကောက်ခံလျက်ရှိပါကြောင်း။

ပြန်လည်ခုနှိမ်ရှင်းလင်း

ဝင်ငွေခွန်ဥပဒေအရ စည်းကြပ်ကောက်ခံမည်ဆိုပါက အသားတင်အမြတ်၏ (၃၀)ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည့်အတွက် အခွန်ထမ်းများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် လည်းကောင်း၊ အခွန်ပေးဆောင်ရာတွင် ရှင်းလင်းလွယ်ကူစေရန်လည်းကောင်း နိုင်ငံခြားငွေဖြင့် ရောင်းရငွေစုစုပေါင်းအပေါ်တွင် (၂) ရာခိုင်နှုန်းသာ ပေးဆောင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ ကုန်သွယ်မှု မူဝါဒကောင်စီက ချမှတ်ထားသည့် မူဝါဒဖြစ်ကြောင်း၊ ထို (၂)ရာခိုင်နှုန်း ကောက်ခံသည့် နိုင်ငံခြားငွေကိုလည်း နှစ်ကုန်သွားသည့်အခါ ဝင်ငွေကိုရှင်းလင်းသည့်အခါ၌ ပြန်လည်၍ ခုနှိမ်ရှင်းလင်းပေးပါကြောင်း။

အလားတူ ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေရှိပါကြောင်း၊ ဥပဒေအမျိုးအစားလိုက် ဇယားများရှိပါကြောင်း၊ အခါအားလျော်စွာ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ကုန်သည်ကြီးများအသင်း၊ စီးပွားရေးလုပ်ငန်းရှင်များအသင်းများသို့လည်း မကြာခဏရှင်းလင်းပြောကြားလျက်ရှိပါကြောင်း၊ ဇယားတိုင်များတွင် အခွန်နှုန်းထားများကို ပစ္စည်းအမျိုးအစားအလိုက် ကုန်သွယ်လုပ်ငန်းခွန် (၅)ရာခိုင်နှုန်းမှ (၂၀၀)ရာခိုင်နှုန်းအထိ ရှိပါကြောင်း၊ မိမိနိုင်ငံတွင် မလိုအပ်သည့် ပစ္စည်းများကို ပိုမိုစည်းကြပ်ထားပါကြောင်း၊ မိမိလိုလားသည့်ပစ္စည်းများကိုလျှော့၍ ကောက်ခံပါကြောင်း၊ အချို့ကို ကင်းလွတ်ခွင့်များအထိ ပေးထားပါကြောင်း၊ သို့သော် နိုင်ငံခြားငွေဖြင့်ရောင်းရငွေပေါ်တွင်မူ ကုန်သွယ်မှု မူဝါဒကောင်စီ၏ ဆုံးဖြတ်ချက်အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ထမ်းများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် အခွန်ပေးဆောင်ရာ၌ ရှင်းလင်းစေရန်အတွက် နိုင်ငံခြားငွေနှင့် ရောင်းရသည့်အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကို (၈)ရာခိုင်နှုန်းသာပေးဆောင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပေးဆောင်စေခြင်းနှင့် ပတ်သက်ပြီး ယခုအချိန်တွင် နိုင်ငံတော်၏လိုအပ်ချက်အရ ဆောင်ရွက်လျက်ရှိပြီး နောင်တစ်ချိန်တွင် အခွန်တိုးတက်ကောက်ခံရရှိမှုအပေါ် စဉ်းစားသုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လွှဲပြောင်းပေးသွင်း

ဆက်လက်ပြီး သွင်းကုန်လုပ်ငန်းစဉ်များ၌ ကောက်ခံနေသော (၃ ဒသမ ၅) ရာခိုင်နှုန်း အခွန်ကောက်ခံမှုနှင့် စပ်လျဉ်းပြီး တင်ပြလိုပါကြောင်း၊ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန် (Withholding Tax) ဆိုသည်မှာ ပစ္စည်းဝယ်ယူခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်စေခြင်းအတွက် ငွေပေးချေမှုတစ်ရပ်ရပ် ပြုလုပ်ချိန်တွင် ငွေထုတ်ပေးရန် တာဝန်ရှိသူက ထိုငွေအပေါ်မှ ကျသင့်သော အခွန်ကို နုတ်ယူ၍ သက်ဆိုင်ရာသို့ လွှဲပြောင်းပေးသွင်းသည့် အခွန်ဖြစ်ပါကြောင်း။

ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax) သည် ငွေပေးချေသည့် အဖွဲ့အစည်းများက ကျခံရသည့် အခွန်မဟုတ်ဘဲ ပစ္စည်းရောင်းချ/ပေးသွင်းသူ သို့မဟုတ် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသူက ကျခံရသည့် အခွန်ဖြစ်ပါကြောင်း၊ ပစ္စည်းဝယ်ယူခြင်းအတွက် ပြည်ပသို့ ပေးချေငွေအပေါ် (၃ ဒသမ ၅) ရာခိုင်နှုန်း နုတ်ယူ ကောက်ခံပါကြောင်း၊ ထို့ကြောင့် ၄င်းအခွန်သည် သွင်းကုန်ပစ္စည်း ဝယ်ယူတင်သွင်းသည့် ပြည်တွင်းနေနိုင်ငံသားများက ပေးဆောင်ရခြင်း မဟုတ်ဘဲ ပေးချေငွေရရှိမည့် ကုန်ပစ္စည်းရောင်းချသူ ပြည်ပနေ နိုင်ငံခြားသားက ပေးဆောင်ရခြင်း ဖြစ်ပါကြောင်း။

အပြည့်အဝ

ထိုသို့ပေးဆောင်စေခြင်းသည်လည်း ပြည်ပနေ နိုင်ငံခြားသားအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မတည်ပစ္စည်းတစ်ခုခုမှသော်လည်းကောင်း၊ ဝင်ငွေရလမ်းတစ်ခုခုမှသော်လည်းကောင်း ဝင်ငွေရရှိပါက ဝင်ငွေခွန်စည်းကြပ်ကောက်ခံရန် ဝင်ငွေခွန်ဥပဒေတွင် ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း၊ လက်တွေ့တွင် ပြည်ပနေ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံတွင် အခြေချနေထိုင်သူများမဟုတ်သဖြင့် အခွန်စည်းကြပ်ကောက်ခံရန် အခက်အခဲရှိသည့်အတွက် ရသင့်ရထိုက်သော အခွန်များ လွတ်ကင်းမှုမရှိစေရန်အတွက် ပင်ရင်းမှ နုတ်ယူပေးသွင်းစေသည့် နည်းလမ်း (Withholding Method) ဖြင့် စည်းကြပ်ကောက်ခံရခြင်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်ပနေ နိုင်ငံခြားသားများ၏ မြန်မာနိုင်ငံအတွင်းမှ ဖြစ်ထွန်းပေါ်ပေါက်သော ဝင်ငွေအပေါ် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံက အခွန်ကောက်ခံပိုင်ခွင့် (Taxing Right) အရ အပြည့်အဝ ကျင့်သုံးကောက်ခံခြင်းသာ ဖြစ်ပါကြောင်း။

သို့သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အခွန်နှစ်ထပ်စည်းကြပ်ကောက်ခံမှု ရှောင်ရှားရေးသဘောတူစာချုပ် (Avoidance of Double Taxation Agreement)ကို နိုင်ငံပေါင်း (၆)နိုင်ငံနှင့် လက်မှတ်ရေးထိုးချုပ်ဆိုပြီး ဖြစ်ပါကြောင်း၊ ၄င်းနိုင်ငံများမှာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့ဖြစ်ပြီး ဤ(၆)နိုင်ငံနှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံနှင့် ချုပ်ဆိုထားသော စာချုပ်ပါ သဘောတူညီမှုများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တွင်ကျယ်စွာကျင့်သုံး

ပင်ရင်းမှ နုတ်ယူပေးသွင်းစေသည့် နည်းလမ်း (Withholding Method) ဖြင့် စည်းကြပ်ကောက်ခံခြင်းကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင် သာမက အနောက်နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအားလုံးလိုလိုတွင် တွင်ကျယ်စွာ ကျင့်သုံးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

အခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ဆောင်ရွက်ဆဲအစီအမံများရှိသကဲ့သို့ လက်ရှိဆောင်ရွက်နေသည့်အနေအထားများကို တင်ပြလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အနေဖြင့် အခွန်နှင့်ပတ်သက်၍ ရယူပိုင်ခွင့် အားနည်းနေပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆက်လက်ဆောင်ရွက်မည့်အချိန်တွင် နိုင်ငံတော်က လုပ်ပိုင်ခွင့်များကို လမ်းဖွင့်ပေးနေသကဲ့သို့ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများကိုလည်း ရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ မိမိဒေသအတွင်းရှိ အာဆီယံ+၃ နိုင်ငံများ၏ အခွန်ရငွေနှင့် ဂျီဒီပီအချိုးကို တင်ပြလိုပါကြောင်း။

လိုအပ်

ယင်းနိုင်ငံများ၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ ဘရူနိုင်းနိုင်ငံ (၃၀)ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံ (၈) ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံ (၁၁) ရာခိုင်နှုန်း၊ လာအိုနိုင်ငံ (၁၀ ဒသမ ၈) ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံ (၁၅ ဒသမ ၅)ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံ (၁၄ ဒသမ ၄)ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံ (၁၃) ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ (၁၇)ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံ (၁၃ ဒသမ ၈)ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ (၂၇ ဒသမ ၄) ရာခိုင်နှုန်း၊ ကိုရီးယားသမ္မတနိုင်ငံ (၂၆ ဒသမ ၈) ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံ (၁၇) ရာခိုင်နှုန်းတို့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ (၃ ဒသမ ၂) ရာခိုင်နှုန်းသာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ရသင့်ရထိုက်သည့် အခွန်ငွေကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် လိုအပ်နေသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်းနှင့် တည်ဆဲဥပဒေများအရ ပို့ကုန်များအတွက် ဆောင်းငွေကို နိုင်ငံတော်ကကျခံဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စစ်တွေ ... ဦးမောင်ညို၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅) ဦးက ... အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခ ... ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၂၁

ယနေ့ ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၏ **"မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အား ရရှိထားပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ လျှပ်စစ်မီတာခနှုန်းထားများကို တစ်ပြေးညီ နှုန်းထားဖြင့် ကောက်ခံခြင်းပြုပါရန်"** အဆိုကိုလွှတ်တော်ကိုယ်စားလှယ် (၅) ဦးက ဆွေးနွေးကြသည်။

အရှုံးခံဆောင်ရွက်

ရှေးဦးစွာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ယခုအကြောင်းအရာနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဆွေးနွေးမေးမြန်းသွားခဲ့သည်ကို တွေ့မိပါကြောင်း၊ အဆိုပါ မေးခွန်းကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးက ဒီဇယ်အင်ဂျင်ဖြင့် မီးပေးသော မြို့နယ်များတွင် ဘဏ္ဍာရေးအရ အရှုံးခံဆောင်ရွက်ပေးလျက်ရှိသည်ဟု ရှင်းလင်းပြောကြားသွားပါကြောင်း၊ ဝန်ကြီး၏ ရှင်းပြချက်ကို အငြင်းပွားရန် မရှိသော်လည်း အခြားနည်း စဉ်းစားရန်များ ပေါ်လာပါကြောင်း၊ မဟာဓာတ်အားလိုင်းက ရရှိသည့် လျှပ်စစ်မီတာခ (၂၅) ကျပ်၊ (၅၀) ကျပ်နှုန်းသည် မိမိတို့ ရခိုင်ပြည်နယ်၌ ပေးဆောင်နေရသော မီတာခနှုန်းထား (၄၅၀)ကျပ်၊ (၅၀၀)ကျပ်နှင့်နှိုင်းယှဉ်ပါက ကွာခြားလွန်းလှပါကြောင်း။

ယင်းသို့ လူထုနှင့် တိုက်ရိုက်သက်ဆိုင်သည့်လုပ်ငန်းများ၌ ငွေရေးကြေးရေးရှုထောင့်တစ်ခုတည်း မကြည့်ဘဲ အခြားနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရှုထောင့်များမှလည်း ကြည့်သင့်ပါကြောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်း (Enterprise) တစ်ခုဟုဆိုရသော်လည်း ဝန်ဆောင်မှုလုပ်ငန်း (Servicing) သဘာဝရှိပါကြောင်း၊ ထို့ကြောင့် ဝန်ဆောင်မှုလုပ်ငန်းကဲ့သို့ သဘောထားစဉ်းစားသင့်ပါကြောင်း၊ မိမိတို့မဲဆန္ဒရှင်ဒေသခံပြည်သူများအနေဖြင့် ပြည်ထောင်စုတစ်ခုတည်း၌နေကြသည့် တိုင်းရင်းသားချင်းအတူတူ အခွင့်အရေးကို တန်းတူခံစားသင့်သည်ဟု ရှုမြင်မိပါကြောင်း၊ ပြည်ထောင်စုကြီး၏ တိုးတက်မှုသည် နေရာကွက်၍ တိုးတက်ခြင်းမျိုး မဟုတ်ဘဲ တညီတညာတည်း တိုးတက်သင့်ပါကြောင်း။

ဒီဇယ်အင်ဂျင်ဖြင့် ဓာတ်အားပေးနေရသည့် ဒေသများ၏ မီတာခကို (၂၅) ကျပ်၊ (၅၀) ကျပ်မဟုတ်သည့်တိုင် ကြားဈေးနှုန်းတစ်ခုဖြစ်သည့် တစ်ယူနစ်လျှင် (၂၀၀)ကျပ်နှုန်းဝန်းကျင်ဆိုပါက ပြည်သူများ လက်ခံနိုင်သည့် အခြေအနေရှိပါကြောင်း၊ လိုအပ်သည့် ကုန်ကျစရိတ်ကို နိုင်ငံတော်က အရှုံးခံထောက်ပံ့ပေးပြီး ကျားကန်ပေးနိုင်လျှင် အဆင်ပြေနိုင်ပါကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများ မပြီးမီကြားကာလ၌ ယခုကဲ့သို့ အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့လျှင် မဟာဓာတ်အားလိုင်းထဲ၌ မပါသည့် ဒေသများ၏ ဓာတ်အားခနှုန်းထားများ တစ်ပြေးညီ ဖြစ်သွားနိုင်ပါကြောင်း၊ နိုင်ငံတော်က စိုက်ထုတ်သုံးစွဲပေးနေခြင်းများ အများကြီးရှိပါကြောင်း။

ကူညီဆောင်ရွက်

ရခိုင်ပြည်နယ်အတွင်း တည်ဆောက်မည့် သံတွဲမြို့ သူငွေချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဘူးသီးတောင် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်း၊ မင်းပြားလေးမြို့ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည် ဖော်ဆောင်နေသော်လည်း နှစ်အနည်းငယ်အတွင်း၌ ပြီးစီးနိုင်ရန် အလားအလာမရှိနိုင်သေးပါကြောင်း၊ ယင်း ရေအားလျှပ်စစ်စီမံကိန်းများ မပြီးစီးမီ ရခိုင်ပြည်နယ်ဘက်၌ လျှပ်စစ်မီးလာချိန် ညနေ ၆ နာရီမှ ည ၁၀ နာရီအစား ယခုထက်ပို၍ ရနိုင်အောင် နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီးဖုန်ဆားရက ဆွေးနွေးရာတွင် ဦးမောင်ညိုက လျှပ်စစ်မီတာခနှုန်းထားများကို တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံခြင်းပြုပါရန်ဟူသော စကားရပ်ကို သုံးစွဲထားပါကြောင်း၊ တစ်ပြေးညီဟူသော စကားရပ်သည် လက်တွေ့ဘဝ နယ်ပယ်တွင် ခက်ခဲလှပါကြောင်း၊ တစ်ပြေးညီဖြစ်ထွန်းမှု ဆိုသည်မှာ အခြေခံ အကြောင်းအရာများအပေါ် တည်မှီပြီး နက်နဲကျယ်ဝန်းလှပါကြောင်း၊ ယခုလည်း လျှပ်စစ်မီတာခနှုန်းထားများ တစ်ပြေးညီကောက်ခံရန် ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေသည့် သဘောသဘာဝကို ယထာဘူတကျကျ ချဉ်းကပ်ရှုမြင်တတ်ရန် လိုအပ်မှာဖြစ်ပါကြောင်း။

ဓာတ်အားဖြန့်ဖြူး

ရခိုင်ပြည်နယ်ကဲ့သို့ပင် မိမိတို့ ကချင်ပြည်နယ်တွင်လည်း လျှပ်စစ်မီတာခနှုန်းထားများသည် တစ်မြို့နှင့်တစ်မြို့မတူညီကြောင်း၊ မတူညီရသည့်အကြောင်းရင်းမှာ ရေအားလျှပ်စစ်စက်ရုံ ဓာတ်အားပေးစနစ်၊ ဒီဇယ်စက်သုံးဓာတ်အားပေးစနစ်၊ အိမ်နီးချင်းနိုင်ငံများကတစ်ဆင့် ဓာတ်အားပေးစနစ်၊ မြို့မီးလင်းရေးကော်မတီများ၏ မိမိအစီအစဉ်ဖြင့် ဓာတ်အားပေးစနစ်များ ကွဲပြားနေပါကြောင်း၊ အထူးသဖြင့် နယ်မြေဒေသ တစ်ခုနှင့်တစ်ခု အနေအထားချင်း၊ အခြေအနေချင်း မတူညီသဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များလည်း တူညီနိုင်မည် မဟုတ်ပါကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် မီးပေးချိန်ပေါ်မူတည်ပြီး လျှပ်စစ်မီတာခ နှုန်းထားများကလည်း တူညီနိုင်မည်မဟုတ်ပါကြောင်း၊ ဥပမာ- မိမိတို့ ကချင်ပြည်နယ် ဖားကန့်ဒေသ၌ လျှပ်စစ်မီတာခ တစ်ယူနစ် ကျပ် (၈၀၀) နှုန်းရှိပြီး မြစ်ကြီးနားမြို့၌ တစ်ယူနစ် ကျပ် (၁၆၀) နှုန်းရှိပါကြောင်း၊ ယခု ဒီဇယ်စက်နှင့် ဓာတ်အားပေးနေသော ဒေသများ၌ နိုင်ငံတော်က တစ်လလျှင် ကျပ်သန်း (၁၀၀) ကျော် အရှုံးခံပြီး ဓာတ်အားဖြန့်ဖြူး နေရသည်ဟု သိရှိရပါကြောင်း။

နိုင်ငံတော်အစိုးရက အရာအားလုံး၊ ကဏ္ဍအားလုံး၌ ရင်းနှီးစိုက်ထုတ်ကျခံပေးရန် မဖြစ်နိုင်ပါကြောင်း၊ ထို့ပြင် နယ်မြေဒေသ တစ်ခုတည်းကိုသာ ကွက်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် ခက်ခဲလှပါကြောင်း၊ နိုင်ငံတော်အစိုးရက နယ်မြေဒေသတစ်ခုနှင့်တစ်ခု ညီညီညွတ်ညွတ်မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေး၊ တန်းတူရည်တူရှိစေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လျှပ်စစ်မီတာခနှုန်းထားများကို တစ်ပြေးညီ ကောက်ခံရန်ဆိုသည်မှာ နိုင်ငံရေးအမြင်၊ စီမံခန့်ခွဲရေးအမြင်၊ စီးပွားရေးအမြင်များဖြင့် သုံးသပ်ကြည့်ပါက မည်သို့မျှ မဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရသဖြင့် အဆိုကို ပြန်လည်သုံးသပ်ဆင်ခြင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်က လက်ရှိရခိုင်ပြည်နယ်တွင် လက်ခံရရှိသည့်လျှပ်စစ်ဓာတ်အားပမာဏနှင့် လျှပ်စစ်ဓာတ်အားခများသည် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် အပြည့်အဝ လည်ပတ်နိုင်ရန် များစွာအခက်အခဲဖြစ်ပေါ်ပြီး အကျိုးအမြတ်ထက် ဆုံးရှုံးမှုများနှင့်သာ ရင်ဆိုင်နေရပါကြောင်း။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထားသော လွတ်လပ်သည့် နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက် စည်ပင်ဝပြောရေးအတွက် ပြည်ထောင်စု၏ အခြေခံဒေသများဖြစ်သော တိုင်းဒေသကြီး/ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စီးပွားရေးရပ်တည်နိုင်မှု အခြေခံများ ခိုင်မာရန် မလွှဲမသွေ လိုအပ်ပါကြောင်း။

ကြုံတွေ့လာရ

ရခိုင်ပြည်နယ်တွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအားကဏ္ဍ၌ လျှပ်စစ်ဓာတ်အားမလုံလောက်မှုနှင့်အတူ လျှပ်စစ်ဓာတ်အားခကြီးမြင့်မှုများကြောင့် ဝန်ထမ်းများအပါအဝင် ပြည်သူလူထုအနေဖြင့် ငွေကြေးကုန်ကျမှုစရိတ်မြင့်မားခြင်း၊ လုပ်ငန်းများ တွက်ခြေမကိုက်သည့်အတွက် စက်ရုံများရပ်တန့်သွားခြင်း၊ ပိတ်သိမ်းရခြင်းများ ဖြစ်ပေါ်ပြီး တစ်နိုင်တစ်ပိုင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဝန်ဆောင်မှုခက်ခဲလာသည့်အတွက် ပြည်သူလူထု အလုပ်အကိုင်ရှားပါးခြင်း၊ စားဝတ်နေရေး အခက်အခဲဖြစ်ခြင်းများနှင့် ကြုံတွေ့လာရပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဒေသတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ရခိုင်ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တူညီသော အခွင့်အလမ်းများ၊ တန်းတူညီမျှမှု အခွင့်အရေးများကို မွေးရာပါ အခွင့်အရေးများအဖြစ် ခံစားရရှိသင့်ပါကြောင်း၊ သို့မှသာ ဒေသဖွံ့ဖြိုးမှုမှသည် ပြည်ထောင်စုကြီးအေးချမ်းသာယာရေး၊ တည်တံ့ခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်သော အင်အားစုကြီးတစ်ရပ် ဖြစ်ပေါ်လာမည်ဟု ရိုးသားစွာ ခံယူယုံကြည်မိပါကြောင်း၊ သို့ဖြစ်ပါ၍ ဦးမောင်ညို တင်သွင်းသည့် အဆိုအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကွဲပြားနေ

ဆက်လက်၍ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်က နိုင်ငံတော်အစိုးရအနေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ပေးစွမ်းနိုင်သော ဒေသများ၌ ရေအားလျှပ်စစ်စက်ရုံများ ဆောက်လုပ်၍ ဓာတ်အားကို ၂၄ နာရီ ပေးစွမ်းနိုင်သကဲ့သို့ ရေအားလျှပ်စစ်မထုတ်နိုင်သေးသည့်ဒေသများတွင်လည်း ဒီဇယ်ဆီဖြင့်မောင်း၍ ဓာတ်အားပေးသောစနစ်ကိုလည်း အရှုံးခံဆောင်ရွက်ပေးနေပါကြောင်း၊ လျှပ်စစ်မီတာခနှုန်းထားကို တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံရေးအဆိုမှာ သဘာဝကျကျ ရှုမြင်လျှင် အင်မတန်ခက်ခဲပါကြောင်း၊ ရခိုင်ပြည်နယ်ကဲ့သို့ ရှမ်းပြည်နယ်တွင်လည်း လျှပ်စစ်မီတာခကို တစ်ပြေးညီ ကောက်ခံရန် ခက်ခဲပါကြောင်း၊ ရှမ်းပြည်နယ်၌ ရေအားဖြင့် ဓာတ်အားပေးသည့်စနစ်၊ ဒီဇယ်စက်ဖြင့် ဓာတ်အားပေးသည့်စနစ်၊ အိမ်နီးချင်းနိုင်ငံမှ တစ်ဆင့် ဓာတ်အားပေးသည့်စနစ် စသည်ဖြင့် ဓာတ်အားပေးပုံစံများ ကွဲပြားနေ၍ ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား လုံလောက်လောက်ပေးနိုင်သည့်ဒေသများ ရှိနေ

သူ့ လွှတ်တော်အစည်းအဝေးတွင် စစ်တွေမဲဆန္ဒနယ်မှ ဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅) ဦးက ဆွေးနွေးကြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ရှင်းလင်းဆွေးနွေး

ဓာတ်အားပမာဏနှင့် လျှပ်စစ်ဓာတ်အားခများသည် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် အပြည့်အဝ လည်ပတ်နိုင်ရန် များစွာအခက်အခဲဖြစ်ပေါ်ပြီး အကျိုးအမြတ်ထက် ဆုံးရှုံးမှုများနှင့်သာ ရင်ဆိုင်နေရပါကြောင်း။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထားသော လွတ်လပ်သည့် နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက် စည်ပင်ဝပြောရေးအတွက် ပြည်ထောင်စု၏ အခြေခံဒေသများဖြစ်သော တိုင်းဒေသကြီး/ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စီးပွားရေးရပ်တည်နိုင်မှု အခြေခံများ ခိုင်မာရန် မလွဲမသွေ လိုအပ်ပါကြောင်း။

ကြုံတွေ့လာရ

ရခိုင်ပြည်နယ်တွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအားကဏ္ဍ၌ လျှပ်စစ်ဓာတ်အားမလုံလောက်မှုနှင့်အတူ လျှပ်စစ်ဓာတ်အားခကြီးမြင့်မှုများကြောင့် ဝန်ထမ်းများအပါအဝင် ပြည်သူလူထုအနေဖြင့် ငွေကြေးကုန်ကျမှုစရိတ်မြင့်မားခြင်း၊ လုပ်ငန်းများ တွက်ခြေမကိုက်သည့်အတွက် စက်ရုံများရပ်တန့်သွားခြင်း၊ ပိတ်သိမ်းရခြင်းများ ဖြစ်ပေါ်ပြီး တစ်နိုင်တစ်ပိုင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဝန်ဆောင်မှုခက်ခဲလာသည့်အတွက် ပြည်သူလူထု အလုပ်အကိုင်ရှားပါးခြင်း၊ စားဝတ်နေရေးအခက်အခဲဖြစ်ခြင်းများနှင့် ကြုံတွေ့လာရပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဒေသတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ရခိုင်ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တူညီသော အခွင့်အလမ်းများ၊ တန်းတူညီမျှမှု အခွင့်အရေးများကို မွေးရာပါ အခွင့်အရေးများအဖြစ် ခံစားရရှိသင့်ပါကြောင်း၊ သို့မှသာ ဒေသဖွံ့ဖြိုးမှုမှသည် ပြည်ထောင်စုကြီးအေးချမ်းသာယာရေး၊ တည်တံ့ခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်သော အင်အားစုကြီးတစ်ရပ် ဖြစ်ပေါ်လာမည်ဟု ရိုးသားစွာ ခံယူယုံကြည်မိပါကြောင်း၊ သို့ဖြစ်ပါ၍ ဦးမောင်ညို တင်သွင်းသည့် အဆိုအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကွဲပြားနေ

ဆက်လက်၍ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်က နိုင်ငံတော်အစိုးရအနေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ပေးစွမ်းနိုင်သော ဒေသများ၌ ရေအားလျှပ်စစ်စက်ရုံများ ဆောက်လုပ်၍ ဓာတ်အားကို ၂၄ နာရီ ပေးစွမ်းနိုင်သကဲ့သို့ ရေအားလျှပ်စစ်မထုတ်နိုင်သေးသည့်ဒေသများတွင်လည်း ဒီဇယ်ဆီဖြင့်မောင်း၍ ဓာတ်အားပေးသောစနစ်ကိုလည်း အရှုံးခံဆောင်ရွက်ပေးနေပါကြောင်း၊ လျှပ်စစ်မီတာခနှုန်းထားကို တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံရေးအဆိုမှာ သဘာဝကျကျ ရှုမြင်လျှင် အင်မတန်ခက်ခဲပါကြောင်း၊ ရခိုင်ပြည်နယ်ကဲ့သို့ ရှမ်းပြည်နယ်တွင်လည်း လျှပ်စစ်မီတာခကို တစ်ပြေးညီကောက်ခံရန် ခက်ခဲပါကြောင်း၊ ရှမ်းပြည်နယ်၌ ရေအားဖြင့် ဓာတ်အားပေးသည့်စနစ်၊ ဒီဇယ်စက်ဖြင့် ဓာတ်အားပေးသည့်စနစ်၊ အိမ်နီးချင်းနိုင်ငံမှ တစ်ဆင့် ဓာတ်အားပေးသည့်စနစ် စသည်ဖြင့် ဓာတ်အားပေးပုံစံများ ကွဲပြားနေ၍ ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်ပေးနိုင်သည့်ဒေသများ ရှိနေသကဲ့သို့ လျှပ်စစ်ဓာတ်အား အလုံအလောက်မရရှိသေးသည့် ဒေသများကို လုံလောက်စွာ ရရှိစေရန်အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဆိုသည်ကို အလေးအနက် ယုံကြည်ပါကြောင်း၊ ယင်းကဲ့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရာ၌လည်း ထုတ်လုပ်မှု ကုန်ကျစရိတ်၊ ဒေသအခြေအနေ၊ မီးပေးချိန် စသည်ဖြင့် မတူညီကြ၍ လျှပ်စစ်မီတာခ တစ်ယူနစ်နှုန်းထားများ တူညီစွာ ကောက်ခံရန် မဖြစ်နိုင်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားလျှပ်စစ်စွမ်းအင်ကို လုံလောက်စွာ အကောင်အထည်ဖော်ပေးနိုင်သည့်အခြေအနေ ရောက်မှသာ တစ်ပြေးညီ ကောက်ခံမှုနှုန်းထားများ ရရှိနိုင်မည်ဟု ယုံကြည်ပါသဖြင့် အဆိုကို ပြန်လည်စဉ်းစားချင့်ချိန်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယုံကြည်မိ

ယင်းနောက် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်က **နိုင်ငံတော်အနေဖြင့် နိုင်ငံတော် ဓာတ်အားပေးစနစ်မှ ဓာတ်အားကို နိုင်ငံနှင့်အဝန်းမျှမျှတတ ညီညီညွတ်ညွတ် ရရှိခံစားနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိသည်ကို လေ့လာသိရှိရပါကြောင်း၊ အထူးသဖြင့် မိမိတို့ ရခိုင်ပြည်နယ်တွင် သူ့ငွေချောင်း၊ စိုင်ဒင်၊ အမ်း၊ လေးမြို့ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်လျက်ရှိသည့်အတွက် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ကြရမှာဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများ ပြီးစီးသွားပါက မဟာဓာတ်အားလိုင်းများမှ ရခိုင်ပြည်နယ်ရှိ မြို့အများစုကို ဓာတ်အားပေးပြီး လျှပ်စစ်မီတာခနှုန်းထားများသည်လည်း တစ်ပြေးညီ သတ်မှတ်နှုန်းထားများဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဟု ယုံကြည်မိပါကြောင်း။**

သို့သော် ယခုလက်ရှိ ပကတိအခြေအနေအရ နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ဓာတ်အားမရရှိသေးသော ဒေသများမှ လျှပ်စစ်ဓာတ်အားကို နေရာအနှံ့ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဒီဇယ်စက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးနေရခြင်း၊ စပါးခွံ မီးစက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးနေရခြင်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဤနေရာ၌ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ သယ်ပို့ဖြန့်ဖြူးစရိတ်နှင့် စက်သုံးဆီစရိတ်များအပေါ် မူတည်ပြီး လျှပ်စစ်မီတာခ တစ်ယူနစ်နှုန်းထားများသည်လည်း အထိုက်အလျောက် ကွဲပြားခြားနားမှုများ ရှိနေမည်ဖြစ်ပါကြောင်း၊ မိမိတို့ တောင်ကုတ်မြို့နယ်၌လည်း မီတာခတစ်ယူနစ် (၄၅၀) ကျပ်ဖြစ်ပါကြောင်း၊ တစ်ပြေးညီဖြစ်ထွန်းမှုဆိုသည်မှာ ယခုကာလ၌ မဖြစ်နိုင်သေးပါကြောင်း။

လေ့လာတွေ့ရှိ

ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် နိုင်ငံတော်က အရာအားလုံးကို တာဝန်ယူရန်ဆိုသည်မှာ လက်တွေ့နယ်ပယ်၌ ဖြစ်နိုင်ခြေ ကျဉ်းမြောင်းလွန်းလှပါကြောင်း၊ ယခုကောက်ခံနေသည့် လျှပ်စစ်မီတာခ တစ်ယူနစ်နှုန်းထားများသည်လည်း သင့်လျော်သောနှုန်းထားဖြစ်သည်ဟု လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် လျှပ်စစ်မီတာခနှုန်းထားများကို တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံရန်ဆိုသည်မှာ ယခုလက်ရှိအခြေအနေအရ ဖြစ်နိုင်ဖွယ်နည်းပါးနေပါသဖြင့် အဆိုကို အပြုသဘောဆောင်ပြီး ပြန်လည်စဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

ယင်းအဆိုနှင့် စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်က **ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသည့် ပြည်သူများ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က စေတနာထားပြီး နည်းလမ်း (၅)မျိုးနှင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ မဟာဓာတ်အားလိုင်းကြီးများ တည်ဆောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးခြင်း၊ နိုင်ငံတော်ဓာတ်အားစနစ်နှင့် ဝေးကွာနေသည့် အရပ်ဒေသများသို့ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်များ တည်ဆောက်၍ ဓာတ်အားပေးခြင်း၊ ဒီဇယ်အင်ဂျင်စက်များနှင့် ဓာတ်အားပေးခြင်း၊ ဒေသအာဏာပိုင်နှင့် ရပ်မိ၊ ရပ်ဖများ ပါဝင်ပြီး ပြည်သူများ သဘောတူညီသည့် မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး ဒီဇယ်အင်ဂျင်စက်များနှင့် ဓာတ်အားပေးခြင်း၊ အသေးစားရေအားလျှပ်စစ်ဓာတ်အားစက်ရုံများ တည်ဆောက်ပြီးဓာတ်အားပေးခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသောဒေသ အချို့တွင် အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားဝယ်ယူ၍ ဓာတ်အားဖြန့်ဖြူးပေးခြင်းစသည့် နည်းလမ်း (၅)ခုဖြင့် ဖြန့်ဖြူးပေးနေပါကြောင်း။**

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားသော နေရာများမှ ဓာတ်အားခနှုန်းထားများမှာ ရိုးရိုးအိမ်သုံးမီတာ တစ်ယူနစ် (၂၅) ကျပ်နှုန်း၊ စီးပွားရေးသုံးမီတာ တစ်ယူနစ်လျှင် (၅၀)ကျပ်နှုန်းဖြင့်တစ်ပြေးညီဖြစ်သော်လည်း မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး ပုဂ္ဂလိကများ ပါဝင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေသော နေရာများတွင်မူ ဓာတ်အားခနှုန်းထား အမျိုးမျိုးကွဲပြားခြားနားနေမှာဖြစ်ပါကြောင်း။

နည်းလမ်း(၁) ဖြစ်သော မဟာဓာတ်အားလိုင်းကြီးများ တည်ဆောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးပေးနေသည့် အခြေအနေများကို တင်ပြရလျှင် -

(၁) **တိုင်းဒေသကြီး/ ပြည်နယ်ရုံးစိုက်ရာ မြို့တော် (၁၄) မြို့ အနက် (၁၀) မြို့ကို နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပေးထားပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်ရုံးစိုက်ရာ မြို့တော် (၄) မြို့ကို အခြားနည်းလမ်းများဖြင့် ဓာတ်အားပေးထားပါကြောင်း။**

(၂) **ခရိုင်ရုံးစိုက်ရာ မြို့ပေါင်း (၆၇) မြို့အနက် (၄၂) မြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးထားပြီး ကျန် (၂၅)မြို့ကို အခြားနည်းလမ်းများဖြင့် ဓာတ်အားပေးထားပါကြောင်း။**

(၃) **မြို့နယ်ရုံးစိုက်ရာ မြို့ပေါင်း (၃၃၀) အနက် (၂၂၄)မြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးထားပြီး ကျန် (၁၀၆)မြို့ကို အခြားနည်းလမ်းများဖြင့် ဓာတ်အားပေးထားပါကြောင်း။**

(၄) **တင်ပြပါ တိုင်းဒေသကြီး/ ပြည်နယ်ရုံးစိုက်ရာ မြို့တော် (၁၀)မြို့၊ ခရိုင်ရုံးစိုက်ရာ (၄၂) မြို့၊ မြို့နယ်ရုံးစိုက်ရာ (၂၂၄)မြို့၊ မြို့နယ်ခွဲ၊ မြို့အဆင့် (၂၆) မြို့ တို့နှင့် ဆက်စပ်နေသည့် ကျေးရွာပေါင်း (၁,၃၉၃) ရွာသည်လည်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရယူထားပြီး ကျန်ရွာပေါင်း (၄,၉၈၆) ရွာ၌ အခြားနည်းလမ်းများဖြင့် ကိုယ့်အားကိုယ်ကိုး ဓာတ်အားပေး လျက်ရှိပါကြောင်း၊ ထို့ကြောင့်ကျေးရွာစုစုပေါင်း (၆,၃၇၉) ရွာ၌ ကိုယ့်အားကိုယ်ကိုး မီးလင်းရေး ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။**

တင်ပြပါ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် ဒေသများတွင် ဓာတ်အားခကို တစ်ယူနစ်လျှင် အိမ်သုံးမီတာ (၂၅) ကျပ်၊ စီးပွားရေးသုံး မီတာ (၅၀) ကျပ်နှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ပါကြောင်း။

နည်းလမ်း (၂)ဖြစ်သော နိုင်ငံတော်ဓာတ်အားစနစ်နှင့် ဝေးကွာနေသေးသည့်ဒေသများတွင် နိုင်ငံတော်ပိုင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်များ တည်ဆောက်၍ ဓာတ်အားပေးနေသည့်အခြေအနေကို ရှင်းလင်းတင်ပြရလျှင် အမှတ် (၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနပိုင် အသေးစား ရေအားလျှပ်စစ်စက်ရုံ (၃၂) ရုံရှိပါကြောင်း။

၎င်းအသေးစားရေအားလျှပ်စစ်စက်ရုံ (၃၂)ရုံတွင် စက်တပ်ဆင်အင်အား (၃၃ ဒသမ ၂၃၇) မဂ္ဂါဝပ်ဖြစ်ပြီး မြို့ပေါင်း (၃၁) မြို့နှင့်ဆက်စပ် (၄၂)ရွာကို ဓာတ်အားပေးနေပါကြောင်း၊ ၎င်းမြို့၊ ရွာများတွင် တစ်နှစ်လျှင် ဇူလိုင်လမှ ဇန်နဝါရီလအထိ (၇)လတွင် ၂၄ နာရီဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီး ကျန်လများတွင် ဒီဇယ်စက်များဖြင့် တစ်နေ့ ၆ နာရီခန့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

သတ်မှတ်ဖြန့်ဖြူး

အဆိုပါ အသေးစားရေအားလျှပ်စစ်စက်ရုံငယ်များမှ ဓာတ်အားပေးနေသည့် မြို့၊ ရွာများတွင်လည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနေသည့် ဒေသများနည်းတူ ဓာတ်အားခ သတ်မှတ် ဖြန့်ဖြူးပေးနေပါကြောင်း။

နည်းလမ်း(၃)ဖြစ်သော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင် ဒီဇယ်စက်များဖြင့် ဓာတ်အားပေးနေသည့် အခြေအနေများကို တင်ပြရလျှင် နည်းလမ်း (၁)၊ နည်းလမ်း (၂)တို့ဖြင့် ဓာတ်အားပေးနိုင်ခြင်းမရှိသော မြို့ပေါင်း (၃၀၉)မြို့ကို စုစုပေါင်း စက်တပ်ဆင်အင်အား (၅၅,၃၈၀)ကီလိုဝပ်ရှိသည့် နိုင်ငံတော်ပိုင် ဒီဇယ်စက် စုစုပေါင်း (၅၆၉)လုံးဖြင့် ဓာတ်အားပေးလျက်ရှိပါကြောင်း၊ ယင်းအတွက် လစဉ် ဒီဇယ်ဆီ (၁၁၆,၇၀၄) ဂါလန်၊ နှစ်စဉ် (၁,၄၀၀,၄၄၈)ဂါလန် ပံ့ပိုးအသုံးပြုရပါကြောင်း၊ သို့သော် ဝန်ကြီးဌာနက ပံ့ပိုးရရှိသည့် စက်သုံးဆီဖြင့် ၂ နာရီသာ ဓာတ်အားပေးနိုင်ပြီး ရိုးရိုးအိမ်သုံးမီတာ တစ်ယူနစ် (၂၅) ကျပ်နှုန်း၊ စီးပွားရေးသုံးမီတာ တစ်ယူနစ် (၅၀) ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိပါကြောင်း။

နိုင်ငံတော်မှ ဒီဇယ်စက်များဖြင့် ဓာတ်အားပေးရာတွင် ထုတ်လုပ်မှုကုန်ကျစရိတ် ဒီဇယ်တစ်ဂါလန်လျှင် (၃၀၀၀) ကျပ်နှုန်းကုန်ကျပြီး၊ တစ်ဂါလန်လျှင် ပျမ်းမျှ (၁၀)ယူနစ် ထွက်ရှိသည့်အတွက် တစ်ယူနစ်လျှင် ဒီဇယ်ဆီဖိုး (၃၀၀) ကျပ်ဖြစ်ပါကြောင်း၊ သယ်ပို့စရိတ် တစ်ယူနစ်လျှင် (၁၉) ကျပ်ဖြစ်သည့်အတွက် တစ်ယူနစ် ကုန်ကျစရိတ် စုစုပေါင်း (၃၁၉) ကျပ်ဖြစ်ပါကြောင်း၊ သို့သော် မီးသုံးသူများထံမှ ကောက်ခံရရှိသည့် ဓာတ်အားခမှာ တစ်ယူနစ် (၂၅) ကျပ်သာ ဖြစ်သောကြောင့် အခြားစရိတ်စကများ ထည့်သွင်းတွက်ချက်ခြင်း မပြုမီ လောင်စာဆီဖိုး သက်သက်မှာပင် တစ်ယူနစ် (၂၉၄) ကျပ် အရှုံးခံနေရပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဒီဇယ်စက်များဖြင့် အများဆုံး ဓာတ်အားပေးနေသော ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ဖော်ပြပါ လောင်စာဆီစရိတ်များအပြင် လစာ၊ အခွန်အခ၊ ပြုပြင်ထိန်းသိမ်းခများ အပါအဝင်တစ်လလျှင် ကျပ် (၁၅၀ ဒသမ ၆၁) သန်း၊ တစ်နှစ်လျှင် ကျပ် (၁၈၀၇ ဒသမ ၃၅) သန်းအရှုံးဖြင့် ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

တစ်ယူနစ်ဈေးနှုန်းကို (၂၅)ကျပ်နှုန်း၊ (၅၀) ကျပ်နှုန်းတို့ဖြင့် တစ်ပြည်လုံး သုံးစွဲယူနစ်သန်းပေါင်း (၂,၅၄၇ ဒသမ ၄၄၈) အတွက် ငွေကျပ်သန်းပေါင်း (၈၄,၆၉၀ ဒသမ ၃၉၇) ကျပ် ရရှိပါကြောင်း၊ တစ်ယူနစ်ပျမ်းမျှ ရရှိငွေသည်(၃၃ ဒသမ ၂၅)ကျပ်သာဖြစ်ပါကြောင်း၊ ၎င်းအနက်မှ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တစ်ယူနစ်တန်ဖိုး (၂၀) ကျပ်ပေးဆောင်နေရသည့်အတွက်(၁၃ ဒသမ ၂၅)ကျပ်သာ ကျန်ရှိပါကြောင်း၊ တစ်ဖန် အခြားသော ကုန်ကျစရိတ်များဖြစ်သည့် လစာ၊ လောင်စာဆီ၊ အခွန်အခ၊ ပြုပြင်ထိန်းသိမ်းခများအပြင် အထက်တွင် တင်ပြခဲ့သည့် ပြည်နယ် (၆)ခုရှိ မြို့ကြီးများနှင့် ကျန်ဒီဇယ်စက် မြို့များ၏ အရှုံးငွေများကိုပါ ပေါင်းပါက တစ်ယူနစ်အတွက် (၁၂ ဒသမ ၆၂) ကျပ် ကုန်ကျပါကြောင်း၊ ထို့ကြောင့် တစ်ယူနစ်အတွက် မိမိဝန်ကြီးဌာနအနေဖြင့် အမြတ် (၆၃) ပြားသား ကျန်ပါကြောင်း။

ဆောင်ရွက်လျက်ရှိ

နည်းလမ်း (၄)ဖြစ်သော ဒေသအာဏာပိုင်များနှင့် ရပ်မိရပ်ဖများ ပါဝင်ပြီး ပြည်သူများ သဘောတူညီသော မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး ဒီဇယ်အင်ဂျင်စက်များ၊ အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအဖြစ် ဓာတ်အားပေးနေသည့်အခြေအနေများကို တင်ပြရလျှင် ဝန်ကြီးဌာနပိုင် ဒီဇယ်စက်များဖြင့် ဓာတ်အားပေးနေပြီး ဓာတ်အားပေးချိန် ၂ နာရီသာရရှိသည့် မြို့များအနက် ဓာတ်အားပေးချိန် ၂ နာရီထက်ပိုမို၍ ရရှိလိုသော မြို့များ၊ ဒေသအလိုက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လိုသော မြို့၊ ရွာများတွင် မီးလင်းရေးကော်မတီများ ဖွဲ့စည်းကာ ဒီဇယ်စက်များတပ်ဆင်၍ ဒီဇယ်ဆီဖိုးကို မီးလင်းရေးကော်မတီများက ကျခံပြီး မိမိတို့ဒေသအလိုက် မြို့၊ ရွာများတွင် ဓာတ်အားပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ကောက်ခံ

မိမိဌာနပိုင် ဒီဇယ်စက်များဖြင့် နေ့စဉ်မီးပေးချိန် ၂ နာရီသာပေးနိုင်သော မြို့များအနက် မီးပေးချိန်ကို ၄ နာရီမှ ၇ နာရီထိတိုး၍ပေးလိုသော မြို့၊ ရွာများတွင် မီးလင်းရေးကော်မတီများက ဒီဇယ်ဆီဖိုးငွေ ထပ်မံကျခံပြီး ဆောင်ရွက်နေကြပါကြောင်း၊ ထိုသို့ မီးပေးချိန် တိုးမြှင့်ပေးသည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ပေါ် မူတည်ပြီး တစ်ယူနစ်လျှင် (၄၀၀) ကျပ်မှ (၆၀၀) ကျပ်အတွင်း ဒေသအလိုက် ကောက်ခံကြသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

မိမိတို့ဒေသအလိုက် မြို့၊ ရွာများ မီးလင်းရေးလုပ်ငန်း ဆောင်ရွက်သော မီးလင်းရေးအဖွဲ့များအနက် ဒီဇယ်စက်များဖြင့် ဓာတ်အားပေးနေသည့် အဖွဲ့ပေါင်း (၄၇)ဖွဲ့ရှိပါကြောင်း။

ကချင်ပြည်နယ်တွင် (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၆ နာရီဓာတ်အားပေးကာ တစ်ယူနစ် (၈၀၀) ကျပ်နှုန်းထိ ကောက်ခံပါကြောင်း။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁)ဖွဲ့ရှိပြီး (၁)ရက်လျှင် ၁၃ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၅၅၀) ကျပ်နှုန်းကောက်ခံပါကြောင်း။

ရခိုင်ပြည်နယ်တွင် ဒီဇယ်စက်ဖြင့် မီးလင်းရေးအဖွဲ့ပေါင်း (၁၂)ဖွဲ့ရှိပါကြောင်း၊ ကျောက်တော်မြို့တွင် တစ်ရက်လျှင် ၁၃ နာရီ ဓာတ်အားပေးပြီး တစ်ယူနစ် (၅၀၀) ကျပ်နှုန်း၊ မြောက်ဦးမြို့တွင် ၁၂ နာရီ ဓာတ်အားပေးပြီး တစ်ယူနစ် (၄၅၀) ကျပ်နှုန်း၊ တောင်ကုတ်မြို့တွင် ၁၀နာရီ ဓာတ်အားပေးပြီး တစ်ယူနစ် (၄၀၀) ကျပ်နှုန်း၊ မင်းပြားမြို့တွင် ၅ နာရီ ဓာတ်အားပေးပြီး တစ်ယူနစ် (၅၀၀) ကျပ်နှုန်း၊ သံတွဲမြို့တွင် ၄ နာရီ ဓာတ်အားပေးပြီး တစ်ယူနစ် (၆၀၀) ကျပ်နှုန်း၊ ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့များတွင် ၃နာရီ ဓာတ်အားပေးပြီး တစ်ယူနစ် (၃၀၀)ကျပ်နှုန်း၊ ဂွမြို့တွင် ၄ နာရီ ဓာတ်အားပေးပြီး တစ်ယူနစ် (၅၅၀) ကျပ်နှုန်း၊ စစ်တွေမြို့တွင် မီးလင်းရေးအဖွဲ့ပေါင်း (၄) ဖွဲ့ရှိပြီး တစ်ရက်လျှင် ၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၄၀၀) ကျပ်နှုန်း အသီးသီးကောက်ခံနေကြပါကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဒီဇယ်စက်ဖြင့် မီးလင်းရေးအဖွဲ့ (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၁၂ နာရီဖြင့် တစ်ယူနစ် (၇၀၀)ကျပ်နှုန်း ကောက်ခံပါကြောင်း၊ ထို့ပြင် (၁၂၅) ကေဗွီအေ တစ်လုံး၊ (၂၅၀) ကေဗွီအေတစ်လုံး စုစုပေါင်း ရေအားလျှပ်စစ်စက် (၂)လုံး (၃၇၅) ကေဗွီအေနှင့် တစ်ရက်လျှင် ၄ နာရီ ဓာတ်အားပေးပြီး တစ်ယူနစ် (၂၇၅) ကျပ်နှုန်းကောက်ခံပါကြောင်း။

မွန်ပြည်နယ်တွင် ဒီဇယ်မီးစက်များဖြင့် မီးလင်းရေး အဖွဲ့(၂)ဖွဲ့ရှိကာ ရေးမြို့တွင် တစ်ရက်လျှင် ၂၄ နာရီ ဓာတ်အားပေးထားပြီး တစ်ယူနစ် (၅၀၀) ကျပ်နှုန်း၊ ခေါဇာမြို့တွင် တစ်ရက်လျှင် ၁၀ နာရီ ဓာတ်အားပေးထားပြီး တစ်ယူနစ် (၅၀၀) ကျပ်နှုန်း ကောက်ခံနေပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇယ်စက်များဖြင့် မီးလင်းရေး ဆောင်ရွက်နေသည့် အဖွဲ့ပေါင်း (၃၀) ရှိပါကြောင်း၊ ထားဝယ်မြို့တွင် (၂)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၁၈ နာရီမှ ၂၄ နာရီအထိ ဓာတ်အားပေးကာ တစ်ယူနစ် (၄၃၀)ကျပ်နှုန်း၊ မေတ္တာမြို့တွင် တစ်ဖွဲ့ရှိပြီး တစ်ရက်လျှင် ၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၂၈၅) ကျပ်နှုန်း၊ ရေဖြူမြို့တွင် (၂)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၄၅၀) ကျပ်နှုန်း၊ မောင်းမကန်မြို့တွင် (၂)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၁၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၅၀၀) ကျပ်နှုန်း၊ လောင်းလုံမြို့တွင် ဒီဇယ်စက်များဖြင့် (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၄၅၀) ကျပ်နှုန်း၊ ကလိန်အောင်မြို့တွင် (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၃၀၀) ကျပ်နှုန်း၊ မြိတ်မြို့တွင် (၁၀)ဖွဲ့အထိ ဖွဲ့ထားပြီး ၂၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၃၀၀)ကျပ်နှုန်း၊ ပုလောမြို့တွင် (၁)ဖွဲ့ရှိပြီး ၂၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၄၅၀)ကျပ်နှုန်း၊ ပလောက်မြို့တွင် (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၅ နာရီဓာတ်အားပေးကာ တစ်ယူနစ် (၄၅၀) ကျပ်နှုန်း၊ တနင်္သာရီမြို့တွင် (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၅ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၄၅၀) ကျပ်နှုန်း၊ ကော့သောင်းမြို့တွင် ဒီဇယ်စက်များဖြင့် မီးလင်းရေးအဖွဲ့ (၁)ဖွဲ့ရှိပြီး ၂၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၄၀၀)ကျပ်နှုန်း၊ ခမောက်ကြီးမြို့တွင် (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၃ နာရီသာ ဓာတ်အားပေးကာ တစ်ယူနစ် (၄၅၀)ကျပ်နှုန်း၊ ဘုတ်ပြင်းမြို့တွင် (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၁၅ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၄၇၀)ကျပ်နှုန်း၊ ပြည်ကြီးမဏ္ဍိုင်မြို့တွင် (၁)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၄၅၀) ကျပ်နှုန်း၊ ကရသူရီမြို့တွင် (၂)ဖွဲ့ရှိပြီး တစ်ရက်လျှင် ၃ နာရီသာ ဓာတ်အားပေးကာ တစ်ယူနစ် (၄၅၀) ကျပ်နှုန်း အသီးသီးကောက်ခံနေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

မြင့်မားလာ

ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဒီဇယ်စက်များဖြင့် ဓာတ်အားပေးနေသော မီးလင်းရေး အဖွဲ့ပေါင်း (၄၇)ဖွဲ့ရှိပြီး တစ်ယူနစ် (၃၀၀) ကျပ်နှုန်းမှ (၈၀၀)ကျပ်နှုန်းအထိ ကောက်ခံနေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ ၎င်းမီးလင်းရေးအဖွဲ့များ အနေဖြင့် တစ်ယူနစ်လျှင် (၄၀၀) ကျပ်နှုန်းဖြင့် တွက်ချက်ပါက တစ်ယူနစ်အတွက် ဒီဇယ်ဖိုး (၃၀၀) ကျပ်၊ သယ်ပို့စရိတ် (၁၉) ကျပ်၊ စုစုပေါင်း (၃၁၉)ကျပ်ခန့်ကုန်ကျမှာဖြစ်ပြီး ဝန်ကြီးဌာနသို့ ပေးသွင်းရသည့် တစ်ယူနစ်ခိုင် ကြေး Royalty Fee (၅)ကျပ်ကို နုတ်ပါက ကျန်ငွေ (၇၆) ကျပ်နှင့် စက်များကြံ့ခိုင်ထိန်းသိမ်းစရိတ်များ၊ မီးလင်းရေးအဖွဲ့ ရုံးစရိတ်များ၊ အခြားစရိတ်စကများကို သုံးစွဲရမည်ဖြစ်ပါသဖြင့် (၄၀၀) ကျပ်နှုန်းသည် သင့်လျော်သည့်နှုန်းထားဖြစ်ပါကြောင်း၊ သို့သော် ဒီဇယ်တစ်ဂါလန် ဈေးမြင့်တက်လာပါက တစ်ယူနစ်ထုတ်လုပ်မှု စရိတ်မှာလည်း မြင့်မားလာမည်ဆိုသည်ကို သတိပြုသင့်ပါကြောင်း။

တစ်ဖန် မီးလင်းရေးကော်မတီများမှ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံငယ်များဖြင့် ဓာတ်အားပေးနေသည့် မီးလင်းရေးအဖွဲ့ပေါင်း (၁၄)ဖွဲ့ ရှိပါကြောင်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့များကို ဘူးဂါးကုမ္ပဏီက (၃ ဒသမ ၅)မဂ္ဂါဝပ် စက် (၃)လုံး စုစုပေါင်း (၁၀ ဒသမ ၅)မဂ္ဂါဝပ်ဖြင့် ၂၄ နာရီ ဓာတ်အားပေးနေပြီး ရိုးရိုးအိမ်သုံးမီတာ တစ်ယူနစ် (၁၆၀) ကျပ်နှုန်း၊ အသေးစားစက်မှုလက်မှုသုံးမီတာ တစ်ယူနစ် (၃၀၀)ကျပ်နှုန်း ကောက်ခံနေပါကြောင်း၊ ချီဖွေမြို့တွင် မီးလင်းရေးအဖွဲ့ (၁)ဖွဲ့ရှိပြီး (၂၀၀) ကီလိုဝပ် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ဖြင့် ၂၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၂၀၀) ကျပ်နှုန်း ကောက်ခံပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေး မီးလင်းရေးအဖွဲ့ (၃)ဖွဲ့ရှိပါကြောင်း၊ ကွတ်ခိုင်မြို့တွင် (၁)ဖွဲ့ရှိပြီး (၆၄၀) ကီလိုဝပ်အသေးစားရေအားလျှပ်စစ်စက်ဖြင့် ၂၄ နာရီ ဓာတ်အားပေးကာ တစ်ယူနစ် ရိုးရိုးအိမ်သုံးမီတာ (၂၀၀) ကျပ်နှုန်း၊ *စာမျက်နှာ ၁၀ ကော်လံ ၁*

စာမျက်နှာ ၉ မှ

အသေးစား စက်မှုလက်မှုသုံးမီတာ (၃၀၀)ကျပ်နှုန်း၊ တန့်ယန်းမြို့တွင် (၁)ဖွဲ့ရှိပြီး (၇၅) ကီလိုဝပ် အသေးစား ရေအားလျှပ်စစ်စက်ဖြင့် တစ်ရက် (၈) နာရီ ဓာတ်အားပေးကာ အိမ်သုံးမီတာနှင့် အသေးစားစက်မှုလက်မှုသုံး မီတာ (၂)မျိုးလုံးအတွက် တစ်ယူနစ် (၂၅၀) ကျပ်နှုန်း၊ မန်တုံမြို့တွင် (၁)ဖွဲ့ရှိပြီး (၁၅၀) ကီလိုဝပ် အသေးစားရေအားလျှပ်စစ်စက်ဖြင့် (၂၄)နာရီဓာတ်အားပေးကာ သုံးစွဲမှုယူနစ် (၁)ယူနစ်မှ (၅၀) ယူနစ်အထိ (၂၅၀)ကျပ်နှုန်း၊ သုံးစွဲမှုယူနစ် (၅၁)ယူနစ်မှ (၁၀၀)ယူနစ်အထိ (၂၀၀) ကျပ်နှုန်း၊ သုံးစွဲမှုယူနစ် (၁၀၁)ယူနစ်မှ အထက် (၁၀၀)ကျပ်နှုန်းကောက်ခံနေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေး မီးလင်းရေးအဖွဲ့ (၂)ဖွဲ့ရှိပါကြောင်း၊ ကျိုင်းတုံမြို့တွင် (၁)ဖွဲ့ရှိပြီး (၃၄၈၀) ကီလိုဝပ် ရေအားလျှပ်စစ်စက်ဖြင့် (၂၄) နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၆၀) ကျပ်နှုန်း၊ တာချီလိတ်မြို့တွင် (၁)ဖွဲ့ရှိပြီး (၅၀) ကီလိုဝပ် အသေးစား ရေအားလျှပ်စစ်စက်ဖြင့် ရေနည်းချိန်တွင် တစ်ရက်လျှင် (၂)နာရီ၊ ရေများချိန်တွင်တစ်ရက်လျှင် (၂၄)နာရီ ဓာတ်အားပေးကာ တစ်ယူနစ် ထိုင်းငွေ (၆)ဘတ်၊ မြန်မာငွေ (၁၉၅) ကျပ်ခန့် နှုန်းများဖြင့် ကောက်ခံနေပါကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့တွင် မီးလင်းရေးအဖွဲ့ (၁)ဖွဲ့ရှိပြီး (၁၇၅) ကီလိုဝပ် အသေးစားရေအားလျှပ်စစ်စက်ဖြင့် (၂၄)နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၆၀)ကျပ်နှုန်းကောက်ခံပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးတွင် အသေးစားရေအားလျှပ်စစ်စက်ရုံများဖြင့် မီးပေးနေသည့် အဖွဲ့ (၅)ဖွဲ့ရှိပါကြောင်း၊ ကျွန်းစုမြို့တွင် (၁)ဖွဲ့ရှိပြီး (၁၅၀) ကီလိုဝပ် အသေးစား ရေအားလျှပ်စစ်စက်ဖြင့် တစ်ရက်လျှင် နေ့ရာသီ၌ (၅)နာရီ၊ မိုးရာသီ၌ (၂၄)နာရီ ဓာတ်အားပေးကာ တစ်ယူနစ်(၂၅၀)ကျပ်နှုန်း၊ တနင်္သာရီမြို့တွင် (၃)ဖွဲ့ရှိပြီး စုစုပေါင်း (၁၂၄) ကီလိုဝပ်ရှိသော အသေးစားရေအားလျှပ်စစ်စက်များဖြင့် တစ်ရက်လျှင် (၄)နာရီမှ (၉) နာရီအထိ ဓာတ်အားပေးကာ တစ်ယူနစ် (၄၈၀)ကျပ်မှ (၅၀၀)ကျပ်နှုန်း၊ မလိကျွန်းတွင် (၁)ဖွဲ့ရှိပြီး (၁၉၂) ကီလိုဝပ် အသေးစား ရေအားလျှပ်စစ်စက်ရုံဖြင့် တစ်ရက်လျှင် (၆)နာရီ ဓာတ်အားပေးကာ တစ်ယူနစ် (၅၀၀)ကျပ်နှုန်း အသီးသီး ကောက်ခံနေပါကြောင်း။

ထို့ကြောင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်များဖြင့် ကောက်ခံနေသည့် ဓာတ်အားခများကို ကြည့်ပါက တစ်ယူနစ်လျှင် (၆၀)ကျပ်နှုန်းမှ (၅၀၀)ကျပ်နှုန်းအထိ အမျိုးမျိုး ကောက်ခံနေသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း။

နည်းလမ်း (၅)ဖြစ်သော အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသည့် ဒေသအချို့တွင် လျှပ်စစ်ဓာတ်အားကို အိမ်နီးချင်းနိုင်ငံများမှဝယ်ယူပြီး ဖြန့်ဖြူး ဆောင်ရွက်နေသည့် မီးလင်းရေးအဖွဲ့ပေါင်း (၁၂) ဖွဲ့ရှိပါကြောင်း၊ ပထမဦးစွာ တရုတ်နိုင်ငံမှ ဓာတ်အားဝယ်ယူ၍ ဖြန့်ဖြူးနေသည့်အခြေအနေများကို တင်ပြရလျှင် ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ တရုတ်နိုင်ငံမှ ဓာတ်အားဝယ်ယူပြီး (၂၄)နာရီဓာတ်အားပေးကာ တစ်ယူနစ်လျှင် (၁၄၅)ကျပ်နှုန်း ကောက်ခံပါကြောင်း။

ပေးချေရ

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် တရုတ်နိုင်ငံမှ ဓာတ်အားဝယ်ယူပြီး (၂၄) နာရီ ဓာတ်အားဖြန့်ဖြူးပေးနေသည့် မီးလင်းရေးအဖွဲ့ပေါင်း (၇)ဖွဲ့ရှိပါကြောင်း၊ ချင်းရွှေဟော်တွင် တစ်ယူနစ် (၁ ဒသမ ၂)ယွမ်၊ မုံးကိုးတွင် တစ်ယူနစ် (၁ ဒသမ ၅)ယွမ်၊ မန်ဟီးရိုးတွင် တစ်ယူနစ် (၁ ဒသမ ၂)ယွမ်၊ ဟိုပန်တွင် တစ်ယူနစ် (၁ဒသမ၂)ယွမ် အသီးသီး ပေးချေရသည့်အပြင် နမ့်ဖတ်ကာ၊ ခိုမုန်း၊ မိုင်းယုလေးတို့တွင် တစ်ယူနစ် မြန်မာငွေ (၃၀၀)ကျပ် ပေးချေရပါကြောင်း၊ ကွမ်းလုံမြို့တွင် ရိုးရိုးအိမ်သုံးမီတာနှင့် အသေးစားစက်မှုလက်မှု သုံးမီတာ (၂)မျိုးလုံးအတွက် တစ်ယူနစ် (၁ ဒသမ ၄)ယွမ်၊ မြန်မာငွေ (၂၁၀) ကျပ်ခန့်၊ လောက်ကိုင်မြို့တွင် ရိုးရိုးအိမ်သုံးမီတာ တစ်ယူနစ် (၁)ယွမ်၊ မြန်မာငွေ (၁၅၀) ကျပ်ခန့်၊ အသေးစားစက်မှုလက်မှုသုံးမီတာ တစ်ယူနစ် (၁ ဒသမ ၂)ယွမ်၊ မြန်မာငွေ (၁၈၀) ကျပ်ခန့် ကောက်ခံပါကြောင်း။

ထို့ပြင် မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်များတွင် ယခင်က တစ်ယူနစ် (၁ ဒသမ ၂)ယွမ်၊ မြန်မာငွေ (၁၆၂) ကျပ်ခန့် ကောက်ခံခဲ့သော်လည်း ယခုအခါ နိုင်ငံတော်နှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ဖက်စပ်တည်ဆောက်ထားသော ရွှေလီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားကို ရယူအသုံးပြုထားနိုင်သည့်အတွက် တစ်ယူနစ် (၁၂၀)ကျပ်သာ ကောက်ခံပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရွှေလီ ဓာတ်အားပေးစက်ရုံမှ ဓာတ်အားကို တရုတ်ယွမ်ငွေဖြင့် ဝယ်ယူဖြန့်ဖြူးပေးရခြင်းဖြစ်သည့်အတွက် ဓာတ်အားခ (၁၂၀) ကျပ် ကောက်ခံခြင်းဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံမှ ဓာတ်အားဝယ်ယူကာ ဖြန့်ဖြူးပေးနေသည့် အခြေအနေများကို တင်ပြရလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ ဓာတ်အားဝယ်ယူ၍ (၂၄)နာရီ ဓာတ်အားဖြန့်ဖြူးပေးကာ ရိုးရိုးအိမ်သုံးမီတာ တစ်ယူနစ် (၆ ဒသမ ၂၅)ဘတ်၊ မြန်မာငွေ(၂၀၀)ကျပ်ခန့်၊ အသေးစား စက်မှုလက်မှုသုံးမီတာ တစ်ယူနစ် (၇ ဒသမ ၅)ဘတ်၊ မြန်မာငွေ (၂၄၀) ကျပ်ခန့် ကောက်ခံနေသည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

ကရင်ပြည်နယ် မြဝတီမြို့ အပိုင်း-၁ တွင် (၂၄)နာရီ ဓာတ်အားပေးကာ ရိုးရိုးအိမ်သုံးမီတာ တစ်ယူနစ် (၄ ဒသမ ၅)ဘတ်၊ မြန်မာငွေ (၁၄၄) ကျပ်ခန့်၊ အသေးစား စက်မှုလက်မှုသုံးမီတာ တစ်ယူနစ် (၆) ဘတ်၊ မြန်မာငွေ (၁၉၂)ကျပ်ခန့်၊ မြဝတီ မြို့ အပိုင်း-၂ တွင် (၂၄)နာရီ ဓာတ်အား ပေးထားကာ ရိုးရိုးအိမ်သုံးမီတာ တစ် ယူနစ် (၇)ဘတ်၊ မြန်မာငွေ (၂၄၄) ကျပ်ခန့်၊ အသေးစား စက်မှုလက်မှုသုံးမီတာ တစ်ယူနစ် (၉) ဘတ်၊ မြန်မာငွေ (၂၈၀) ကျပ်ခန့်၊ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့တွင် (၂၄)နာရီ ဓာတ်အားပေးထားပြီး ရိုးရိုးအိမ်သုံးမီတာ နှင့် အသေးစား စက်မှုလက်မှုသုံးမီတာ (၂)မျိုးလုံးအတွက် တစ်ယူနစ် (၆)ဘတ်၊ မြန်မာငွေ (၁၉၂) ကျပ်ခန့် ကောက်ခံနေသည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

ပြည်သူ့အကျိုး

အထက်ပါ တင်ပြချက်များအရ မီးလင်းရေးအဖွဲ့များအနေဖြင့် မီးပေးသည့် နည်းလမ်းအမျိုးမျိုးကို အသုံးပြုပြီး မီးပေးချိန် အမျိုးမျိုးပေးထားသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ **မီးလင်းရေးအဖွဲ့များအနေဖြင့် လုပ်ဆောင်နိုင်စွမ်းရှိလျှင် ရှိသလို၊ ပြည်သူကို စည်းရုံးနိုင်စွမ်းရှိလျှင် ရှိသလို ပြည်သူ့အကျိုးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်က အကျိုးအမြတ်မတွက်ဘဲ ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ခြင်းမရှိသေးသော ကာလများတွင် ဒေသအသီးသီး၌ မီးလင်းရေး ဆောင်ရွက်မှုများသည် နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေကြခြင်းဖြစ်သည့်အတွက် ဓာတ်အားခနှုန်းထားများသည်လည်း နေရာဒေသအလိုက်မတူညီဘဲ အမျိုးမျိုးကွဲပြားနေမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဓာတ်အားခကို တစ်ပြေးညီ သတ်မှတ်ရန်ဆိုသည်မှာ မဖြစ်နိုင်သေးပါကြောင်း။**

သို့သော် နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားမရရှိသေးသည့် ဒေသများကို ပစ်မထားပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နိုင်ငံတော်နှင့် ပြည်တွင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း (၂၆)ခု (၃,၀၃၅)မဂ္ဂါဝပ်၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (၁)ခု (၆) မဂ္ဂါဝပ် စုစုပေါင်းစီမံကိန်း (၂၇)ခု (၃,၀၄၁) မဂ္ဂါဝပ်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း (၃၆)ခု (၃၆,၃၆၀)မဂ္ဂါဝပ်၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်း (၂)ခု (၈၇၀)မဂ္ဂါဝပ် စုစုပေါင်း စီမံကိန်း (၃၈) ခု (၃၇,၂၃၀)မဂ္ဂါဝပ်ဖြစ်သည့်အတွက် စုစုပေါင်းစီမံကိန်း (၆၅)ခု (၄၀,၂၇၁) မဂ္ဂါဝပ်သည် အကောင်အထည်ဖော် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းများအဖြစ် ရှိနေပြီ ဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုပါစီမံကိန်း (၆၅)ခု၏ စုစုပေါင်း မဂ္ဂါဝပ် (၄၀,၂၇၁)ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် အဆိုပါဒေသများနှင့် ဆက်စပ်နေသည့် ဒေသများကို နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားပေးနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီး ယင်းအချိန်တွင် ဓာတ်အားခနှုန်းထားများ တစ်ပြေးညီ သတ်မှတ်ကောက်ခံ သွားနိုင်မည့်အခြေအနေကို ရောက်ရှိလာမှာဖြစ်ပါကြောင်း၊ အထက်ပါ စီမံကိန်း (၆၅) ခုတွင် ရခိုင်ပြည်နယ် သူ့ငွေးချောင်း ရေအားလျှပ်စစ်မှ (၁၁၁) မဂ္ဂါဝပ်၊ လေးမြို့ရေအားလျှပ်စစ်မှ (၅၀၀)မဂ္ဂါဝပ်၊ စိုင်ဒင်ရေအားလျှပ်စစ်မှ (၇၆ ဒသမ ၅)မဂ္ဂါဝပ်၊ အမ်းရေအားလျှပ်စစ်မှ (၁၀)မဂ္ဂါဝပ် အသီးသီးထွက်ရှိလာမည်ဖြစ်ပြီး ရခိုင်ပြည်နယ် (၁၇)မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် နိုင်ငံတော်ဓာတ်အားစနစ် တည်ဆောက်၍ မီးပေးသွားမှာဖြစ်ပါကြောင်း၊ ယင်းအချိန်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် တစ်ယူနစ် ဓာတ်အားခနှုန်းအတိုင်း ကောက်ခံသွားမည် ဖြစ်ပါကြောင်း။

သဘာဝတရား၏ ပိုင်းခြားမှုအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော ခံစားခွင့်များ၊ ရပိုင်ခွင့်များ၊ အကျိုးဖြစ်ထွန်းမှုများသည် မည်သည့်အခါကမျှ တူညီနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် သဘာဝ တရားကို ဆန့်ကျင်ပြီး အားလုံးတစ်ပြေးညီ ဖြစ်ချင်သည့်ဆန္ဒ၊ အားလုံးအညီအမျှ ခံစားလိုသည့် ဆန္ဒတို့သည် သဘာဝလွန် ခံစားချက်များသာ ဖြစ်နေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဦးမောင်ညို တင်သွင်းထားသော အဆိုသည် လွန်စွာမှ စေတနာကောင်းသော်လည်း ဖြစ်နိုင်ခြေနည်းပြီး လတ်တလော ဆောင်ရွက်ရန်မဖြစ်နိုင်သေးသော အဆိုဖြစ်ပါကြောင်း၊ နယ်မြေဒေသအမျိုးမျိုး၏ အခြေအနေအရ တစ်ပြေးညီဖြစ်ရန်၊ အညီအမျှရရှိရန်ဆိုသည်မှာ ယခုအချိန်တွင် လွန်စွာခက်ခဲပါကြောင်း၊ သို့ပါ၍ ဦးမောင်ညို၏အဆိုအား ပြန်လည်သုံးသပ်နိုင်ပါရန်နှင့် ဆက်လက်ဆွေးနွေးရန် မလိုအပ်သောအဆိုအဖြစ် မေတ္တာရပ်ခံပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၏ အဆိုအပေါ် ဆွေးနွေးသူ (၅)ဦးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာရှင်းလင်းဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ဆွေးနွေးမှုများသည် ဒေသအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးရှိစေမည့် အချက်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကမှတ်တမ်းတင်ထားပြီး နောင်တွင် လိုအပ်သလို စဉ်းစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဤအဆိုကို ဆက်လက်တင်သွင်းရန် သင့် မသင့်နှင့်စပ်လျဉ်း၍ ဦးမောင်ညို၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုက မိမိအနေဖြင့် ပြည်သူများ၏ လိုလားချက်ဆန္ဒကို ပြည်သူ့လွှတ်တော်တွင် ပြည်သူများ ကိုယ်စား တင်ပြခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ အသေးစိတ် ရှင်းလင်းဆွေးနွေးချက်များသည် ကျိုးကြောင်းဆီလျော်ပါကြောင်း၊ သို့သော် နိုင်ငံတော်အနေဖြင့် သင့်လျော်သောအချိန်တွင် ထည့်သွင်းစဉ်းစား ဖော်ဆောင်ပေးစေလိုပါကြောင်းနှင့် မိမိ၏အဆိုကို ရွှေ့ဆိုင်းပေးပါရန် တင်ပြသည်။

ယင်းသို့ ကာယကံရှင်က မိမိ၏အဆိုကို ရွှေ့ဆိုင်းပေးပါရန် တင်ပြခြင်းအပေါ် လွှတ်တော်က သဘောတူသည့်အတွက် ဦးမောင်ညို၏ အဆိုကို ရွှေ့ဆိုင်းခွင့်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မရမ်းကုန်းမဲဆန္ဒနယ်မှ ဦးပွင့်ဆန်း၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ယခင် လွှတ်တော် အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် မရမ်းကုန်း မဲဆန္ဒနယ်မှ ဦးပွင့်ဆန်း၏ **“နိုင်ငံတကာ အဆင့်မီ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်း ဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးကြသည်။

ကူညီဆောင်ရွက်

ရေးဦးစွာ ဒေးဒရဲ မဲဆန္ဒနယ်မှ ဦးတင်ဝင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၄ ၌ နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟုလည်းကောင်း၊ ပုဒ်မ ၂၆ (ခ)၌ နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီး ဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိမှုအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၈ (က)၌ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်ရေးတို့အတွက် အလေးထား ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၁ ၌ နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၂ (က) ၌ နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ ကလေးများ၊ ကျဆုံးသွားသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု လည်းကောင်း၊ ပုဒ်မ ၃၅၁ ၌ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိစေရမည်ဟုလည်းကောင်း ဖော်ပြထားပါကြောင်း။

အခြားသော နိုင်ငံများတွင် နာမကျန်းမှု၊ မသန်စွမ်းမှု၊ ထိခိုက်ဒဏ်ရာရမှုစသည်တို့ပေါ်ပေါက်ပါက လူမှုဖူလုံရေးစီမံကိန်းအရ အကျိုးခံစားခွင့်များပေးနိုင်သည့်အပြင် ထိုသို့ မပေါ်ပေါက်ခဲ့သူများကိုလည်း ၄င်းတို့ စုဆောင်းထည့်ဝင်ခဲ့သည့်ငွေများကို အချိန်တန်သည့်အခါ အတိုးနှင့်တကွ ပြန်လည်ထုတ်ယူ ခံစားခွင့်ပြုသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထည့်သွင်းရေးဆွဲ

အကယ်၍ အဆိုပြုတင်ပြသည့်အတိုင်း လူမှုဖူလုံရေးဥပဒေသစ်တစ်ရပ် ရေးဆွဲသည့်အခါတွင် ယခင်ကလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုကြောင့် မသန်မစွမ်းဖြစ်သူများ၊ သေဆုံးသူများကိုသာ အကျိုးခံစားခွင့်ပေးနေရာမှ သာမန်နာမကျန်းမှုကြောင့် လုံးဝ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားသော အလုပ်သမားများအတွက် ကျန်ရစ်သူမိသားစုများကိုပါ စောင့်ရှောက်နိုင်မည့် အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ယခင်က အာမခံအလုပ်သမားများသာ ကျန်းမာရေးစောင့်ရှောက်မှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု အကျိုးခံစားခွင့်များ ရရှိခဲ့သော်လည်း အာမခံထည့်ဝင်ကြေး ပေးသွင်းထားသည့် အလုပ်ရှင်များနှင့် အလုပ်ရှင်များ၏ မိသားစုကိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော စနစ်မျိုးကို ထည့်သွင်းရေးဆွဲပေးနိုင်ခဲ့လျှင် လူမှုဖူလုံရေးစီမံကိန်းအပေါ်၌ လုပ်ငန်းရှင်များ၏ စိတ်ပါဝင်စားမှု ပိုမိုတိုးတက်လာနိုင်ပါကြောင်း။

ပြန်လည်
ရှင်းလင်း



အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦး အောင် ကြည် ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။

(သတင်းစဉ်)

ထို့ပြင် ဥပဒေအသစ်၌ အာမခံ အလုပ်သမားတစ်ဦးသည် အကြောင်း အမျိုးမျိုးကြောင့် ၄င်း၏ဆန္ဒမပါဘဲ အလုပ်လက်မဲ့ဖြစ်ခဲ့လျှင် ၄င်း၏မိသားစု အခက်အခဲမရှိစေရေးအတွက် အလုပ်လက်မဲ့ ငွေကြေးအကျိုးခံစားခွင့်ပေးခြင်း အစီအစဉ်ကို ထည့်သွင်းပေးခဲ့မည်ဆိုပါက နိုင်ငံတော်စီးပွားရေး တည်ငြိမ်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမည့်အပြင် အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားကို ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးခြင်း၊ သင့်လျော်သည့်အလုပ်အကိုင်ရှာဖွေပေးခြင်းဟူသည့် လုပ်ငန်းစဉ်များပါ ပါရှိသင့်ပါကြောင်း၊ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ နှင့်အညီ အလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဆိုသည့် အချက်နှင့် ကိုက်ညီနိုင်ပါကြောင်း။

ယခုကဲ့သို့ အလုပ်သမားများ၏ ဘဝအာမခံချက်ရှိရေးအတွက် နိုင်ငံတကာ အဆင့်မီ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းပြီး လူမှုဖူလုံရေးစီမံကိန်းကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုလျှင် လုပ်ငန်းခွင်များ၌ အလုပ်သမားမတည်ငြိမ်သော ပြဿနာများ နည်းပါးလာနိုင်သည့်အပြင် ကျွမ်းကျင်လုပ်သားများ ပိုမိုများပြားလာပြီး ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာမှာဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုများကြောင့် အလုပ်ရှင်များက ဆေးကုပေးရခြင်း၊ လျော်ကြေးပေးရခြင်းများအစား လူမှုဖူလုံရေးစီမံကိန်းက ထိရောက်သော ဆေးဝါးကုသပေးခြင်းနှင့် အကျိုးခံစားခွင့်များ အလုံအလောက်ပေးသွားနိုင်မည်ဖြစ်သည့်အတွက် အလုပ်ရှင်များအတွက်လည်း အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့် နေရာတွင် နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမားများ၏ ပူးပေါင်းပါဝင်မှုကို အခြေခံပြီး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် မျက်မှောက်ခေတ် အခြေအနေနှင့်ရော၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပါ ကိုက်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်သော အလုပ်လက်မဲ့ခံစားခွင့်၊ သက်ကြီးရွယ် ခံစားခွင့်၊ နာမကျန်းမှု၊ မီးဖွားမှု၊ ကလေးများပြုစုစောင့်ရှောက်မှု၊ ကျန်ရစ်သူမိသားစု ဘဝရပ်တည်မှု၊ မသန်စွမ်းမှုခံစားခွင့်များနှင့် စီးပွားရေး၊ လူမှုရေး အာမခံအကာအကွယ်များပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး နောင်ပြုလုပ်မည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြ ဆွေးနွေးသည်။

ခက်ခဲနေဆဲဖြစ်

ထို့နောက် ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်းက လက်ရှိ လူမှုဖူလုံရေးစီမံကိန်းသည် အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာ ဘဝလုံခြုံမှုကိုသာ ပေးနိုင်ပါကြောင်း၊ သို့သော် လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းများနှင့် အလှမ်းကွာဝေးသော နေရာများ၌ နေထိုင်ကြသည့် အလုပ်သမားများသည် အရေးပေါ်အခြေအနေ၌ ကျန်းမာရေးဆိုင်ရာ ကုသမှုများ ရရှိနိုင်ရန် ခက်ခဲနေဆဲဖြစ်ပါကြောင်း၊ ထို့ပြင် လူမှုဖူလုံရေးဆေးရုံ ဆေးခန်းများလည်းမရှိ၊ လူမှုဖူလုံရေးရုံးခွဲများလည်း မရှိသော မြို့ရွာများက အလုပ်သမားများသည် လက်ရှိဥပဒေအရ လူမှုဖူလုံရေး အကျုံးဝင်ခွင့် မရရှိကြသေးပါကြောင်း၊ လူမှုဖူလုံရေး အကျုံးဝင်ခွင့်ပြုပေးသည့်တိုင် ဆေးကုသမှုခံယူရန် ဆေးရုံဆေးခန်း မရှိသည့်အတွက် ဆေးကုသမှုဆိုင်ရာ အကျိုးခံစားခွင့်များ ရရှိခံစားနိုင်မည် မဟုတ်ပါကြောင်း၊ ယင်းအခက်အခဲကိုလည်း ဥပဒေသစ်ရေးဆွဲရာ၌ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း။

လက်ရှိဥပဒေ၌ သာမန်နာမကျန်းမှုများ၊ နာတာရှည်ရောဂါများ (ဥပမာ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ၄က်ဖျားရောဂါ) ဖြစ်ပွား ခံစားကြရသည့် အာမခံအလုပ်သမားများသည် ဆေးကုသမှု အကျိုးခံစားခွင့်ကို ရရှိခံစားနိုင်ကြသော်လည်း ထိုရောဂါများကြောင့် လုံးဝအလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသည့် အခြေအနေမျိုးရောက်သွားကြသူများသည် လူမှုဖူလုံရေး အကျိုးခံစားခွင့်များ မရရှိကြပါကြောင်း၊ အလားတူ ကျန်ရစ်သူမိသားစုများသည်လည်း တစ်စုံတစ်ရာအကျိုးခံစားခွင့် မရကြပါကြောင်း၊ ယင်းမှာ လူမှုဖူလုံရေး စီမံကိန်းအပေါ် ယုံကြည်အားထား လာစေရန်အတွက် စဉ်းစားသင့်သော အချက်တစ်ရပ်ပင် ဖြစ်ပါကြောင်း။

သတိထားမိလာ

လုပ်ငန်းရှင်တစ်ဦးသည် လုပ်ငန်း အခက်အခဲကြောင့် အလုပ်သမား လျှော့ချရသော အခြေအနေမျိုးများ မကြာခဏ ကြုံတွေ့ရလေ့ရှိပါကြောင်း၊ ယင်းအခြေအနေများ၌ အာမခံအလုပ်သမား တစ်ဦးသည် နောက်အလုပ်တစ်ခုမရမီစပ်ကြား လူမှုရေးအခက်အခဲကြီးစွာတွေ့ရတတ်ပါကြောင်း၊ ယင်းသို့ အလုပ်သမား၏ ဆန္ဒမပါဘဲ အလုပ်လက်မဲ့ဖြစ်ခဲ့လျှင် ၄င်း၏ မိသားစု အခက်အခဲမရှိစေရေးအတွက် အလုပ်လက်မဲ့ ငွေကြေးအကျိုးခံစားခွင့်ပေးခြင်းသည် အလုပ်သမား၏ ဘဝလုံခြုံမှုကို ပေးနိုင်သည့်အပြင် နိုင်ငံတော်အတွင်း ငွေကြေးလည်ပတ်မှုနှင့် စီးပွားရေးတည်ငြိမ်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေသည်ဆိုခြင်းကို နိုင်ငံအများစုက သတိထားမိလာကြပြီ ဖြစ်သည့်အတွက် ယင်းအချက်ကို ၄င်းတို့နိုင်ငံများ၏ လူမှုဖူလုံရေး ဥပဒေများ၌ ထည့်သွင်းရေးဆွဲနေကြသည်ကို တွေ့ရပါကြောင်း။

အသက်အရွယ် ကြီးရင့်အိုမင်းလာကြသော အလုပ်သမားများ၏ အလုပ်မလုပ်နိုင်တော့သောအချိန်၌ လူမှုဒုက္ခ မခံစားကြရစေရေးအတွက် သက်ကြီးပင်စင်ကို

စာမျက်နှာ ၁၁ ကော်လံ ၁သို့

22-3 (10).pmd 1 3/22/2011, 3:49 AM

စာမျက်နှာ ၁၀ မှ

အစိုးရအမှုထမ်းများသာ ခံစားခွင့် ရှိနေကြပါကြောင်း၊ လက်ရှိလူမှုဖူလုံရေး ဥပဒေအရ ပုဂ္ဂလိကလုပ်ငန်းများမှ အလုပ်သမားများသည် သက်ကြီးပင်စင်အကျိုး ခံစားခွင့် မရကြသေးပါကြောင်း။

ယင်းအချက်များအပါအဝင် နိုင်ငံတကာကျင့်သုံးမှုများနှင့် ဆီလျော်ပြီး မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီမည့်အချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် လူမှုဖူလုံရေး ဥပဒေသစ်ကို ရေးဆွဲပြုစုနိုင်မည်ဆိုလျှင် အလုပ်သမားများအတွက် ဘဝလုံခြုံမှု ပိုမိုရှိလာမည်ဖြစ်သည့်အပြင် နိုင်ငံတော်စီးပွားရေး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် ရေးဆွဲပြုစုရန်နှင့် ဤဥပဒေမူကြမ်းကို နောင်လာမည့် ပြည်သူ့လွှတ်တော် အစည်းအဝေးများ၌ တင်ပြဆွေးနွေးအတည်ပြုနိုင်ရေး အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ဦးပွင့်ဆန်း၏ အဆို၌ လိုအပ်သော အစီအစဉ်များဆိုသည်မှာ ၁၉၅၄ လူမှုဖူလုံရေးဥပဒေကို ပြန်လည်သုံးသပ်ပြီး ဥပဒေသစ်တစ်ရပ်မူကြမ်း ရေးဆွဲရန်ပင်ဖြစ်ပါကြောင်း၊ လက်ရှိ လူမှုဖူလုံရေးဥပဒေသည် ပုဂ္ဂလိကနှင့် အစိုးရဝန်ထမ်းများနှင့်သာ အကျုံးဝင်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုတွင်ပင် ဤဥပဒေနှင့် အကျုံးဝင်ခံစားသူ နည်းနေသေးသည့်အတွက် ၂၀၁၀ ကွန်ဂရက်၌ တိုးချဲ့ရန် ဆွေးနွေးခဲ့သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၌ အခြားသောပြည်သူများအတွက် ဆေးကုသမှုခံယူရေးမှာ ဒေသန္တရဆေးရုံ၊ ဆေးခန်းများနှင့် အစိုးရ၏ စရိတ်မျှပေး ကျန်းမာရေး အစီအစဉ်၊ ပုဂ္ဂလိကအလှူရှင်များ၏ ဆေးပဒေသာပင်စနစ်များရှိပြီး အနာဂတ်လုံခြုံရေးအတွက်မှာ ပင်စင်စုငွေစနစ်၊ အသက်နှင့် အခြားအာမခံစနစ်၊ ဘဏ်များ၌ ငွေစုဆောင်းမှု အလေ့အကျင့်နှင့် ငွေစုလက်မှတ်ဝယ်ယူရေးစနစ်၊ ပုဂ္ဂလိကကုမ္ပဏီ အစုရှယ်ယာဝင်သည့်စနစ်၊ အရစ်ကျအိမ်ဝယ်ယူရေးစနစ် စသည့်အချက်များသည် လူမှုလုံခြုံရေး စနစ်များပင် ဖြစ်ပါကြောင်း။

အဓိကထည့်ဝင်ပေး

သို့သော် ယင်းလူမှုလုံခြုံရေးစနစ်များသည် သီးခြားစီဆက်စပ်မှုမရှိဘဲဖြစ်နေပါသေးကြောင်း၊ ကာယကံရှင်ဝန်ထမ်းများကိုယ်တိုင်ပင် မည်သို့အကျိုးခံစားနိုင်ရန် ထည့်ဝင်ပေးနေရသည်ကို မသိကြပါကြောင်း၊ ထို့အပြင် အစိုးရက အဓိကထည့်ဝင်ပေးနေရခြင်းဖြစ်၍ ဈေးကွက်စီးပွားရေးနှင့် မကိုက်ညီတော့သည်ကို တွေ့ရပါကြောင်း။

နိုင်ငံတကာ၌ လူမှုဖူလုံရေးစနစ်ကို Security ဟု ခေါ်ဆိုသကဲ့သို့ အမျိုးသားအာမခံစနစ် National Insurance ဟုလည်းခေါ်ပါကြောင်း၊ ယင်းအခေါ်မှာ အဓိကအားဖြင့် စတော့ငွေကြေးဈေးကွက်၏ အာမခံလုပ်ငန်းပါဝင်နေ၍လည်း ဖြစ်ပါကြောင်း၊ ထို့အပြင် ဝင်ငွေနည်းပါးသူ ပြည်သူများအနေဖြင့် ကျန်းမာရေး၊ ပညာရေးအပါအဝင် လူနေမှုအဆင့်တစ်ရပ်ကို အနိမ့်ဆုံးအားဖြင့် လူ့အဆင့်အတန်း၊ လူ့ဂုဏ်သိက္ခာ၊ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ အဆင့်အတန်းများနှင့်အညီ ခံစားရစေမည်ဆိုသည့် သဘောပါဝင်ခြင်းကြောင့် လူမှုလုံခြုံရေးဆန်ခါတန်း (Social safety net) ဟုလည်း ခေါ်ကြပါကြောင်း။

ဈေးကွက်စီးပွားရေးတွင် ခေတ်မီ လူမှုဖူလုံရေး၊ လုံခြုံရေး၊ အာမခံကွန်ရက် ပုံစံစနစ်ကြီးတစ်ခုလုံး၏ အခြေခံသည် အလုပ်မရှိသေးသူများက ထောက်ပံ့ကြေးရသည့် အထဲမှ စတင်ထည့်ဝင်မှုအပေါ် အခြေခံပါကြောင်း၊ ယင်းထည့်ဝင်မှုအပေါ်တွင် အလုပ်ရှင်နှင့် အစိုးရတို့က ထပ်ဆောင်းထည့်ဝင်ပေးမှုဖြင့် ပေါ်ပေါက်လာသော စုဆောင်းမှုရန်ပုံငွေကို ဘဏ်စနစ်နှင့် စတော့ငွေကြေးဈေးကွက်၌ စီးပွားရေး လုပ်ငန်းများက ရယူသုံးစွဲပြီး တိုးပွားလာပါကြောင်း၊ ထိုသို့ တိုးပွားလာသည်နှင့်အမျှ ပြည်သူတစ်ဦးချင်း၏ လူမှုဖူလုံရေးခံစားရမှုအဝဝ ဆပွားမြင့်မားလာစေပါကြောင်း၊ လက်ရှိ ဆေးငွေပဒေသာပင် စိုက်ထူခြင်းကဲ့သို့ မွန်မြတ်သည့် လုပ်ငန်းများလည်း ဆက်ရှိနိုင်ပါကြောင်း။

အာမခံလူမှုဖူလုံရေးစနစ်များ၌ အစိုးရပိုင်းက ကုန်ကျစရိတ်များ ပိုမိုကျခံနိုင်ရေး သို့မဟုတ် လျှော့ချပြီး ပုဂ္ဂလိကပိုင်းက တိုးမြှင့်ကျခံနိုင်ရေး လိုလာပါကြောင်း၊ သို့အတွက် နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေး ဥပဒေသစ်များ မူကြမ်းရေးဆွဲပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၌ တင်သွင်းဆွေးနွေးနိုင်ရေး အစီအစဉ်များ ပြုလုပ်ရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ခံစားခွင့်ရရှိ

ယင်းနောက် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက မြန်မာနိုင်ငံလူမှုဖူလုံရေး စီမံကိန်းအပေါ်၌ အလုပ်ရှင်နှင့် အလုပ်သမား အတော်များများက နားလည်လက်ခံနိုင်မှု၊ စိတ်ပါဝင်စားမှု အားနည်းနေသေးသည်ကို တွေ့ရပါကြောင်း၊ လက်ရှိဥပဒေ၌ အမျိုးသမီးအလုပ်သမား တစ်ဦး မီးဖွားသည့်အခါ အလုပ်သမားဆေးရုံကြီးများ၌ အခမဲ့မီးဖွားခွင့်ရှိပြီး မီးမဖွားမီ ရက်သတ္တ (၆)ပတ်၊ မီးဖွားပြီး (၆)ပတ်၊ စုစုပေါင်း ရက်သတ္တ (၁၂)ပတ်ကို မီးဖွားမှုအကျိုးခံစားခွင့်အဖြစ် အလုပ်မဆင်းဘဲ ခွင့်ယူနိုင်ပါကြောင်း၊ ဤကာလများအတွက် လူမှုဖူလုံရေးအဖွဲ့က သတ်မှတ်လစာ၏ ၆၆ ဒသမ ၆၆ ရာခိုင်နှုန်းကို ခံစားခွင့်ရရှိနိုင်ပါကြောင်း။

သို့သော် လက်ရှိဥပဒေအရ မီးဖွားမှုထောက်ပံ့ကြေးကို ခံစားခွင့်မရှိသေးပါကြောင်း၊ အခြားနိုင်ငံများတွင် မီးဖွားမှုထောက်ပံ့ကြေးအဖြစ် သီးခြားခံစားခွင့်ပြုပါကြောင်း၊ ကလေးတစ်ဦးမွေးခြင်းထက် နှစ်ဦးမွေးလျှင်၊ ကလေးနှစ်ဦးမွေးခြင်းထက် သုံးဦးမွေးလျှင် မီးဖွားမှုထောက်ပံ့ကြေးကို ပိုမိုတိုးမြှင့်ခံစားခွင့်ပြုပေးသည့် စနစ်များလည်း ကျင့်သုံးကြပါကြောင်း၊ လက်ရှိဥပဒေ၌ အာမခံအမျိုးသမီး အလုပ်သမားများ မီးဖွားသည့်အခါ မီးဖွားခွင့် ရရှိပါကြောင်း၊ ဤစနစ်များကို မြန်မာနိုင်ငံလူမှုဖူလုံရေးဥပဒေသစ်၌ ထည့်သွင်းစဉ်းစားရေးဆွဲနိုင်မည်ဆိုလျှင် အလုပ်သမားများ၏ စိတ်ဝင်စားမှု ယုံကြည်ကိုးစားမှုသည် အများကြီး တိုးတက်လာနိုင်ပါကြောင်း။

နောက်တစ်ချက်မှာ အာမခံထည့်ဝင်ကြေးပေးသွင်းထားသည့် အလုပ်ရှင်များ၏ လက်ရှိဥပဒေအရ အလုပ်သမားများကိုသာ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ပေးပြီး အလုပ်ရှင်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို ခံစားခွင့်မရှိသည့်အတွက် လူမှုဖူလုံရေး အာမခံထည့်ဝင်ကြေးပေးရန် စိတ်ဝင်စားမှု အားနည်းနေကြသည်ကို တွေ့ရပါကြောင်း၊ ဤသည်မှာ အကျုံးဝင်အလုပ်ဌာနများ၏ အလုပ်ရှင်များကိုပါ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့်အချက်ကို အခြားနိုင်ငံအချို့၏ လူမှုဖူလုံရေးဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းပေးထားခြင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းအချက်များကြောင့် ဥပဒေသစ် ပြင်ဆင်ရေးဆွဲရန် လိုအပ်နေသည်ဟု သုံးသပ်ရရှိပါကြောင်း။

ယုံကြည်အားကိုးမှုများ

တင်ပြခဲ့သည့်အချက်များအပါအဝင် နိုင်ငံတကာ လူမှုဖူလုံရေးဥပဒေများကို လေ့လာပြီး မိမိနိုင်ငံ အခြေအနေနှင့် ကိုက်ညီမည့် အချက်အလက်များကို ထည့်သွင်းစဉ်းစားကာ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ်ကို ရေးဆွဲပြုစုနိုင်မည်ဆိုလျှင် နိုင်ငံတကာကျင့်သုံးမှုများနှင့် လိုက်လျောညီထွေမှုရှိသည့်အပြင် မိမိနိုင်ငံ၏ အလုပ်သမားများသာမက အလုပ်ရှင်များကပါ ပိုမိုယုံကြည်အားကိုးမှုများ ရရှိလာနိုင်မည် ဖြစ်သည့်အတွက် လူမှုဖူလုံရေးဥပဒေသစ်တစ်ရပ် ရေးဆွဲပြုစုရန်နှင့် ဤဥပဒေမူကြမ်းကို နောင်လာမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးများ၌ တင်ပြဆွေးနွေး အတည်ပြုနိုင်ရေး အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က **မြန်မာနိုင်ငံ လူမှုဖူလုံရေးဥပဒေကို ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ အာမခံ အလုပ်သမားများ၏ မမာမကျန်းမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ လုပ်ငန်းခွင် မတော်တဆမှုများနှင့် အလုပ်နှင့်ဆိုင်သည့်ရောဂါများ ဖြစ်ပွားသည့်အခါ အခမဲ့ဆေးကုသမှုများ ပေးသည့်အပြင် အလုပ်မလုပ်နိုင်သည့် ကာလများအတွက် ငွေကြေးအကျိုးခံစားခွင့်များကိုလည်း ခံစားခွင့်ပြုလျက်ရှိပါကြောင်း၊ အရေးပေါ်ကိစ္စကြောင့် လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများတွင် မပြသနိုင်သဖြင့် ပြင်ပဆေးရုံ၊ ဆေးခန်းများတွင် ကုသခဲ့ရပါကလည်း ကုန်ကျခဲ့သည့် ဆေးဖိုးငွေများကို ပြန်လည်ထောက်ပံ့ပေးလျက် ရှိပါကြောင်း။**

စောင့်ရှောက်ပေး

အမျိုးသမီးအလုပ်သမားများ ကိုယ်ဝန်ဆောင်သည့်အခါ ရက်သတ္တ (၁၂) ပတ် အနားယူခွင့်ရှိပြီး မီးဖွားမှုဆိုင်ရာ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးပါကြောင်း၊ အလုပ်သမားဆေးရုံကြီးများတွင် အခမဲ့ မီးဖွားပေးသည့်အပြင် မွေးကင်းစကလေးကိုလည်း (၆)လအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းခွင် ထိခိုက်မှုကြောင့် မသန်မစွမ်းမှုများဖြစ်သည့်အခါ ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်နှင့် အမြဲတမ်းမသန်စွမ်းမှု ပင်စင်များကိုလည်း ထုတ်ပေးပါကြောင်း။

ထိုကဲ့သို့ အကျိုးခံစားခွင့်များ ဆောင်ရွက်ပေးနေသော်လည်း လက်ရှိ ကျင့်သုံးနေသော ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေသည် ယခုခေတ်နိုင်ငံအချို့၏ လူမှုဖူလုံရေးစီမံကိန်းများတွင် ခံစားခွင့်ရှိသည့် အခြားသော အကျိုးခံစားခွင့် အမျိုးအစားများကို ခံစားခွင့်ပြုရန် လိုအပ်နေသေးခြင်း၊ ရရှိသည့် အကျိုးခံစားခွင့် ငွေပမာဏများမှာလည်း ခေတ်ကာလ အခြေအနေနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသေးခြင်း၊ စီမံကိန်းကာလ (၅၅)နှစ်ကျော်ပြီဖြစ်သော်လည်း အကျုံးဝင်အလုပ်ဌာန သုံးသောင်းခုနစ်ထောင်ကျော်နှင့် အာမခံအလုပ်သမား ငါးသိန်းနှစ်သောင်းကျော်သာရှိနေသေးခြင်း အစရှိသည့် အားနည်းချက်များကို တွေ့ရှိရပါကြောင်း၊ ယင်းအခြေအနေသည် စီမံကိန်းအပေါ် အလုပ်ရှင်နှင့် အလုပ်သမားများက အားကိုးယုံကြည်မှု ထိုက်သင့်သလောက် မရရှိသေးသည်ကို ဖော်ပြနေပါကြောင်း။

အာဆီယံနိုင်ငံအများစု၏ လူမှုဖူလုံရေးစီမံကိန်းများတွင် မိမိနိုင်ငံ၌ ကျင့်သုံးလျက်ရှိသည့် အခြေခံလူမှုဖူလုံရေး အကျိုးခံစားခွင့်များဖြစ်သည့် မမာမကျန်းမှု၊ မီးဖွားမှုအကျိုးခံစားခွင့်၊ သေဆုံးမှုအတွက် အသုဘစရိတ်၊ လုပ်ငန်းခွင် မတော်တဆမှုနှင့် အလုပ်နှင့်ဆိုင်သည့် ရောဂါများအတွက် ယာယီမသန်စွမ်းမှု အကျိုးခံစားခွင့်၊ အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း၊ လစဉ်ပင်စင်များအပြင် သက်ကြီးပင်စင် အကျိုးခံစားခွင့်များ ခံစားခွင့်ပြုနေကြသည်ကို တွေ့ရပါကြောင်း၊ သက်ကြီးပင်စင် အကျိုးခံစားခွင့် ပြုခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိက လုပ်ငန်းများမှ အလုပ်သမားအင်အား ၃ ဒသမ ၆ သန်းကျော်တို့အတွက် နောင်ရေးအာမခံချက်နှင့် ဘဝလုံခြုံမှုတို့ ရရှိစေနိုင်ပါကြောင်း၊ အလားတူ အလုပ်လက်မဲ့ အကျိုးခံစားခွင့်ကိုလည်း နိုင်ငံအများအပြားတွင် ခံစားခွင့်ပြုနေသည်ကို တွေ့ရပါကြောင်း၊ အာမခံအလုပ်သမား၏ မှီခိုသူမိသားစုများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း နိုင်ငံအနည်းငယ်မှလွဲ၍ ကျန်နိုင်ငံအများစုက ခံစားခွင့်ပြုနေသည်ကို တွေ့ရပါကြောင်း၊ သေဆုံးမှုအတွက် အသုဘစရိတ်အပြင် သေဆုံးမှု ထောက်ပံ့ကြေးကိုလည်း ခံစားခွင့်ပြုနေသည်ကို တွေ့ရပါကြောင်း၊ ယင်းအချက်များကြောင့် မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးဥပဒေကို တိုးတက်သော ခံစားခွင့်များ ပေးနိုင်ရေးအတွက် အသစ်ပြင်ဆင်ရေးဆွဲသင့်သည်ဟု သုံးသပ်တင်ပြအပ်ပါကြောင်း။

ဘဝလုံခြုံမှုရရှိ

အာဆီယံနိုင်ငံများ၏ လူမှုဖူလုံရေး ဥပဒေ စတင်ပြဋ္ဌာန်းခဲ့ခြင်း၊ ပြင်ဆင်ခဲ့ခြင်းများနှင့် နောက်ဆုံး အတည်ပြုကျင့်သုံးနေခြင်းတို့ကို လေ့လာခဲ့ရာတွင် နိုင်ငံအများစုသည် မူလစတင်ပြဋ္ဌာန်းခဲ့သည့် လူမှုဖူလုံရေးဥပဒေကို အနည်းဆုံး တစ်ကြိမ်စီ ပြင်ဆင်ခဲ့ကြပြီးဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ မလေးရှားနိုင်ငံသည် ၁၉၆၉ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်း (၂)ကြိမ် အသစ်ပြင်ဆင်ရေးဆွဲခဲ့ပြီး ဘရူနိုင်းနိုင်ငံသည် ၁၉၈၄ ခုနှစ်၊ ၁၉၉၂ ခုနှစ်နှင့် နောက်ဆုံး ၁၉၉၅ ခုနှစ်အထိ (၃)ကြိမ် အသစ် ပြုပြင်ရေးဆွဲခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ မိမိနိုင်ငံ၏ လူမှုဖူလုံရေးဥပဒေကိုလည်း မျက်မှောက်ခေတ်နှင့် ဆီလျော်ညီညွတ်မှုရှိစေရေးအတွက် အသစ်ပြန်လည်ရေးဆွဲရန် လိုအပ်ပြီဟု သုံးသပ်ရရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က သဘောတူ ခွင့်ပြုမည်ဆိုလျှင် အလုပ်သမားဝန်ကြီးဌာနသည် လွှတ်တော်ကိုယ်စားလှယ်များမှ Possibility Thinking ဖြစ်နိုင်ခြေရှိမှု စဉ်းစားတွေးခေါ်ခြင်းဖြင့် ထောက်ခံထားသည့်အတိုင်း လူမှုဖူလုံရေး ဥပဒေအသစ် (မူကြမ်း) တစ်ရပ်ကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်စပ်နေ

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက မရမ်းကုန်းမဲဆန္ဒနယ်မှ ဦးပွင့်ဆန်း၏ အဆိုအပေါ် ဆွေးနွေးသူ (၄)ဦးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာရှင်းလင်း ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ဆွေးနွေးသည့် အကြောင်းအရာများသည် ယနေ့နိုင်ငံတကာ၌ ရေပန်းစားနေသည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်လည်း ဆက်စပ်နေပါကြောင်း၊ ယခုတင်သွင်းသည့်အဆိုသည် ဆောင်ရွက်သင့်ပြီး ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့်အတွက် လွှတ်တော်က အတည်ပြုရန်လိုအပ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းအဆိုကို အတည်ပြုနိုင်ရန် ကိစ္စအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ သဘောတူသည့်အတွက် ဦးပွင့်ဆန်း၏ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်က အသစ်တင်သွင်းသော အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူသည်။

ရေးဦးစွာ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက “**အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေ(မူကြမ်း)တစ်ရပ်ကို လာမည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန်**” အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ကျောက်တန်း မဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်က ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၂၂ ရက်(အင်္ဂါနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၃) ရက်မြောက်နေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

လွန်စွာအရေးကြီး

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **ယနေ့အစည်းအဝေး၌ ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းသို့ ဆွေးနွေးရာ၌ ဦးစောသိန်းအောင်၏ မေးခွန်းသည် ကရင်ပြည်နယ် တစ်ခုတည်းသာမက နိုင်ငံတစ်ဝန်းလုံးနှင့်လည်း သက်ဆိုင်ပါကြောင်း၊ ထို့ကြောင့် ယခင် မိမိတာဝန်ထမ်းဆောင်စဉ်က ကချင်ပြည်နယ်ရှိ ပြည်သူများက ပြောကြားခဲ့သည်ကို ပြန်ပြောင်းပြောပြလိုပါကြောင်း၊ ထိုစဉ်က ကချင်လက်နက်ကိုင်များနှင့် တပ်မတော်တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့ပြီး နှစ်ဖက်သေဆုံး ကျဆုံးသူများစွာ ရှိခဲ့ပါကြောင်း၊ ၄င်းနှစ်ဖက် ကျဆုံးခဲ့သည့် ရုပ်အလောင်းများကို အချင်းချင်းဆက်စပ်သွားမည်ဆိုပါက တနိုင်းမြစ်ကြီးနားအထိ မိုင် (၁၀၀) ကျော်သည့်တိုင် ဆုံးနိုင်ဖွယ်ရာ မရှိပါကြောင်း၊ နောက်ပိုင်းတွင် ငြိမ်းချမ်းရေးများရယူနိုင်ခဲ့ရာ ကချင်ပြည်နယ်တွင် သွားရေးလာရေးချောမွေ့ပြီး လုံခြုံမှု၊ အေးချမ်းမှု အပြည့်အဝရှိလာခဲ့ပါကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရကိုလည်းကောင်း၊ နားလည်မှုအပြည့်ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ကချင်ညီအစ်ကိုများကိုလည်းကောင်း အထူး ကျေးဇူးတင်ပါသည်ဟူ၍ ဒေသခံ ကချင်ပြည်သူများက ပြောခဲ့ကြပါကြောင်း၊ ဤသည်မှာ ငြိမ်းချမ်းရေးကို နိုင်ငံတော်က လိုလားသည့်နည်းတူ ပြည်သူအားလုံးက လိုလားလျက်ရှိသည်ကို ဖော်ပြနေခြင်းပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံသစ်တည်ဆောက်ရာတွင် အပြည့်အဝငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်သူများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ သက်ဆိုင်သူများအားလုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း**ဖြင့် နိဂုံးချုပ် ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

မှုခင်းကျဆင်းရေးနှင့် မီးဘေးကာကွယ်ရေး ရွှေကူ၌ ဟောပြောပွဲများကျင်းပ

ရွှေကူ မတ် ၂၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် နောင်မိုကျေးရွာ အမကကျောင်း၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှဌေးအောင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးတင်မောင်တိုး၊ လက်ထောက်ပညာရေးမှူး ဦးတိုးတိုးအောင်၊ တောအုပ်ဦးညီညီအောင်၊ စိုက်ပျိုးရေး ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး ဦးယော်ထုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းသက်လင်းတို့ ပါဝင်သည့်အဖွဲ့သည် ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး မှုခင်းကျဆင်းရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး ဟောပြောပွဲများပြုလုပ်၍ ကျေးရွာမှတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (၀၇၃)

ခြင်ဆေးမီးပွား သေးငယ်ကြား ဒုက္ခများစွာ ပေးလိမ့်မည်

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ စည်ပင်သာယာဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို မတ် ၁၈ ရက်က အဆိုပါ ဈေးအရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဇော်ဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်သန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပေ၁၈၀နှင့်အထက် ၂၆၂စင်းမြောက် ဆားတောတံတားမိုင်းကိုင်၌ဖွင့်

နေပြည်တော် မတ် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူတည် ဆောက်သည့် မိုင်းကိုင်မြို့နယ် ပန်ကေတု-သီပေါလမ်းပေါ်ရှိ ဆား တောချောင်းကိုဖြတ်၍ တည်ဆောက် ပြီးစီးခဲ့သော ပေ ၁၈၀နှင့်အထက် ၂၆၂စင်းမြောက် ဆားတောတံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ ရက် နံနက် ပိုင်းက အဆိုပါတံတားအနီးရှိ မင်္ဂလာ မုခ်ဦး၌ကျင်းပရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြထွန်းဦးနှင့် တာဝန်ရှိသူတို့က ဆား တောတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး တိုင်းမှူးက ဆားတော တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင် ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သည့် ဆားတော တံတား**(အောက်ပုံ)**မှာ တံတားအရှည် ပေ၃၆၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ပေနှင့် လူသွားလမ်း အကျယ်တစ်ဖက် လျှင်သုံးပေစီပါရှိကာ တံတားအောက် ခြေ ကိုးပေအချင်းရှိ သံကူကွန်ကရစ် ရေတွင်းခွေနှင့် လေးပေအချင်းရှိ အုတ် မြစ်အမျိုးအစားနှင့် တံတားအပေါ် ထည်မှာ သံကူကွန်ကရစ်ရက်မ၊ သံကူ ကွန်ကရစ် ကြမ်းခင်းတို့ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုယာဉ်အလေး ချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခု တံတားသစ်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀နှင့် အထက် ၂၆၂စင်းမြောက် တံတားဖြစ်ပြီး ပြည်ထောင်စုလမ်းမကြီး ဖြစ်သည့် လွိုင်လင်-ပန်ကေတု-သီပေါ လမ်းပေါ်တွင်ရှိ၍ ရှမ်းပြည် နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ကို ပိုမိုတိုးတက် ကောင်းမွန်စွာ ဆက်သွယ်နိုင်တော့ မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၀၁၁)ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

"တီဘီရောဂါကင်းဝေးရေး၊ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေး"

"On the move against Tuberculosis, transforming the fight towards elimination"

မတ်လ (၂၄)ရက် **24th March**

မတ်ပဲပန်းတိုင်အထွက်နှုန်းတိုးရေး ကြံခင်းမြို့နယ်၌ စံကွက်ရိတ်သိမ်း

ကြံခင်း မတ် ၂၁

ကြံခင်းမြို့နယ်၏ မတ်ပဲသီးနှံပန်းတိုင်အထွက်နှုန်းတိုးရေး စံကွက်ရိတ်သိမ်း ပွဲကို မတ် ၁၃ရက် နံနက် ၈နာရီက ခုံကြီးကျေးရွာအုပ်စု လက်ပံကွင်းကျေးရွာ ကွင်းအမှတ် (၉၃) လယ်သမား ဦးကျော်ဝင်း၏ လယ်မြေ ၃ဒသမ၉၅ဧကေ၌ ကျင်းပရာ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း၊ အတွင်းရေးမှူး ဦးသန်းစိုးဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှသိန်း၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမြအေးအောင်၊ မြို့နယ်စိုက်တိုးမြှင့်ကော်မတီဝင်များ၊ မြန်မာ့ဩဘာလုပ်ငန်းစု ဒေသမန်နေဂျာ ဦးဌေးဦးနှင့် တာဝန်ရှိသူများ၊ ခုံကြီး ကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာအုပ်စုများမှ ကျေးရွာဥက္ကဋ္ဌများနှင့် မတ်ပဲ စိုက်တောင်သူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

မတ်ပဲသီးနှံ ပန်းတိုင်အထွက်နှုန်း စံကွက်ရိတ်သိမ်းခဲ့ရာ ရေဆင်း-၃ တစ်ဧကေ ၃၉ဒသမ၀၆တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(စိုက်ပျိုးရေး)

မှတ်ပုံတင်သက်တမ်းလွန်၊ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်းကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုး အာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက် ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါး များသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိခြင်း၊ မှတ်ပုံတင်သက်တမ်းလွန်သည့် ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေး အပ်ပါသည် -

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁	ခြင်္သေ့နရသုခနလုံးငြိမ်သွေးဆေးကြီး	ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။	မှတ်ပုံတင်မရှိ
၂	ကြယ်အမှတ်တံဆိပ် ဘီးစပ်ဆီ	လွိုင်ကော်မြို့၊ ကယားပြည်နယ်။	မှတ်ပုံတင်မရှိ
၃	သိမ်ဖြူ၊ ချွဲကျေသလိပ်နိုင်ဆေးလုံး	အမှတ်(၂၈)၊ ကုန်သည်လမ်း၊ ဈေးပိုင်းရပ် တောင်ကြီးမြို့။	မှတ်ပုံတင်မရှိ
၄	စံပြလေကျုပ်၊ ပန်းနာရင်ကျပ် သူငယ်နာချွဲကျေသောက်ဆေး	ဦးအောင်ဖေ၊ ဒေါ်တင်အေးနှင့်သားသမီး များ၊ မြောင်မြို့။	မှတ်ပုံတင် သက်တမ်းလွန်
၅	ရွှေကြိုးကြာ ယားနာပျောက်ဆေး	အမှတ်(၃၄)၊ မကြီးကြီးလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ စမ်းချောင်း။ ရန်ကုန်မြို့။	မှတ်ပုံတင် သက်တမ်းလွန်

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ မှတ်ပုံတင်သက်တမ်းလွန်သော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေး ပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီ ဆေးဝါးများကို ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပုသိမ်မြို့ (၁၃)ရပ်ကွက် မဥ္စူ လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း အား အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းရာဇာထွန်းနှင့်အဖွဲ့ဆောင်ရွက် နေမှုကို မတ် ၁၅ ရက်က အမှုဆောင် အရာရှိ ဦးနေထက်ရှိန်နှင့် အင်ဂျင် နီယာမှူး ဦးစတင့်ဝေတို့ ကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

News Watch သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၂၁

ကျပ် ၅၅ သိန်းတန် ချယ်ရီဝက် ဝွန်ကား နေပြည်တော်မှာ လျှောက် ထားနိုင်၊ မြန်မာ့လေကြောင်းမှ လေယာဉ်မယ်တွေ ခေါ်ယူနေ၊ ယခု နှစ် သင်္ကြန်မဏ္ဍပ်တွေမှာ လုံခြုံရေး ဝန်ထမ်းများအတွက် လုံခြုံရေးတာဝန် များ သတ်မှတ်၊ မတ်လမှာ ပုံမှန် မဟုတ်တဲ့ မိုးတွေရွာလို့ ဘာတွေ နောက်ဆက်တွဲဖြစ်ဦးမလဲ၊ ဂျပန် န္ယူကလီးယားစက်ရုံ ပေါက်ကွဲမှု ကြောင့် မြန်မာမှာ မထိခိုက်နိုင် ကြောင်း ဦးထွန်းလွင် ရှင်းလင်း၊ ရခိုင် ကမ်းမြောင်ဒေသမှ ရေနံစွမ်းအင်၊ မလေးရှားနိုင်ငံမှ ကားဆားဗစ်စင်တာ လာရောက် ဖွင့်လှစ်ရန်စီစဉ်၊ တိုးချဲ့ ဗဟိုစံပြ ငါးဈေးသစ်ကြီး ဖူလိုင် လကုန်ခန့်တွင် ဖွင့်လှစ်ရန်မျှော်မှန်း၊ နွေရာသီကာလအတွင်း ယာဉ်မောင်း များလိုက်နာရန် အချက်များထုတ်ပြန်၊ ဆူနာမီဖြစ်ပွားပြီး သုံးရက်အကြာ အပျက်အစီးပုံမှ လေးလအရွယ်ကလေး ငယ် မသေဘဲတွေ့ရှိ၊ ပင်လယ်တွင်း နှစ်ရက်ကြာ မျောပါနေခဲ့သည့် အမျိုး သမီးကြီး အသက်ရှင်လျက် တွေ့ရှိ၊ ဂျပန်ငလျင်နှင့် ဆူနာမီနှင့် တွေ့ကြုံ ခဲ့ရသည့် နေတိုး၏ ပြောပြချက်၊ ဒဏ္ဍာရီ ဆန်ဆန် ပျောက်ဆုံးနေခဲ့ သော အတ္တလန္တစ်မြို့ကြီးကို သုတေ သနအဖွဲ့က ရှာဖွေတွေ့ရှိ၊ ဩစတြီးယား စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ သို့ လာမည်၊ လေပြင်းတိုက်ခတ်၍ ဧရာဝတီတိုင်းဒေသကြီးမှာ နေအိမ်များ ပျက်စီး၊ မြန်မာ့သတင်း၊ ကမ္ဘာ့သတင်း များနှင့် News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၆) ထွက်ရှိပြီဖြစ်သည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်

ရေနံချောင်းမြို့နယ် ရွာသစ်ရပ်ကွက်၌ အရှည် ပေ ၁၁၅၀ ၊ အကျယ် ၁၂ပေရှိ ရေခဲစက်အဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် မြို့မိမြို့ဖ ဦးကြည်ဇင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၁

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများကို ယနေ့ညနေပိုင်းတွင် နေပြည်တော်လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ဆက်လက်ကျင်းပကြသည်။ အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီလုပ်ငန်းများ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၁

ပထမအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ၏ အစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ဆက်လက်ကျင်းပကြသည်။ အစည်းအဝေးများသို့ သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီလုပ်ငန်းများ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းဆောင်ရွက်

နေပြည်တော် မတ် ၂၁

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်က အသစ်တင်သွင်းသော အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူသည်။

အဆိုတင်သွင်း

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပေါ်လျှံလွင်က **"ဘုံတလာရေတံခွန်တွင် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံ တည်ဆောက်ပေးပါရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် အမျိုးသားလွှတ်တော်၏ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားသည့်အခါတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

မကွေးစက်မှုနယ်မြေရှိ စက်ရုံနှင့် တည်ဆောက်ရေးလုပ်ငန်းများ

စက်မှု(၂)ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် မတ် ၂၀ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးရှိ မကွေးစက်မှုနယ်မြေသို့ သွားရောက်ပြီး အမှတ်(၁၃) အထွေထွေ အကြီးစား စက်ရုံကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လက်ရှိထုတ်လုပ်မှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် Heavy Turbo Truck များ ထုတ်လုပ်မှုအခြေအနေ၊ Transmission Plant စက်များ စမ်းသပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စက်မှုနယ်မြေအတွင်း ဝန်ထမ်းများ၏ကျန်းမာရေး စောင့်ရှောက်မှု လွယ်ကူစေရန် တည်ဆောက်ပြီးစီးလုဖြစ်သော (၁၆)ခုတင် ဆေးရုံနှင့် ဖွင့်လှစ်ရန်လျာထားသော စက်မှုသင်တန်းကျောင်း(မကွေး) အပြီးသတ်တည်ဆောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Golden Co Co
ရွှေအုန်းပင်
သန့်စင်ပြီးအုန်းဆီမွှေး
သံလွင်ဆီမွှေး
ဆုမဲ များကို (၃၁.၅.၂၀၁၁) ရက် အထိ လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။
MYANMAR GOLDEN SKY CO., LTD. 19/21, 62nd Street, Botataung Township, Yangon, Myanmar. ☎ 095-01-299260, 291273, 09 73065177

English for Myanmar
Present – Practice – Produce (PPP)
Elementary Level / Intermediate Level နှင့် Advanced Level
10%

MYINT THU HTET
BEST

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပါမောက္ခဦးခင်မောင်ဝင်းနှင့် ဒေါက်တာဒေါ်ခင်လေးရီတို့၏မြေးဦး၊ မောင်ဇေယျာဝင်းနှင့် မနှင်းနှင်းဝင်းတို့၏ သားဦးရတနာလေး **နိုင်လင်းဝင်း (ခ)လမင်းလေး**ကို ၁၉-၃-၂၀၁၁ရက်တွင် စင်ကာပူနိုင်ငံ စင်ကာပူ အထွေထွေဆေးရုံကြီး (Singapore General Hospital - SGH) တွင် အောင်မြင်ချောမောစွာ မွေးဖွားကြောင်း သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။ **လမ်း(၃၀) ဆေးခန်း ဝန်ထမ်းမိသားစု။**

KHAING KHAING SANG DA MOTORCAR FACTORY
(31.3.2011) (Customer)
(1.4.2011) Sedona Hotel
(18.3.2011) (31.3.2011)
KHAING KHAING SANG DA MOTORCAR
Show Room Service Center

KHAING KHAING SANG DA MOTORCAR FACTORY
No. 78/80, Thanduan Industrial Zone (3/4), ShwePyithar Tsp, Yangon.
KHAING KHAING SANG DA MOTORCAR SHOWROOM
No. 148, Pyay Road, (A-1 ...), Mayangone Tsp, Yangon.

မရမ်းကုန်း၌ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ပေါ်တော်မူလမ်းထိပ် (ကုလားကျောင်းမှတ်တိုင်အနီး)၌ ရန်ကုန်-အင်းစိန်လမ်းမကြီး အရှေ့မှအနောက်သို့ ဖြတ်သန်း၍ သွယ်တန်းထားသော ကေဗွီ ၆၆၀၀ ဗို့ ဆားဗစ် ကြိုးတစ်ကြိုးပြုတ်ကျရာ မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ဈေးလမ်းနှင့် ကျောက်ပြားစက်လမ်းထောင့်နေ အဖ ဦးခင်ကြည်၏သား ဦးအောင်မျိုးသူ အသက် (၃၅)နှစ်သည် မတ် ၂၁ ရက် နံနက် ၉ နာရီခန့်က အဆိုပါ ပြုတ်ကျနေသည့် ဓာတ်ကြိုးကို ရှင်းလင်းဖယ်ရှားရာမှ ဓာတ်ကြိုးကိုင်မိလျက် နေရာ၌ပင် ဓာတ်လိုက်သေဆုံးသွားသည်။

စစ်ဆေးမှုပြုလုပ်

အခင်းဖြစ်ရာသို့ ဘုရင့်နောင်ရဲစခန်း နယ်ထိန်း ဒုတိယရဲအုပ်စိုးမြင့်နိုင်နှင့်အဖွဲ့၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ စစ်ဆေးမှုပြုလုပ်ကာ သေဆုံးသူအား မြောက်ဥက္ကလာပဆေးရုံသို့ ပေးပို့ခဲ့ကြောင်း သိရှိရသည်။ **(၀၁၅)**

ပင်လယ်ပြင်၌ အန္တရာယ်ကြုံတွေ့ခဲ့ရသော ရေလုပ်သားများအား ရှာဖွေကယ်ဆယ်ပြီး နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့

နေပြည်တော် မတ် ၂၁

၂၀၁၁ ခုနှစ် မတ် ၁၄ ရက်မှ ၁၇ ရက်အတွင်း ရုတ်တရက် ရာသီဥတုဆိုးရွားစဉ် ပင်လယ်ပြင်လုပ်ငန်းခွင်၌ ရောက်ရှိနေသော ငါးဖမ်းလှေ (၁၇)စီးနှင့် ပုစွန်ဖောင်များ နစ်မြုပ်ပျက်စီးကာ ပင်လယ်ပြင် အန္တရာယ် ကြုံတွေ့ခဲ့ရသည့် ရေလုပ်သားများအား ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ တပ်မတော်(ရေ) စစ်ရေယာဉ်များ၊ ပင်လယ်ပြင်အတွင်းရှိ ငါးဖမ်းရေယာဉ်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများက စုစုပေါင်း ရေလုပ်သား (၃၃၇၄) ဦးအား ကယ်ဆယ်ရရှိခဲ့ကြောင်း၊ ၎င်းရေလုပ်သားများအနက် ရေလုပ်သား (၃၁၅၂) ဦးအား သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ကျန်ရှိနေသော ရေလုပ်သား (၂၂၂) ဦးအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သော ဆေးဝါးကုသမှုများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများဖြင့် ထောက်ပံ့ကူညီ စောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေ့ညမဟူ သတိမူ ရန်သူမျိုးကိုသာ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းအသုံးပြုခကောက်ခံရေးလုပ်ငန်းများအတွက်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ လမ်းအသုံးပြုခကောက်ခံရေးဂိတ်စခန်း ၁၅ ခုနှင့် တံတားအသုံးပြုခကောက်ခံရေးဂိတ်စခန်း ငါးခုတို့၏ လမ်း၊ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် ၁-၄-၂၀၁၁ရက်မှ ၃၁-၃-၂၀၁၂ရက်အထိ လုပ်ပိုင်ခွင့်လိုင်စင်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်သူတိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ၂၅-၃-၂၀၁၁ ရက် နံနက် ၉နာရီတွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

လမ်းအသုံးပြုခကောက်ခံရေးဂိတ်စခန်းများစာရင်း-

၁။ မုံရွာခရိုင် - စစ်ကိုင်း-မုံရွာ-ရေဦးလမ်း - မုံရွာဂိတ်
၂။ မုံရွာခရိုင် - စစ်ကိုင်း-မုံရွာ-ရေဦးလမ်း - ရေအိုးစင်ဂိတ်
၃။ မုံရွာခရိုင် - ချောင်းဦး-ပခုက္ကူလမ်း - ချောင်းဦးဂိတ်
၄။ မုံရွာခရိုင် - မုံရွာ-ယာကြီးလမ်း - လက်ခုပ်ပင်ဂိတ်
၅။ မုံရွာခရိုင် - မုံရွာ-ယာကြီးလမ်း - ယာကြီးဂိတ်
၆။ မုံရွာခရိုင် - မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်း - အရာတော်ဂိတ်
၇။ မုံရွာခရိုင် - မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း - ပုလဲဂိတ်
၈။ ရွှေဘိုခရိုင် - မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်း - လှတောဂိတ်
၉။ ရွှေဘိုခရိုင် - မုံရွာ-ရေဦးလမ်း - ရေဦးဂိတ်
၁၀။ ရွှေဘိုခရိုင် - မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်း - ရွှေဘိုဂိတ်
၁၁။ ရွှေဘိုခရိုင် - ရွှေဘို-မြစ်ကြီးနားလမ်း - စပယ်နံ့သာဂိတ်
၁၂။ ကသာခရိုင် - ရွှေဘို-မြစ်ကြီးနားလမ်း - အင်းတော်၊ ကသာ၊ နန့်စီအောင်ဂိတ်
၁၃။ ကသာခရိုင် - တကောင်း-သာယာကုန်းလမ်း - မြတောင်ဂိတ်
၁၄။ ကသာခရိုင် - ရွှေဘို-မြစ်ကြီးနားလမ်း - ကျောက်တန်းဂိတ်
၁၅။ ကလေးခရိုင် - ကလေး-ကလေးဝ-ကျီကုန်း-တမူးလမ်း - အင်ဒိုင်းကြီး၊ ကျီကုန်း၊ ပန်းသာဂိတ်

တံတားအသုံးပြုခကောက်ခံရေးဂိတ်စခန်းများစာရင်း

၁။ မြောက်ယမားချောင်းတံတား(စီမံကိန်းဝင်) - မုံရွာခရိုင်
၂။ မဲဇာတံတား(စီမံကိန်းဝင်) - ကသာခရိုင်
၃။ သမရိုးတံတား(သာမန်) - ရွှေဘိုခရိုင်
၄။ ပန်းမွှန်ချောင်းတံတား(သာမန်) - ကလေးခရိုင်
၅။ ကမ္ဘားနီတံတား(သာမန်) - ကလေးခရိုင်

၂။ ဂိတ်တစ်ခုချင်းအလိုက် ချိပ်ပိတ်တင်ဒါတင်သွင်းခွင့်လျှောက်လွှာများကို အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ၂၁-၃-၂၀၁၁ ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ချိပ်ပိတ်တင်ဒါတင်သွင်းလွှာများကို အင်ဂျင်နီယာမှူးကြီးရုံး၌ ၂၄-၃-၂၀၁၁ ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီ နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။

၃။ အာမခံကြေးတင်သွင်းရမည့်ငွေအား မြန်မာ့စီးပွားရေးဘဏ်၊ မုံရွာမြို့တွင်ပေးသွင်းရမည်ဖြစ်ပြီး အာမခံတင်သွင်းရမည့် ငွေကြေး၊ ချိပ်ပိတ်တင်ဒါတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၅၄၁၊ ၀၇၁-၂၃၇၈၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံရောင်းချရေးကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ျ/၁၄၆၅ Landrover 81 Jeep (4x4) ® ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၁၃/ကပတန(နိုင်)၀၀၂၁၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေး။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈C/၆၈၅၇ Super Mann Model III Jeep(4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးညီညီ ၁၃/လရန(နိုင်)၁၃၆၀၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေး။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၆၅၇၆၅ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းသူ ၉/မလန(နိုင်)၁၃၀၂၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ မိတ္ထီလာ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာစည်မြို့နယ်တရားသူကြီးရုံးတော်၌

၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၄

ဦးပေါက်ကျော် **နှင့်** ၁။ ဦးကျော်ညွန့်
၂။ ဒေါ်အေးအေးချို

တရားလို **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဘူးရုံအုပ်စု၊ ချောက်ခွဲကျေးရွာနေ ဦးကျော်ညွန့် ၉/သစန(နိုင်)၁၃၃၇၉၇ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပုလဲခတ်မြေသြဇာဖိုးငွေကျပ် ၁၈၂၀၀၀၀ ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဧပြီ ၈ရက် (၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်၍ စစ်ဆေးပေးသွားမည် ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်မွေး
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးတိုင်းဒေသကြီးတရားရုံး

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၃၈

ဦးသောင်းနိုင် **နှင့်** ၁။ ဒေါ်အေးမွေး
၂။ ဦးမာလ
၃။ ဦးထင်ရှန်း

တရားလို **တရားပြိုင်များ**

မိုးကုတ်မြို့၊ ပိတ်ဆွယ်ရပ်နေ ဦးထင်ရှန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးသောင်းနိုင်က တရားပြိုင်(၁)ထံမှ တရားလိုချေးယူငွေများ ပြန်လည်ပေးဆပ်စေ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်များကို ပယ်ဖျက်ပြီး ပိုင်ဆိုင်မှုပြဂရန် စာချုပ်စာရွက်စာတမ်းများ လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် မတ် ၃၁ရက် (၁၃၇၂ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မတ် ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဖြိုးဖြိုးအေး
တွဲဖက်တိုင်းတရားသူကြီး(၃)
မန္တလေးတိုင်းဒေသကြီးတရားရုံး။

Air- Con
အဟောင်းအပျက်များ၊ ဈေးကောင်းပေးဝယ်သည်။ ကိုမောင်မောင်တင် ဖုန်း-၀၉-၅၀၈၅၈၅၀၊ ၀၉-၇၃၀၉၅၉၅၀။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၁၅၆၅ ရွှေသမင် G.B.S 02/ သုံးဘီးယာဉ် လက်ဝယ်ရှိသူ ဦးစိုးမြင့် ၅/စကန(နိုင်)၀၀၉၁၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေး။

မီးသတိပြု



လူကုန်ကူးမှု တားဆီးကာကွယ်ရေး
ကျိုင်းလပ်မြို့တွင် သင်တန်းဖွင့်

တာချီလိတ် မတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး (အထူး)အဖွဲ့နှင့် ဝေါလ်ဗွီးရှင်းမြန်မာ (တာချီလိတ်)တို့ ပူးပေါင်းဖွင့်လှစ်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက်က ကျိုင်းလပ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။ အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အမှာစကားပြောကြားပြီး **(အောက်ဝဲပုံ)** ကျိုင်းလပ်မြို့ စခန်းမှူး ရဲအုပ်ဌေးလွင်က လူမှောင်ခို/လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ သင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး(အထူး)အဖွဲ့မှ ရဲအုပ်ရင်ရင်အေး၊ ဒုတိယရဲအုပ်မင်းခိုင်နှင့် ဝေါလ်ဗွီးရှင်းမြန်မာမှ စီမံချက်မန်နေဂျာ ဦးညွန့်အောင်တို့က ဖေဖော်ဝါရီ ၂၈ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် မျိုးသန့်ပြန့်ပွားရေး ပညာပေး

သနပ်ပင် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ဈေးပိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၈၅၈-ခ)ရှိ တောင်သူ ဦးအောင်မောင်း၏ နှမ်းစပါး၂၃ဧက စိုက်ကွက်အတွင်း နှမ်းစပါးစိုက်ပျိုးသူတောင်သူများအား ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်မျိုးသန့်ပြန့်ပွားရေး ပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ပညာပေးဆွေးနွေးပွဲတွင် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်တင်ထွေးက စိုက်ခင်းအတွင်း ပိုးမွှားရောဂါကျရောက်မှု အခြေအနေကို လက်တွေ့ရှင်းလင်းပြသကာ **(ဝဲပုံ)** ဆောင်ရွက်ရမည့် ကာကွယ်နှိမ်နင်းနည်းများကို ပညာပေးဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးရဲကိုကိုက မျိုးသန့်ပြန့်ပွားရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ပြောကြားခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၁

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃) ဦး ရှိသည့်အနက် (၂၂၀) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့်

စာမျက်နှာ ၆ ကော်လံ ၄ ❐

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု

မောင်ဝံသာနု၏

" ထို့ကြောင့် ....ဤသို့ တပ်မတော်ကို ပြည်သူတို့က ကျေးဇူးတင်နေကြပါသည် "

ဆောင်းပါး စာ - ၃